
www.burmeseclassic.com



# ကိုငြိမ်းဦး

# ချစ်သူသူရဲကောင်း

digital Art Antt bwere Zin

www.burmeseclassic.com

www.burmeseclassic.com

## ကိုမြင့်ဦး

# ချစ်သူ သူ့ရဲ့ကောင်း

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၈၈)၊ ဒုထပ်(ညာ)၊ ၃၈-လမ်း၊
ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ကိုငြိမ်းဦး၏ စာအုပ်အမှတ်စဉ် (၉)

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀၉၅၅၀၈၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀၁၄၀၀၂၀၈ |

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | အံ့ဘွယ်ဝင်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြ - ၀၁၉၉၀၀) |
| | | ၈၈၊ ၃ထပ်(ဘ)၊ ၃၈လမ်း ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွာပုံနှိပ်တိုက်) |
| | | ၈၀/ခ သံလွင်လမ်း ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြည်ကြည်မွေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ခုနှစ် မတ်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |




## (၁)

မှတ်မှတ်ရရသတိထားလိုက်မိသောအဖြစ်အပျက်ကလေး တစ်ခုမှာ ကျွန်တော်ငါးတန်းရောက်သောနှစ်ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော့်အသက် ဆယ်နှစ်သားလောက်ပင်ရှိလိမ့်ဦးမည်။ ကျွန်တော်က တစ်ဦးတည်းသောသားဖြစ်ပြီး သုံးတန်းအထိ ဖေဖေ၊ မေမေတို့နှင့် တစ်ခုတင်တည်းအိပ်ပါသည်။ လေးတန်းရောက်တော့ ကျွန်တော့်အရပ်ကလည်း သိသိသာသာရှည်လာသဖြင့် ဖေဖေ၊မေမေတို့က ကျွန်တော့်အတွက် သီးသန့်တစ်ယောက်အိပ်ခုတင်လေးတစ်လုံး ဝယ်ပေးပါသည်။

အိမ်မှာက အိပ်ခန်းနှစ်ခန်းရှိသော်လည်း ကျွန်တော်က ဖေဖေ၊မေမေတို့နှင့် ခွဲ၍တစ်ခန်းတည်းမအိပ်ရဲသဖြင့် ဖေဖေတို့ အခန်းထဲမှာပင် ကျွန်တော့်အတွက်ခုတင်ထည့်ပေးထားရသည်၊ တစ်ည ရောက်သောအခါ ကျွန်တော်လည်း ကျွန်တော့်ခုတင်လေး ပေါ်မှာ ခပ်စောစောပဲအိပ်ပျော်သွားပြီး စကားခပ်တိုးတိုးပြောသံ ကြောင့် ကျွန်တော်နိုးလာပါသည်။

www.burmeseclassic.com



စကားသံက ဖေဖေနှင့်မေမေစကားပြောသံ။ ကျွန်တော်လည်း ဖေဖေနှင့်မေမေ ဘာလုပ်နေကြသနည်းဟု မျက်လုံးကလေးကိုအသာကလေးဖွင့်ကြည့်လိုက်သည်။ ထိုအခါ ခုတင်ပေါ်မှာတွေ့လိုက်ရသောမြင်ကွင်းကြောင့် ကျွန်တော်အံ့ဩသွားမိလေသည်။ ဖေဖေသည် မေမေ့ရှေ့မှာ တင်ပျဉ်ခွေထိုင်နေပြီး မေမေက ဖေဖေ့ရှေ့မှာ ပဆစ်တုတ်လေးထိုင်ကာ ဖေဖေ့ကို ကန်တော့နေလေသည်။

မေမေကန်တော့ပြီးသွားသောအခါ ဖေဖေက မေမေ့ခေါင်းက ဆံပင်လေးတွေကို လက်ဖြင့်သပ်ပေးပြီး ဆုပေးသည်။ ကျွန်တော့်ရင်ထဲတွင် ပီတိစိတ်နှင့်အတူ ငြိမ်းချမ်းသွားလေသည်။ အမှန်တော့ မေမေက နေ့စဉ်နေ့တိုင်းဘုရားရှိခိုးပြီး အိပ်ရာဝင်ချိန်၌ ဖေဖေ့ကို ကန်တော့လေ့ရှိသော်လည်း ယခင်ကကျွန်တော်တစ်ခါမှ မတွေ့ခဲ့ဖူးသဖြင့် ပီတိဖြစ်ရခြင်းပါ။

ကျွန်တော့်စိတ်ထဲတွင် ထိုမြင်ကွင်းသည် စွဲနေလေသည်။ ပြီးတော့ ကလေးပီပီ ကလေးအတွေးနှင့် ထိုမြင်ကွင်းကို ချဉ်ခြင်းတပ်မိသည်။ နားရှုပ်သွားကြပါသလား။ ကျွန်တော်ရှင်းပြပါမည်။ ဖေဖေ့လိုပင် ကျွန်တော့်အား မေမေကဲ့သို့ မိန်းကလေးတစ်ဦးလာကန်တော့သည်ကို လိုလားတောင့်တမိသောစိတ်က ကျွန်တော့်မှာဖြစ်ပေါ်လာခြင်းကိုဆိုလိုပါသည်။

ထိုသို့လိုလားတောင့်တမှုသည် ကျွန်တော်၏ဆယ်တန်းစာမေးပွဲကြီး (အတန်းတင်စာမေးပွဲကြီး) စစ်ပြီး သင်္ကြန်မရောက်မီကာလ၌ စတင်၍ပြည့်လေတော့သည်။ သို့သော် ထိုအဖြေသည် ထူးဆန်းမှုသိပ်မရှိသော်လည်း ကျွန်တော့်လိုလားတောင့်တမှုကို အားဖြည့်ပေးလိုက်သလိုဖြစ်သွားပြီး ကျွန်တော့်မသိစိတ်၌ ထိုမိန်းကလေးကိုစွဲသွားပြီး (ထိုစဉ်က ကျွန်တော့်မှာ ကလေးဆိုတော့ ဘာစိတ်ညာစိတ်၊ ဟိုစိတ်ဒီစိတ်တွေတော့မရှိသေးပါဘူး။ ရိုးရိုးသားသားကလေးစိတ်က





လေးနှင့်စွဲမိတာပါ) ကျေနပ်ပီတိဖြစ်ခဲ့ရပါသည်။

စောစောက စကားကိုပြန်ဆက်ပါဦးမည်။ ပဋ္ဌမတန်းစာမေးပွဲကြီးဖြေဆိုပြီးသောကာလ (ကျွန်တော့်စိတ်ထင်တော့ မတ်လကုန်လောက်ဖြစ်မည်ထင်ပါသည်) တွင် ကျွန်တော့်ဘိုးဘိုး၊ ဘွားဘွားတို့က ကမကထလုပ်ကာ ကျွန်တော့်ကို ရှင်ပြု၍ ဖေဖေ့ကို ဒုလ္လဘရဟန်းခံစေလိုပါသည်။

"ကျွန်တော် ရက်အကြာကြီးတော့ မဝတ်ချင်ဘူး ဖေဖေ"

"ဘာဖြစ်လို့လဲ သားရဲ့. . . သာသနာ့ဘောင်ဆိုတာနေနိုင်ရင် အရမ်းကုသိုလ်ရတယ် . . . သားတို့ ကျောင်းဖွင့်ဖို့ကလည်း အဝေးကြီးလိုသေးတာပဲ"

"ဟို . . ကျွန်တော် ညဘက်ထမင်းဆာမှာစိုးလို့ပါ ဖေဖေ"

ဖေဖေနှင့်မေမေသာမက ဘိုးဘိုးနှင့်ဘွားဘွားလည်း ကျွန်တော့် စကားကြောင့်ရယ်ကြသည်။ ဘိုးဘိုးကတော့ ကျွန်တော့်ဆံပင်တွေကို လက်နှင့်ပွတ်သပ်ပေးရင်းပြော၏။

"အကျင့်မရှိလို့ပါကွ . . ."

ဘိုးဘိုးစကားသည် တကယ်ကိုမှန်ကန်ပါသည်။ ကျွန်တော်ကိုရင်ဝတ်သည့်ညတွင်ပုံမှန်စားရသည့် ညစာကိုမစားရသည့်အတွက် မနေနိုင်မထိုင်နိုင်အောင် ဆာလောင်မွတ်သိပ်ရသော်လည်း ဒုတိယညတွင် အတော်ပင်ခံနိုင်ရည်ရှိသွားလေသည်။ နောက်ပြီး ပထမတုန်းက ကိုရင်ဝတ်ခြင်းအလုပ်သည် အတော်ပင်ပျင်းစရာကောင်းမည်ဟု ထင်ထားခဲ့သော်လည်း ထင်သလောက်ပျင်းစရာမကောင်းခဲ့ပါ။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်ကိုရင်ဝတ်သည့်နေ့မှာပင် ဘုန်းကြီးကျောင်းမှာ ကျွန်တော့်အရွယ်လောက်ရှိမည့် ကိုရင်နှစ်ပါးကလည်း ရှိနေသည်။ သူတို့နှစ်ယောက်သည် ညီအစ်ကိုဖြစ်ကြပြီး နီတွတ်နှင့်နီဟိန်းဟု အမည်ရကြသည်။ သူတို့၏ ရှင်သာမဏေသို့ ☞



www.burmeseclassic.com

www.burmeseclassic.com



အမည်ကိုတော့ ကျွန်တော်မသိပဲ သူတို့ကိုနီတွတ်နှင့်နီဟိန်းသာ ကျွန်တော်ခေါ်၍ သူတို့နှစ်ကောင်ကလည်း ကျွန်တော့်ကိုရင်အမည်ကိုမခေါ်ဘဲ နာမည်ရင်းဖြစ်သည့် မင်းဆွေလတ်ကိုသာ ခေါ်ကြပါသည်။

"မင်းတို့နှစ်ကောင်က အမြွှာဆိုပေမယ့် ရုပ်ကတော့ သိပ်မတူဘူးကွ . . ဒါနဲ့ ပြောစမ်းပါဦး . . ဘယ်သူကအကြီးလဲ . . ."

"ငါက နာရီဝက်ပိုကြီးတယ်ကွ . . ."

နီတွတ်ကပြောပါသည်။ သူတို့အမြွှာညီအစ်ကိုနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် နာရီဝက်မျှသာ အသက်ကွာသည့်အလျှောက် မင်းနဲ့ငါသာခေါ်ဝေါ်သုံးစွဲကြသည်။ ဘာပဲပြောပြော သူတို့နှစ်ယောက်ကြောင့်ပင် ကျွန်တော်ပျော်နေမိပြီး သာမဏေဘဝသည် ခုနစ်ရက်တိုင်ခဲ့ပါသည်။

"မဆိုးတော့ မဆိုးဘူးကွ . . . ဆော့လည်းဆော့ရတယ် . . စားလည်းစားရတယ်"

"ဆော့ရတယ်ဆိုတာက ဆရာတော်မဆူသေးလို့ကွ . . စားရတယ်ဆိုတာကလည်း အခါကြီးရက်ကြီးနဲ့နီးပြီး အလှူတွေများလို့ကွ . . ."

ကျွန်တော်တို့စကားကို ကပ္ပိယကြီးကကြားသွားပြီး စောဒကတက်ပါသည်။ ပြီးတော့ သူက ကျွန်တော်တို့ကို ဆက်၍သတိပေးပါသည်။

"ကိုရင်တွေဆော့ရင်လည်း ဒီအောက်ထပ်မှာပဲဆော့နော် . . ကျောင်းပေါ်ကအခန်းထဲမှာ မဆော့ကြနဲ့ . . နောက်ပြီး စတိုခန်းနဲ့ကပ်နေတဲ့အခန်းက ပိတ်ထားတဲ့ပြတင်းပေါက်ကို သွားမဖွင့်ကြည့်ကြနဲ့"

သူအဲဒီလိုပြောလိုက်မှ ကျွန်တော်တို့လည်း ထိုအခန်းပြတင်း





ပေါက်ကို သွားဖွင့်ကြည့်ချင်စိတ်ပေါက်လာကြသည်။ နောက်တစ်နေ့ နေ့လယ်ရောက်သည်နှင့် ကျွန်တော်တို့ ကိုရင်သုံးပါးလည်း ထိုကျောင်းကြီးပေါ်သို့ ဆရာတော်အလစ်တွင် တက်ဆော့ကြသည်။ ဤဘုန်းကြီးကျောင်းတွင် ကျောင်းကြီးကကြီးမားကျယ်ပြန့်သော်လည်း သံဃာအရေအတွက်က နည်းနေသဖြင့် ကျွန်တော်တို့သုံးယောက်ကို မည်သူမျှမတွေ့ကြပါ။

"ဟော့ ကိုရင်တွေ . . ကပ္ပိယကြီးပြောတဲ့အခန်းက ဟိုအခန်းထင်တယ်ကွ . . အထဲမှာ ဘာလဲဆိုတာ ဝင်ကြည့်ကြရအောင်ကွာ"

ကျွန်တော်တို့လည်း ဦးပဥ္စင်းတွေအလစ်တွင် ကပ္ပိယကြီးပြောသော ထိုအခန်းထဲသို့ဝင်ခဲ့ကြသည်။ အထဲကတော့ စတိုခန်းဖြစ်သဖြင့် ပစ္စည်းတွေချည်းပဲဖြစ်ပါသည်။ နံရံမှာ ဗီရိုသုံးလုံးကပ်ထားပြီး ထိုဗီရိုထဲမှာ ပန်းကန်ခွက်ယောက်တွေထည့်ထားသည်။ ပြီးတော့ ဒန်အိုး၊ ဒန်ခွက်နှင့်ဆန်အိတ်တွေကို တွေ့ရသည်။ ထို ဆန်အိတ်တွေ၏ နောက်ဘက်တွင်ပိတ်ထားသော ပြတင်းပေါက်တစ်ခုရှိသည်။

ကျွန်တော်တို့လည်း ကလေးပီပီ ဆန်အိတ်တွေပေါ်ခုန်တက်ပြီး ထိုပြတင်းပေါက်ကိုဖွင့်လိုက်သည်။ အေးမြလတ်ဆတ်သောလေက အောက်မှပင့်တိုက်လာသဖြင့် ကျွန်တော်တို့လန်းဆန်းသွားသည်။ နောက်တစ်နေ့ မနက်ရှစ်နာရီလောက်တွင် ကျွန်တော်တို့ကိုရင်သုံးပါး ဆွမ်းခံထွက်ဖို့လက်ကတော့ သက်န်းရုံကြသည်။ သို့သော် ဖေဖေက ဆရာတော်ကိုလျှောက်ထားပြီး ကျွန်တော်တို့ကို ဆွမ်းခံထွက်စေပါသည်။

အတွေ့အကြုံသစ်တစ်ခုကိုရစေရန်ဟု ဆိုပါသည်။ ထို့ကြောင့် ကျွန်တော်တို့လည်း မနက်တိုင်းဆွမ်းခံထွက်ကြပါသည်။ ပထမတော့ လက်ကတော့သက်န်းရုံ၍ ဆွမ်းခံထွက်ရခြင်း၌ ကျွန်တော်တို့အလွန်ပင် အခက်အခဲဖြစ်ရလေသည်။ လက်မှာလိုင်အား



www.burmeseclassic.com

www.burmeseclassic.com



သည့် သက်န်းအလိပ်ကြီးကိုမပြေအောင်ချိုင်းကြားမှာ ညှပ်ထားပြီး ကျန်လက်တစ်ဖက်က သပိတ်ကိုပွေ့ပိုက်ထားရခြင်း၊ ဆွမ်းဟင်းခွက်တွေကို သပိတ်ပေါ်မှာတင်သည့်အခါ ပြုတ်မကျအောင် လက်ဖြင့် ထိန်းထားရခြင်းသည် အလွန်ပင်ဒုက္ခများလေသည်။

ထိုအကြောင်းကို ဖေဖေကို . . အဲ . . ဖေဖေဒုလ္လဘဦးပဉ္ဇင်းတို ပြန်လျှောက်သည့်အခါ ဖေဖေကပြုံးပြီး . . .

"ဆွမ်းခံထွက်တဲ့အခါ ကြန္ဒေကိုထိန်းချုပ်လိုက်ခြင်းတစ်မျိုးပဲ . . အဲဒီသက်န်းလိပ်ကြီးပြေမထွက်အောင် သတိထားနေရတဲ့အတွက် ကြန္ဒေမဲ့တဲ့ လမ်းလျှောက်ဟန်နဲ့အပြုအမူတွေလည်း မဖြစ်တော့ဘူး။ နောက်ပြီး မြတ်စွာဘုရားကိုယ်တော်တိုင် ဆွမ်းခံကြွရင် ဒီသက်န်းရုံနည်းအတိုင်းရုံတာမို့ ကြည်နူးပီတိဖြစ်စရာလည်း ကောင်းပါတယ်"

ကျွန်တော်တို့ကိုရင်တွေအတွက်ကမူ ပီတိမဖြစ်နိုင်သေးပဲ အခက်အခဲဖြစ်ရသည်ကတော့ ဧကန်ပင်။ စောစောက စကားကို ပြန်ဆက်ပါဦးမည်။ ကျွန်တော်တို့ကိုရင်သုံးပါးသည် ဘုန်းကြီးကျောင်းမှအတူထွက်ခဲ့ကြပြီး ရပ်ကွက်ထဲရောက်သောအခါ ကိုယ့်အစီအစဉ်နှင့်တိုယ် သီးခြားစီခွဲကာ ဆွမ်းခံထွက်ကြလေတော့သည်။ ကျွန်တော်က ရပ်ကွက်၏အလယ်ပိုင်းလောက်ဆီထွက်လာပြီး နီတွတ်နှင့်နီဟိန်းတရပ်ကွက်၏ တောင်ပိုင်းနှင့် မြောက်ပိုင်းသို့ခွဲ၍ ထွက်သွားကြသည်။

တစ်အိမ်ဝင်တစ်အိမ်ထွက်နှင့် ကျွန်တော့်သပိတ်ထဲမှာ ဆွမ်းတွေအတော်ပြည့်လာသည်။ သို့နှင့်ပင် အိမ်တစ်အိမ်သို့ဝင်လိုက်သည်။ ထိုအိမ်၏အိမ်ရှေ့ခန်းမှာချထားသော မတ်တပ်ကုလားထိုင်မှာ ကျွန်တော်အကျအနဝင်ထိုင်လိုက်ပြီး ချောင်းသံတစ်ချက်ပေးလိုက်သည်။ ဤကဲ့သို့ ကုလားထိုင်ချပေးထားခြင်းမှာ ဆွမ်းခံကြွလာမည့် သာမဏေနှင့်ဦးပဉ္ဇင်းများအတွက်ဖြစ်ပါသည်။ အချို့အိမ်များက ဆွမ်းခံကြွမည့်အကြောင်းကြိုပြောထားရသည်။ သို့မှသာ သူတို့အနေ





နှင့် ဆွမ်းခံကြွမည့် သံဃာအရေအတွက်ကိုလိုက်၍ ချက်ပြုတ်စီမံထားရမည်ဖြစ်သည်။

သို့သော် ကျွန်တော်တို့လို ဒုလ္လဘကိုရင်နှင့်ရဟန်းများအတွက် ကြိုတင်ဆွမ်းဖိတ်ခြင်းအလုပ်ကို မလုပ်နိုင်သည့်အတွက် အလျဉ်းသင့်သလိုသာ ဆွမ်းခံကြွသဖြင့် ဆွမ်း၊ ဆွမ်းဟင်းအခက်အခဲဖြစ်ကြရပါသည်။ အချို့အိမ်တွေက ကျွန်တော့်ကိုကန်တော့ဆွမ်း (လက်အုပ်ကလေးချီ၍ ကန်တော့ဆွမ်းဟုပြောလိုက်သည်နှင့် ကျွန်တော်က ကလေးပီပီမျက်နှာမဲ့ပြမိပါသည်) လုပ်ကြသည်။ အချို့အိမ်တွေကျတော့လည်း ဆွမ်းချည်းသက်သက်သာလောင်းကြသည်။ ထိုအခါမျိုးတွင် ကျွန်တော်ကအထာမသိပဲ ဆွမ်းဟင်းခွက်အလွတ်ကို ဆွမ်းလောင်းသူလက်ထဲအတင်းထိုးထည့်သောအခါမှ ဆွမ်းဟင်းတတော့ ကန်တော့ဆွမ်းပါကိုရင်ဟု ဆက်ပြောကြသည်။

ကျွန်တော်ကလည်း မတ်တတ်ကုလားထိုင်မှာထိုင်ပြီး တစ်အိမ်လုံးကို အကဲခတ်လိုက်သည်။ အိမ်ရှေ့ခန်းမှာ မည်သူမျှမရှိ။ ထို့ကြောင့် ကျွန်တော်ထပ်ပြီး ချောင်းဟန့်မိသည်။

"အဟမ်း . . အဟမ်း . . အဟွတ်"

အထဲက ဘာသံမျှမကြားရ။ ထိုအခါမှ ကျွန်တော်လည်း သက်န်းကိုပြန်ရုံဖို့စဉ်းစားမိသည်။ ချိုင်းကြားမှာညှပ်ထားသော သက်န်းအလိပ်လည်းပြေနေလေပြီ။ လမ်းလျှောက်ရင်းပြေထွက်သွားသည်မို့ သက်န်းကိုကိုယ်ပေါ်မှာ လက်တစ်ဖက်တည်းဖြင့် ပတ်ခြုံထားခဲ့ရသည်။ ယခုတော့ဖြင့် သက်န်းပြန်ရုံရပေတော့မည်။

ထို့နောက် ကျွန်တော်လည်း ထိုင်ရာမှထရပ်လိုက်ပြီး သပိတ်ကို ကုလားထိုင်ပေါ်တင်လိုက်သည်။ ပြီးတော့မှ သက်န်းကိုပြန်ရုံဖို့ ကြိုးစားမိတော့သည်။ သို့သော် ချက်ချင်းပင် ကျွန်တော်ချွေးတွေရွှဲလာသည်။ လက်ကတော့ ထိုသက်န်းရုံနည်းကိုမမှတ်မိ။ မှတ်မိသ



www.burmeseclassic.com

www.burmeseclassic.com



လောက်ရုံကြည့်လိုက် မဟုတ်သဖြင့် ပြန်ဖျက်လိုက်နှင့် နောက်ဆုံးတွင် စိတ်ပေါက်ပေါက်ဖြစ်လာကာ သက်န်းကို အလယ်မှခေါက်လိုက်ပြီး စူပါမင်းကဲ့သို့ နောက်ကျောတွင်သက်န်းကိုဖားလျားချ၊ ပြီးတော့လည်ပင်းနေရာတွင် ရှေ့ဘက်မှလုံးချည်ထားလိုက်မိတော့သည်။

အိမ်ရှေ့ဧည့်ခန်းမှာ မှန်တစ်ဝက်ထည့်ထားသော ဗီရိုတစ်လုံးရှိသည်မို့ ထိုဗီရိုတွင်ပေါ်နေသည့် ကျွန်တော့်အရိပ်ကို ကျွန်တော်တွေ့နပ်သွားမိသည်။ ထို့ကြောင့် ကုလားထိုင်မှာပြန်မထိုင်မိသေးဘဲ သင်္ကန်းဝတ်ရုံကြီးနှင့်ပင် ခန္ဓာကိုယ်ကိုဟိုဘက်လှည့်ကြည့်လိုက် သည်ဘက်လှည့်ကြည့်လိုက်လုပ်နေမိပြီး ကျွန်တော့်လုပ်ရပ်ကို ပါးစပ်အဟောင်းသားနှင့်ငေးကြည့်နေသော တစ်စုံတစ်ယောက်ကို သတိမပြုမိလိုက်ပေ။

"ဟင်"

မှန်ထဲတွင် ထိုတစ်စုံတစ်ယောက်ကိုမြင်လိုက်မှ ကျွန်တော်လန့်သွားပြီး နောက်ကိုချာခနဲလှည့်ကြည့်လိုက်မိသည့်အခါ ကျွန်တော့်ကို ကြောင်တက်တက်ကြည့်နေသည့် ကျွန်တော်နှင့်အသက်မတိမ်းမယိမ်းလောက်ရှိမည့် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ သူမကို ကျွန်တော်ချက်ခြင်းပဲမှတ်မိလိုက်သည်။ မိုးရတီဇော်။ ကျွန်တော်တို့အတန်းထဲက စာတော်သည့် ကောင်မလေး။ ကျွန်တော်တတော့ အမြဲပဲအဆင့်ခုနစ်ဆယ်ကျော်ချည်းသာရလေ့ရှိပါသည်။

"နင် ဘာလုပ်နေတာလဲ မင်းဆွေလတ်"

ကောင်မလေးက ကျွန်တော့်ကိုမှတ်မိပါသည်။ ချက်ခြင်းပင်သူမ၏ အခေါ်အဝေါ်ကြောင့် ကျွန်တော်ဘဝင်မကျဖြစ်သွားပြီး မျက်နှာကိုတည်ပစ်လိုက်သည်။

"နင်ငရဲကြီးတော့မယ် မိုးရတီဇော် . . အခုဆို ငါဟာ လူမဟုတ်တော့ဘူး . . ငါဟာ မြင့်မြတ်ပြီးရခဲလှတဲ့ ကိုရင်ဘဝမှာရောက်





နေပြီ . . အဲဒီတော့ နင့်အခေါ်အဝေါ်တွေကိုပြင်လိုက်စမ်း . . ငါ့ကို အရှင်ဘုရားလို့ခေါ် . ."

ကျွန်တော်လည်း အတန်းထဲမှာ ပထမချည်းအမြဲရနေသည့် သူမကို နည်းနည်းချဉ်နေသဖြင့် အခွင့်အရေးလေးရတုန်းရခိုက်အသာစီးယူလိုက်မိသည်။ ပြီးတော့ သည့်ထက်ပိုပြီးပြော၍ဆို၍ကောင်းစေရန် သူမကိုဒကာမလေးဟုသုံးစွဲခေါ်ဝေါ်ရန်လည်း စဉ်းစားမိလိုက်သည်။

"ကဲ . . ဘာလုပ်နေတာလဲ ဒကာမလေး . . ကိုရင်ကို သည်အတိုင်းကြည့်နေတော့မှာလား . . မကန်တော့ . . တော့ဘူးလား "

"ဟုတ်ကဲ့ . . ဟုတ်ကဲ့ . . ."

ကျွန်တော်ရယ်ချင်သွားမိသော်လည်း မရယ်မိပါ။ သူမသည် ငရဲကြီးမည်ကိုကြောက်၍လော၊ ကုသိုလ်မရမည်ကို စိုး၍လောမသိ။ ကြမ်းပြင်မှာကျုံ့ကျုံ့လေးထိုင်ပြီး ကျွန်တော့်ကိုကန်တော့လေသည်။

"ဟုတ်ပြီ ဒီလိုမှပေါ့ . . အေး . . ဒီအတိုင်းဆိုရင်လာမယ့်နှစ် စာမေးပွဲမှာလည်း ဒကာမလေးပထမရပေဦးမယ်"

ကောင်မလေးသည် ကျွန်တော့်စကားကြောင့် မသိမသာပြုံးပြီး မျက်စောင်းထိုးလေသည်။

"ကဲ . . ဘာလုပ်နေတာလဲ ဒကာမလေး . . ကန်တော့ဆွမ်းလုပ်မှာလား မလုပ်ဘူးလား"

"ကန်တော့ဆွမ်း မဟုတ်ပါဘူး . . "

"ဒါဖြင့် ဟောဟိုမှာသပိတ် . . အထဲမှာဆွမ်းဟင်းခွက်အလွတ်တွေလည်းရှိတယ်"

သူမသည် ကိုယ်ကိုကျုံ့ကျုံ့ကလေးပြုပြီး ကျွန်တော့်ရှေ့မှငုံ့ကာ သပိတ်ကိုယူသွားသည်။ ခဏနေတော့ သပိတ်ကိုပိတ်၍ပြန်ထွက်လာပြီး ကျွန်တော့်ကိုသပိတ်ပြန်ပေးသည်။ ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းခံဆက်ကြွဖို့ မတ်တတ်ပြန်ရပ်လိုက်ပြီး . . .

"ကန်တော့ ဦးလေ . . ကုသိုလ်ပိုရအောင်"

သူမ ကန်တော့လေသည်။ ထိုအခါ ကျွန်တော့်စိတ်ထဲတွင် ဖေဖေ့ကိုမေမေက ကန်တော့နေသည်ကို သတိရလိုက်မိသည်။ ပြီးတော့ ဘာကြောင့်မှန်းမသိဘဲ ကျေနပ်ပီတိဖြစ်မိသွားလေသည်။ ကျွန်တော်သူမတို့ အိမ်မှပြန်ထွက်ခါနီးတွင် သူမ၏အသံခပ်တိုးတိုး ကြားရသည်။

"သင်္ကန်းရုံထားတာ စူပါမင်းကျနေတာပဲ . ."

ဘုန်းကြီးကျောင်းသို့ ပြန်ရောက်သောအခါ နီတွတ်နှင့် နီဟိန်းတို့ရင်နှစ်ပါးက ပြန်မရောက်သေးပါ။ ကျွန်တော့်ပိုသီဖတ်သီ အဖြစ်ကို တွေ့သွားသော ကပ္ပိယကြီးက သပိတ်ကိုလာယူသည်။

"ဒုက္ခပဲ . . ဒီလိုသင်္ကန်းရုံပုံမျိုး ဆရာတော်တွေ့ရင်ဆူလိမ့်မယ် . . မြန်မြန်ပြန်ဖြေလိုက် ကိုရင် . . ."

ကျွန်တော့်အဖြစ်ကို တစ်စုံတစ်ယောက်ကပဲ ဆရာတော်ကို ပြန်လျှောက်လေသည်လား ဆရာတော်ကိုယ်တိုင်ကပင် တွေ့သွားလေသည်လားမပြောတတ် နောက်တစ်နေ့မှစ၍ ကျွန်တော်တို့ ကိုရင်သုံးပါးဆွမ်းခံမထွက်ရတော့ပါ။

"ကောင်းတော့ကောင်းပါတယ်။ တို့တွေပိုဆော့ချိန်ရတာပေါ့။ ဒါနဲ့ဟေ့ကောင် မင်းဆွေလတ် မင်းဘယ်တော့လူပြန်ထွက်မလဲ"

"မသိသေးဘူးကွ . . ငါ့အဖေလူပြန်ထွက်ကာနဲ့ ငါလည်း ထွက်မယ်"

ရှင်သာမဏေဘဝတွင် ဆော့ကစားရသည်မှန်သော်လည်း ဆရာတော်ကတော့ ဝတ်သည့်အချိန်တိုကလေးအတွင်း ကုသိုလ်ရစေရန်ဟုဆိုပြီး ကျွန်တော်တို့ကိုရင်သုံးပါးကို မနက်တစ်ခါ၊ နေ့လယ်တစ်ခါ၊ ညတစ်ခါ တရားထိုင်ခိုင်းသည်။ ကိုရင်ဝတ်သည့် ခုနစ်ရက်တာ





ကာလအတွင်း နီတွတ်တို့ညီအစ်ကိုနှင့်လည်းပို၍ ရင်းနှီးလာသည်။ သူတို့ညီအစ်ကိုသည် ကျွန်တော့်လိုပင် ငါးတန်းဖြေထားသည့်ကောင်တွေဖြစ်ပြီး ကျွန်တော်တို့ရပ်ကွက်ထဲမှပင်ဖြစ်သည်။ သို့သော် သူတို့နှစ်ယောက်သည် ကျွန်တော့် အ. ထ. က(၁)မှမဟုတ်ဘဲ ကျွန်တော်တို့ရပ်ကွက်အတွင်းရှိ အ. လ. က ကျောင်းမှဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျွန်တော်ကိုးတန်းသို့ရောက်သောအခါ အရပ်ကလည်းသိသိသာသာရှည်လာပြီး နှုတ်ခမ်းမွေးတွေလည်းရှည်လာသဖြင့် ပထမတော့ သည်အတိုင်းပင် လျစ်လျူရှုထားလိုက်သည်။ သို့သော် မေမေက အကြည့်ရဆိုးသည်ပြောသဖြင့် တစ်ပတ်တစ်ခါ ရိတ်ရသည်။

"ငါတစ်ခါတလေကျတော့ စဉ်းစားကြည့်မိတယ်ကွ . . တချို့အမွေးအမျှင်တွေဟာ လူတွေကိုအကျိုးပြုပေမယ့် တချို့အမွေးအမျှင်တွေကျတော့ အနှောင့်အယှက်ဖြစ်စေတယ် . ."

တစ်ခုသော စာသင်ချိန်မှာကျွန်တော်လည်း ပို့က်ဘုတ်မှစာတွေကို လိုက်ကူးရေးရင်း လက်တစ်ဖက်က မုတ်ဆိတ်မွေးငုတ်စိလေးတွေကို စမ်းမိပြီး ထိုသို့ပြောလိုက်ခြင်းဖြစ်သည်။ ကျွန်တော့်ဘေးမှာတော့ စည်သူ၊ ဝဏ္ဏနှင့်မင်းမင်းတို့ထိုင်နေကြသည်။

"မင်းပြောတာ သိပ်နားမရှင်းဘူးကွ . . ဘယ်အမွေးတွေဟာ ဘယ်လိုအကျိုးပေးပြီး ဘယ်အမွေးတွေဟာ ဘယ်လိုအနှောင့်အယှက်ဖြစ်စေတာလဲ . ."





ဝဏ္ဏက ခပ်အုပ်အုပ်အသံဖြင့် မေးသည်။

"ဒီလိုလေကွာ . . ဥပမာ ဆံပင်၊ မျက်ခုံးမွေး၊ မျက်တောင်မွေးကိုကြည့် . . ဆံပင်ဆိုလည်း ရာသီဥတုဒဏ်ခံနိုင်အောင် . . တော်ရုံတန်ရုံနေပူမိုးရွာတာကိုခံနိုင်အောင် သဘာဝကဖန်တီးပေးထားတာ . . ဒါဟာ အကျိုးပြုတာပဲ"

ကျွန်တော့်စကားကို ရှေ့ကကောင်မလေးတွေက မသိမသာနားစွင့်နေကြ၏။ ကျွန်တော်ဆက်ပြောသည်။

"နောက်ပြီး မျက်ခုံးမွေးဆိုလည်း ခေါင်းပေါ်က နဖူးပေါ်ကျလာတဲ့ ချွေးတွေမျက်စိထဲတိုက်ရိုက်မဝင်အောင် ကာထားပေးတဲ့သဘော . . ဒါလည်း အကျိုးပြုတာပဲ . . ."

"အင်း . . မင်းပြောတာမဆိုးဘူး . . ဆက်ပြော"

"မျက်တောင်မွေးဆိုလည်း မျက်စိထဲကိုဖုံတွေ . . အမှုန်တွေအလွယ်တကူဝင်လို့မရအောင် . . မျက်ခွံပေါ်ကချွေးတွေမျက်စိထဲမဝင်အောင်ကာပေးထားတဲ့သဘောပဲကွ . . မဆိုးဘူး . . ဒါပေမယ့်နှုတ်ခမ်းမွေးနဲ့မုတ်ဆိတ်မွေးတွေကျတော့ စဉ်းစားရခက်တယ် . ."

သည်တစ်ခါတော့ စည်သူကစဉ်းစဉ်းစားစားဝင်ပြောသည်။

"နှုတ်ခမ်းမွေးဆိုတာလည်း လူကိုအကျိုးပြုတာပါပဲကွာ . . နှာရည်တွေအပါအဝင်နှာခေါင်းကကျလာတဲ့အရည်တွေ ပါးစပ်ထဲအလွယ်တကူမဝင်အောင် ကာထားပေးတဲ့သဘောပဲ . ."

"ဒါဖြင့် မုတ်ဆိတ်ကျတော့ရောကွာ . ."

"အင်း . . မုတ်ဆိတ်ကျတော့ . . အင်း . . မုတ်ဆိတ်ကျတော့ ဆံပင်ရဲ့အမြစ်ကွ . ."

"ဟား . . . ဟား"

ကျွန်တော်တို့ ခပ်တိုးတိုးကြိတ်ရယ်သလို ရှေ့ကကောင်မလေးတွေကလည်း လိုက်ရယ်သည်။ မင်းမင်းကတော့ အရယ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့်ဆက်မေးပြန်သည်။

“ဒီလိုဆိုရင် . . ချိုင်းမွေးကျတော့ရောကွာ”

“အင်း . . ဒါကတော့ ချွေးကိုတားဆီးကာကွယ်တဲ့သဘော မဟုတ်ဘူးကွ . . လက်အလှုပ်ကိုချိုင်းပွန်းမှာစိုးလို့ ဝါရှာခံပေးထားတဲ့ သဘောပဲ . .”

ရယ်လိုက်ကြပြန်သည်။

“အင်း . . ဒါဆိုရင် . . ဟိုဒင်း”

“ကောင်စုတ်နော် . . မိုက်ရိုင်းမလာနဲ့”

“ဟာ . . ဗုဒ္ဓေါ . . ငါတို့ဘာပြောရသေးလို့လဲ”

“အေး . . မပြောသေးလို့ ဒီလောက်ငြိမ်နေတာပေါ့ . . ဆက်များပြောရင် ငါတို့ဆရာမနဲ့လှမ်းတိုင်လိုက်ပြီ . . .”

အေးအေးစိုးသည် နှုတ်ခမ်းတလဲ ပန်းတလဲနှင့်ကျွန်တော်တို့ အုပ်စုကိုလှည့်၍ ရန်တွေ့လေသည်။ သင်းလဲ့ဝါကတော့ နည်းနည်း အကောင်းမြင်ပါသည်။

“နင်တို့ကလည်းဟာ သုတေသနပြုမယ့်ပြု တခြားဟာကို သုတေသနပြုကြတာမဟုတ်ဘူး . . မဟုတ်တာတွေကိုလိုက် သုတေ သနပြုနေရတယ် . . .”

သူမ၏စကားက ကြီးကျယ်သဖြင့် ကျွန်တော်တို့နည်းနည်း ဘဝင်မြင့်သွားမိကြသည်။

“မဟုတ်ပါဘူးဟာ . . သုတေသနပြုတယ်ဆိုတာ ကြီးသည် ငယ်သည်မရှိပါဘူး။ အားလုံးအကျိုးရှိတာချည်းပါပဲ . . အခုလည်း ငါတို့ရဲ့အမွေးသုတေသနက အကျိုးရှိတာနဲ့အကျိုးမရှိတာကိုခွဲခြား ပြနေတာ။ ကဲ . . ဟေ့ကောင် စောစောကစကားကို ပြန်ဆက်စမ်း”

စည်သူက ဆက်ပြောဖို့နည်းနည်းစဉ်းစားသည်။

“အဲဒီမင်းပြောတဲ့ဟာကို ငါပြန်စဉ်းစားနေလို့ကွ . . ဒီလို





အဲဒီခြေသလုံးမွေးကျတော့ . . ဘာအကျိုးပြုသလဲဆိုတာ ငါစဉ်းစား မရဘူး . .”

ကျွန်တော်တို့ရယ်လိုက်ကြသည်။ ထိုအခါမှ ကောင်မလေး တွေက ရယ်ကြဲကြဲနှင့်ကျွန်တော်တို့အုပ်စုကို မျက်စောင်းထိုးသည်။ မင်းမင်းကတော့ ခပ်တိုးတိုးပြောသည်။

“တော်သေးတာပေါ့ကွာ . . ငါတို့ပြဿနာတက်တော့မလို့ . . ခြေသလုံးမွေးကယ်ပေလို့ . .”

ထိုအခိုက်မှာပင် ဆရာမကဘိုက်ဘုတ်ပေါ်မှာ သင်ခန်းစာ တွေရေးပေးခြင်းအလုပ်ကိုရပ်လိုက်ပြီး စကားစပြောသည်။

“ခပ်မြန်မြန်ရေးကြ . . ရေးပြီးရင် ဆရာမရီပို့ကဒ်တွေပေး မယ် . .”

“ဟာ . . ပြဿနာပဲ . . .”

ကျွန်တော်တို့တွေရင်ထဲဒိတ်ခနဲဖြစ်သွားမိကြသည်။ အမှန် စင်စစ်တော့ ကျွန်တော်တို့စာတော်ကြပါသည်။ လစဉ်စာမေးပွဲများ တွင် ရမှတ်များကောင်းပြီး ကျရှုံးသည့်ဘာသာရပ်မရှိပါဘဲလျက် ကျွန်တော်တို့အဆင့်တွေက ဘိတ်နားကပ်နေကြ၏။

“အေးကွာ . . ဒီတစ်ခါလည်း ပြီးခဲ့တဲ့လကလိုပဲ ဖြစ်လိမ့် မယ်ထင်တယ် . . စာလည်းကျက်ရလွန်းအားကြီးလို့ မျက်မှန်တောင် တပ် ရတော့မယ် . . အဆင့်ကလည်း ဘိတ်ကနေသိပ်တက်ရတယ် လို့ကို မရှိဘူး . .”

“မိုးရတီဇော်တို့များ တော်လိုက်တာကွာ . . တစ်လမှအမှတ် နဲ့အဆင့်လျော့သွားတယ်ဆိုတာမရှိဘူး . .”

စည်သူ့ စကားကြောင့် မိုးရတီဇော် ထိုင်ရာနေရာသို့ ကျွန်တော့် အကြည့်ရောက်သွားသည်။ ထိုအခါ ငယ်ငယ်ကကိုရင်ဝတ် ခဲ့စဉ်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကိုသွားသတိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမှန်တော့ သိပ်အံ့ဩစရာတော့မရှိဘူးကွ . ."

"ဟော . . မင်းစကားကအဆန်းပါလား မင်းဆွေလတ် . . တို့ကောင်တွေစာကြိုးစားပါလျက်နဲ့အဆင့်က ဘိတ်ကပ်နေပြီး ဒီကောင်မလေးကျတော့ လတိုင်းပထမရနေတာအံ့ဩစရာပဲပေါ့ . ."

"အမှန်က သူငါ့ကို ကန်တော့ခဲ့လို့ပဲကွ . ."

"ဟင် . ."

ငယ်ငယ်က ကိုရင်ဝတ်ခဲ့စဉ်က အဖြစ်အပျက်ကို သည်ကောင်တွေကိုပြန်ဖောက်သည်ချလိုက်သည်။ ကျွန်တော်ကမှတ်မိနေသေးသော ထိုအဖြစ်အပျက်ကို စီကာပတ်ကုံးပြန်ပြောပြလိုက်သောအခါ ရှေ့တန်းကကောင်မလေးတွေကလည်း မသိမသာနားထောင်နေကြသည်။ ပြီးတော့ သူတို့ကပင် ထိုအကြောင်းကို မိုးရတီဇော်ကို ပြန်ဖောက်သည်ချလိုက်သည်ထင်ပါသည်။

မုန့်စားဆင်းချိန်တွင် သင်ခန်းစာတွေကိုမပြီးသဖြင့် ကူးနေရဆဲဖြစ်သည့် ကျွန်တော့်ရှေ့သို့ သူမရောက်လာသည်။ သူမသာ နဂါးမဆိုလျှင် ကျွန်တော်ပြာကျသွားနိုင်ပါသည်။

"နင် သိပ်မိုက်ရိုင်းတယ် မင်းဆွေလတ်"

သူမ၏အသွင်သဏ္ဍာန်က ဒေါသနည်းနည်းထွက်နေသည့်ပုံရသဖြင့် ကျွန်တော်လည်းနည်းနည်းလန့်သွားမိပါသည်။ ထို့ကြောင့် မျက်နှာကိုအတတ်နိုင်ဆုံး ပျော့ပျောင်းစွာထားလိုက်သည်။

"ဘာဖြစ်လို့လဲဟ . . ငါ ဘာမိုက်ရိုင်းလို့လဲ . ."

"နင်တို့ဘာသာ စာမတော်တိုင်း ငါစာတော်တာ . . စာမှာပထမရနေတာကို လိုက်မနာလိုနေကြတာ . . နင်စောစောက ငယ်ငယ်တုန်းက ကိုရင်ဝတ်တုန်းကကိစ္စတွေ သူများတွေကိုလျှောက်ပြောတယ်မဟုတ်လား . ."

"အဲဒီ့ကိစ္စတာ မဟုတ်ခဲ့လို့လား ဟင်"



"ဘာ . ."

သူမ၏အသံကအနည်းငယ်ကျယ်သဖြင့် ကျွန်တော်ပိုလန့်သွားသည်။ ဘေးပတ်ဝန်းကျင်ကို မသိမသာအကဲခတ်လိုက်သောအခါ ရှေ့ဆုံးတန်းမှာ အေးမြတ်မူတို့အုပ်စုရှိသည်။ ပြီးတော့ မှန်ကြောင်မလေးမေစန္ဒာတို့အုပ်စုရှိသည်။ နောက်ဆုံးတန်းမှာတော့ ဝင်းဇေယျာလွင်တစ်ယောက်တည်းထိုင်နေပြီး စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီးဖတ်နေ၏။ စည်သူတို့အုပ်စုကတော့ စကြိန်မှာရောက်နေကြလေပြီ။

"အဲဒီ့တုန်းက နင်ကကိုရင်လေ . . ကိုရင်ဆိုတော့ . . သင်္ကန်းဝတ်နဲ့ဆိုတော့ရှိခိုးရတာပေါ့ . . အဲဒီ့တုန်းက ငါမပြောနဲ့ နင့်အဖေနဲ့အမေလည်း နင့်ကိုရှိခိုးမှာပဲ . ."

ကျွန်တော်ဝမ်းနည်းသွားမိသည်။ သူမကဆက်ပြောသည်။

"မှတ်ထား မင်းဆွေလတ် . . ငါနင့်ကိုမရှိခိုးလည်း အတန်းထဲမှာ အမြဲပဲ ပထမရနေမှာပဲ . ."

ကျွန်တော့်စိတ်ထဲတွင်ပထမဦးဆုံးအကြိမ်အဖြစ် မခံချင်စိတ်ဖြစ်သွားသည်။

"အင်း . . ကောင်းပြီလေ . . ငါ ငယ်ငယ်ကအကြောင်းတွေ ပြန်ပြောမိလိုက်တာအတွက် ငါတောင်းပန်တယ် မိုးရတီဇော် . . ဒါပေမယ့် လာမယ့်လစာမေးပွဲတွေကစပြီး နင်ပထမ မရတော့ဘူး"

သူမ မခိုးမခန့်ပြုံးပါသည်။ သူမမည်သို့ပင်ပြုံးပြုံးကျက်သရေရှိစွာလှနေသည်ကို စိတ်ထဲမှကြိတ်၍အသိအမှတ်ပြုလိုက်မိသည်။

"ဘာရယ် မင်းဆွေလတ် . . . ရှေ့လတွေကစပြီး ငါပထမမရတော့ဘူး ဟုတ်လား . . ဒါနဲ့နေပါဦး အဲဒါဆိုရင် ဘယ်သူကပထမရမှာမို့လဲ . ."

"ငါ . . ."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လက်မဖြင့် ကိုယ့်ကိုယ်ကိုယ်ပြလိုက်သောအခါ သူမက ဟက်ဟက်ပက်ပက်ရယ်လေသည်။

"လူကြားလို့မှမကောင်းဟယ် . . နင်ငါ့လို ပထမရဖို့အသာနေဦး . . ဘိတ်ဘာဝကျွတ်ဖို့ပဲ ကြိုးစားဦး . ."

ကျွန်တော်သူမ၏မျက်နှာကလေးကို ငေးကြည့်မိသွားသည်။ ငယ်ငယ်ကလေးဘဝကတည်းက ချောမောလှပခဲ့သည့် မိုးရတီဇော်သည် ယခုလိုအပျိုကြီးဖားဖားဖြစ်လာသောအခါ ပို၍လှလာပါသည်။ ကျွန်တော် သက်ပြင်းတစ်ချက်ချလိုက်မိသည်။ မိုးရတီဇော်၏စကားသည် ရင်ထဲသို့စူးနစ်၍ဝင်သွားသည်။ သူမသည် ကျွန်တော့်ကိုစိန်ခေါ်နေလေပြီ။

"ကောင်းပြီလေ . . နင် စောင့်ကြည့်နေပေါ့ ဟုတ်လား"

"ရယ်စရာကောင်းပါတယ်ဟာ . . နင် ဒီစကားတွေကို သူများလျှောက်မပြောနဲ့ရှက်စရာကြီး . . နောက်ပြီး နင်သိထားဖို့ ငါပြောလိုက်ဦးမယ် . . နင်ဟာ ငါ့ပြိုင်ဘက်မဟုတ်ဘူး"

သူမသည် သရော်တော်တော်ပြုံးပြီး ကျွန်တော့်ရှေ့မှထွက်သွားသည်။ သူမ၏ခုံကို သူမရောက်သွားလေမှ ကျွန်တော်လည်း ထိုင်ရာမှထကာစကြန်သို့ထွက်ခဲ့သည်။

"ဟေ့ကောင် စာကူးလို့ပြီးသွားပြီလား"

"အေး . ."

"စောစောက မိုးရတီဇော် မင်းဆီလာစကားပြောနေတာ တွေ့တယ် . . မင်းကိုလာရန်တွေ့တာလား . ."

"ဘာမှ မဟုတ်ပါဘူးကွာ . ."

ယနေ့ ကျွန်တော်ထူးထူးခြားခြား ငေးငိုင်သွားပါသည်။ သူငယ်ချင်းတွေနောက်ကြပြောင်ကြသည့်အထဲမှာဝင်မပါဖြစ်ပဲ စင်္ကြန်မှာရပ်ပြီးအဝေးသို့သာငေးကြည့်နေမိပါသည်။ ထိုသို့ကျွန်တော်





ငူငူငေါင်ငေါင်ဖြစ်နေသည်ကို မင်းမင်းကသတိပြုမိသွားပြီး ကျွန်တော့်ဘေးမှာလာရပ်ပြီး ကျွန်တော့်ပခုံးကိုဖက်သည်။

"မင်းအဆင့်ဘယ်လောက်လဲ မင်းဆွေလတ်"

"ခုနစ်ဆယ်"

"ဟားဟား . . မင်းလည်း အဲဒီနေရာကို ကန်ထရိုက်ဆွဲထားသလိုဖြစ်နေပြီ . . တကယ့်ကောင်ပဲ . ."

"ဒါနဲ့ မင်းရော . ."

"ခြောက်ဆယ့်ကိုး . ."

ကျွန်တော်တို့နှစ်ယောက်ရယ်လိုက်ကြသည်။ သူကဆက်ပြောသည်။

"ဒီနှစ်ကတော့ သိပ်အရေးမကြီးပါဘူးကွ . . ရှေ့နှစ်ကိုတော့ သေသေချာချာလုပ်မှဖြစ်မယ် . . ဒါနဲ့မင်း ငါတို့ကျူရှင်မှာလာတက်ပါလား . . ကောင်းတယ်ကွ . ."

"ငါကျူရှင်မယူချင်ဘူးကွာ . . ကျောင်းမှာဆရာမတွေသင်တာနဲ့တင် လုံလောက်နေတာပဲ . . ထပ်သင်နေစရာမလိုဘူးလို့ ငါထင်တယ် . ."

"မဟုတ်ဘူးကွ မင်းဆွေလတ် . . ကျူရှင်ဆိုတာ စာကိုထပ်သင်ရုံတစ်ခုတည်းမဟုတ်ဘူး . . လေ့ကျင့်ပေးတာတွေလည်းလုပ်ပေးတယ်ဆိုတော့ စာပိုကျေတာပေါ့ကွာ . ."

ကျွန်တော့်တွင်စဉ်းစားစရာတွေရှိလာလေပြီ။ ကျွန်တော်သည် ငယ်ရွယ်စဉ်ကတည်းက ယခုကိုးတန်းရောက်သည်အထိ ကျူရှင်တစ်ခါမှမယူခဲ့ဖူးပါ။ ကျောင်းသင်ခန်းစာများနှင့်ပတ်သက်၍ ဆရာ၊ ဆရာမတို့၏သင်ကြားပို့ချချက်များကို စိတ်ဝင်တစားသင်ယူခြင်းဖြင့်လည်းကောင်း၊ လေ့ကျင့်ခန်းများနှင့်အိမ်စာများကိုမှန်မှန်လုပ်ခြင်းဖြင့်လည်းကောင်း စာသင်နှစ်များ၌တစ်နှစ်တစ်တန်းမှန်မှန်



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ခဲ့ပါသည်။

သို့သော် မည်သို့ဖြစ်သည်မသိပါ။ ဘာသာစုံကိုပုံမှန်အောင်မြင်သော်လည်း အမှတ်ပြည့်တော့တစ်ခါမှမရခဲ့ဖူးပါ။ တစ်ခုခုတော့လွဲချော်နေလေပြီ။ အထက်တန်းပြဆရာမဖြစ်သော မေမေကတော့ ကျွန်တော်မရှင်းလင်းမသိရှိတာတွေမေးလျှင် စိတ်လိုလက်ရရှင်းပြလေ့ရှိသော်လည်း ကျွန်တော့်အခြေအနေကတော့ ပုံမှန်အတိုင်းသာရှိနေပါသည်။

"အေးကွာ . . ငါစဉ်းစားပေးလိုက်ဦးမယ်။ ဒါနဲ့ ပော့ကောင် ငါတစ်ခုမေးချင်လို့ မင်းများသိမလားမသိဘူး . ."

"ဘာလဲကွ ဘာမေးမလို့လဲ . . ."

"မိုးရတီဇော် ကျူရှင်ယူသလား . . ."

မင်းမင်းသည် ကျွန်တော့်မျက်နှာကို ဖျတ်ခနဲတစ်ချက်ကြည့်သည်။

"ယူတယ်ကွ . . သူ့ကျူရှင်က ငါတို့လမ်းထဲက ဦးသိန်းမင်းဆီမှာလေ . . ငါသူ့ကိုအမြဲတမ်းတွေ့တယ် . . မင်းအဲဒီကျူရှင်တက်ချင်လို့လား . ."

"အဲဒီ ကျူရှင်ဘယ့်နှယ့်နေလဲ . ."

"မဆိုးပါဘူးကွ . . အောင်ချက်ကောင်းတယ်ပြောတာပဲ . . နောက်ပြီး ငါးဘာသာဂုဏ်ထူးရှင်တွေလည်း အတော်ထွက်တယ်ကြားတယ်"

ထိုအခိုက်မှာပင် မုန့်စားပြန်တက်သောခေါင်းလောင်းထိုးသံကြားရသဖြင့် ကျွန်တော်တို့အုပ်စုလည်းအတန်းထဲပြန်ဝင်ခဲ့သည်။ မိုးသည်တဖြိုင်ဖြိုင်ရွာနေလေပြီ။



"သားတို့အတန်းမှာတော်တဲ့သူတွေကများနေတာကိုး သားရဲ့ . . အဲဒီတော့ အဆင့်တွေပေးရင်လည်း မေမေ့စိတ်ထင်တော့ ပထမချည်းပဲ သုံးလေးယောက်လောက်ရှိလိမ့်မယ်ထင်တယ်။ အဲဒီတော့ သားတို့အဆင့်ဘိတ်ဖြစ်ရတာ သိပ်တော့မဆန်းပါဘူး . ."

ဖေဖေကတော့ ကျွန်တော့်စာကြည့်စားပွဲမှာဝင်ထိုင်ပြီး ကျွန်တော့်ရီပို့ကဒ်ကိုလေ့လာနေသည်။

"စည်းကမ်းရှိသေမှုမှာ သားကအေအဆင့်မှာရှိတယ်။ ကြိုးစားအားထုတ်မှုမှာ အေအဆင့်ရှိတယ် . . သန့်ရှင်းသပ်ရပ်မှုမှာလည်း အေပဲ . . ဒါပေမယ့် အဆင့်ကတော့ ခုနစ်ဆယ်ပဲ . . ပြီးခဲ့တဲ့လကလည်း ခုနစ်ဆယ်ပဲ . ."

ဖေဖေသည် တစ်ချက်ပြုံးလိုက်ပြီး ကျွန်တော့်ခေါင်းကို ယူကာ မိဘအုပ်ထိန်းသူနေရာတွင် လက်မှတ်ထိုးလေသည်။

"မေမေ . ."

"ဟေ . . ဘာလဲ သား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လပတ်စာမေးပွဲတွေမှာ အမြဲတမ်းပထမရချင်တယ် မေမေ . ."

"ဟာ . . ကောင်းလိုက်တာ သားရယ် . . ဒါမှဖေဖေ့သားကွ . . ကဲ . . လတ်ရေ . . သားကတော့ ကြိုးစားချင်နေပြီကွ . . လုပ်ပေးလိုက်ဦး . ."

ဖေဖေနှင့်မေမေသည် ကျွန်တော့်ခုတင်ပေါ်မှာလာထိုင်သည်။

"သားမေမေက ဆရာမတစ်ယောက်ကိုတော့ ပညာသင်ကြားရေးမှာ ဖေဖေ့ထက်ပိုတော်တယ် . . နောက်ပြီး ဖေဖေ့ထက်လည်း ပိုစိတ်ရှည်တယ် . . ဒါပေမယ့် သားကိစ္စမှာ ဖေဖေဝင်ပါပြီး ပြောရရင် ပထမရတာကို သားစိတ်ထဲမှာသိပ်ပြီး စိတ်အနှောင့်အယှက်မရှိစေချင်ဘူး . . တချို့က သင်ခန်းစာတွေကို အလွတ်ကျက်မှတ်လေ့ရှိကြတယ် . . တချို့က သဘောပေါက်နားလည်ဖို့လေ့လာသင်ယူတယ်. . အဲဒီနှစ်မျိုးမှာ ဘယ်ဥစ္စာက ကိုယ့်အတွက်ပိုကောင်းမယ်ထင်သလဲ. . ပညာရေးအတွက် ဘယ်ဟာက ပိုကောင်းမယ်ထင်သလဲ . . ကဲ . . သားဖြေ . ."

"ကျွန်တော်ကတော့ သဘောပေါက်နားလည်ဖို့ လေ့လာသင်ယူတာကို ပိုသဘောကျတယ် ဖေဖေ . . ပညာရေးလောကအတွက်တော့ ကျွန်တော်မသိဘူး ဖေဖေ . ."

ဖေဖေပြုံးလေသည်။

"ပညာရေးလောကအတွက်လည်း အဲဒါဟာအရေးကြီးတယ် သားရဲ့ . . ဟုတ်တယ် မဟုတ်လား လတ် . ."

မေမေကပြုံး၍ခေါင်းညိတ်လေသည်။ ဖေဖေက သူ့မိန်းမယောက်ခံချက်ကိုရသောအခါပို၍ကျေနပ်သွားပုံရပြီးဆက်ပြောသည်။

"သင်ခန်းစာတစ်ခုကို သဘောပေါက်နားလည်မှုမရှိဘဲ





အလွတ်ကျက်တာဆိုရင် အဲဒီသင်ခန်းစာကိုတစ်သက်လုံးစွဲနေအောင်မှတ်မိမှာမဟုတ်ဘူး . . ကျက်တုန်းခဏပဲပြီးတာနဲ့ပြန်မေ့သွားလိမ့်မယ် . . ဒါပေမယ့် ဖေဖေတို့ပြောင်းပြန် . . ပြန်တွေးကြည့်ကြရအောင် . . စာတွေကို အလွတ်ရအောင်ကျက်ခြင်းဖြင့်လည်း သင်ခန်းစာတွေကို နားလည်သဘောပေါက်လာမလား . . သား စဉ်းစားကြည့်စမ်း . ."

ကျွန်တော်နည်းနည်းစဉ်းစားကြည့်လိုက်သည်။

"တချို့သင်ခန်းစာတွေအတွက်တော့ မှန်တယ်ဖေဖေ . . အလွတ်ကျက်ခြင်းဖြင့်လည်း အဲဒီအကြောင်းအရာတွေကို နားလည်သဘောပေါက်သွားတယ် . . ဒါပေမယ့် တချို့သင်ခန်းစာတွေကျတော့ . ."

ထိုအခါ မေမေကကြားဝင်လာတော့သည်။

"ဒါကြောင့် မေမေပြောတာပေါ့ သား . . အလွတ်ကျက်သင့်တာတွေကို အလွတ်ကျက် . . နားလည်သဘောပေါက်အောင်လေ့လာသင့်တာတွေကိုလည်း လေ့လာ . . သားကို မေမေမေးမယ် . . သား နားလည်သဘောက်ပေါက်ထားပြီးသား အကြောင်းအရာကို စီကာပတ်ကုံးဖြစ်အောင် သားပြန်ရေးနိုင်သလား . ."

"ရေးနိုင်ပါတယ် မေမေ . ."

"ဟုတ်ရဲ့လား သား . . မေမေ့ကိုမလိမ်နဲ့ . . နားလည်သဘောပေါက်ပြီးသား အကြောင်းအရာကို ပြန်ရေးတဲ့အခါမှာ စကား လုံးရွေးချယ်မှုအားနည်းတာတွေရှိလိမ့်မယ် . . အသုံးအနှုန်းလွဲချော်သွားတာတွေ ရှိလိမ့်မယ် . . ဝါကျအဆင်မပြေတာတွေ ရှိလိမ့်မယ်. . မေမေပြောတာတွေ ဟုတ်သလား . . ."

ကျွန်တော်ပြုံး၍ ခေါင်းညိတ်လိုက်မိသည်။

"အဲဒီတော့ ဆရာမသင်ပေးထားတဲ့စာပိုဒ်ကို အလွတ်ကျက်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့သူက အဲဒီ့စာပိုဒ်ကို သည်၏မလွဲအောင်ပြန်ရေးနိုင်လိမ့်မယ်။ မေမေဆိုလိုတာက သင်ခန်းစာကိုအလွတ်ကျက်ဖို့ပြောတာမဟုတ်ဘူးနော်သား . . သဘောတရားကိုပြောတာ . . အဲဒီ့လိုစာပိုဒ်ကို စီကာပတ်ကုံးတစ်လုံးမကျန်ပြန်ရေးနိုင်ရင် သူဟာအဲဒီ့မေးခွန်းအတွက် အမှတ်ပြည့်ရမှာပဲ . . အခုကြည့်စမ်း . . သားဟာ စာမေးပွဲကို ကောင်းကောင်းဖြေနိုင်တယ်။ ပြီးတော့ တကယ်လည်းတတ်တယ်။ ဒါပေမယ့် အဲဒီ့တတ်ထားတာကို သားနားလည်သလိုပြန်ရေးချတဲ့အခါမှာ လွဲချော်သွားတာတို့ . . လိုသွားတာတို့ရှိလိမ့်မယ် . . အဲဒီ့ဟာတွေကြောင့် သားအမှတ်ပြည့်မရတာပဲ . . . "

ကျွန်တော် ခေါင်းညိတ်လိုက်မိပြန်သည်။

"အမှန်က လူတစ်ယောက် . . အဲ . . ကျောင်းသားတစ်ယောက်ရဲ့အရည်အချင်းကို အကဲခတ်ရာမှာမေးခွန်းလေးတစ်ပုဒ်ကိုမေးကြည့်ရုံနဲ့တော့ အကဲဖြတ်ဖို့သိပ်မလွယ်ဘူးသားရဲ့ . . မေမေတွေ့ဖူးတဲ့ ကုသိုလ်ကံကောင်းတဲ့ကလေးတစ်ယောက်အကြောင်းပြောပြမယ် . . အဲဒီ့ကလေးဟာ စာလည်းသိပ်မတော်ဘူး . . ပြီးတော့ စာမေးပွဲနီးတော့ ကျောင်းကလည်းပျက်သေး . . အဲဒီ့တော့ သူဟာ ဘာလုပ်သလဲဆိုရင် . . သူစိတ်ထင်တဲ့သင်ခန်းစာတွေပဲ အပိုင်ကျက်တော့တယ် . . တိုးရင်ဖြေနိုင်တယ် . . မတိုးရင်တော့ အကျခံမယ်ပေါ့ . . အဲဒီ့မှာပင် သူကျက်ထားတာတွေအားလုံးတိုးတယ် . . သူဟာ စာမေးပွဲအောင်လာတယ် . . ရှားရှားပါးပါးတကယ်ကိုဖြစ်ခဲ့တာ . . သူ့ကိုမေမေတို့ဟာ တော်တယ်လို့ပြောမလား . . ဒါကြောင့်မို့ စာမေးပွဲတစ်ခုတည်းနဲ့ အကဲဖြတ်ဖို့ဆိုတာသိပ်မလွယ်ဘူး . . ဒါပေမယ့် ကမ္ဘာမှာ ဒီကနေ့ထိ လက်ခံထားတဲ့အကဲဖြတ်စနစ်ဟာ စာမေးပွဲမို့ နောက်ကိုလည်း ဆက်ရှိနေဦးမှာပဲ . . "

ထိုအခါ မေမေက ရယ်စရာဝင်ပြောသည်။





"နောက်ဆိုရင့်တော့ ကွန်ပျူတာတွေအကူအညီနဲ့ကျောင်းသားရဲ့ခေါင်းကို ခေါင်းစွပ်စွပ်ပေးပြီး သူ့ရဲ့အသိပညာ၊ အတတ်ပညာကိုမေးတဲ့စနစ်တွေ ပေါ်ချင်ပေါ်လာနိုင်တယ်နော် လတ် . . ဟားဟား . . "

မေမေပါလိုက်ရယ်ပြီး ဆက်ပြောသည်။

"အဲဒီ့တော့ သားပထမရချင်ရင် ကိုယ်ဖြေတဲ့သင်ခန်းစာဟာ ပြည့်စုံတဲ့အချက်အလက်တွေပါဝင်ရမယ်။ ရေးထားတာလည်း ဆီလျော်ပြေပြစ်ရမယ်။ အဲဒါဆိုရင်တော့ အမှတ်ပြည့်ရမှာပဲ . . မေမေသားကို အကောင်းဆုံးအကြံဉာဏ်ပေးချင်တာတော့ သင်ခန်းစာကို နားလည်သဘောပေါက်ဖို့အရင်လေ့လာပါ။ ပြီးမှ အဲဒီ့သင်ခန်းစာကိုအလွတ်ကျက်သင့်မကျက်သင့်စဉ်းစားပါ။ လိုအပ်မယ်ထင်တာကို အလွတ်ကျက်ပါ။ အချက်အလက်နဲ့ ဆီလျော်အောင်ဖြေနိုင်မယ်လို့ထင်တာတွေကိုတော့ မကျက်ဘဲနေချင်နေနိုင်တယ်။ နောက်တစ်ချက်က ယောက်ျားလေးတွေထက်စာရင် မိန်းကလေးတွေဟာ အလွတ်ကျက်တဲ့နေရာမှာပိုတော်တယ်။ ဒါကြောင့်မို့လည်း သူတို့ဟာအဆင့်ကောင်းတတ်ကြတယ်။

ကျွန်တော့်စိတ်ထဲတွင် မိုးရတီဇော်ကို ဖျတ်ခနဲသွားသတိရလိုက်မိလေသည်။ ပြီးတော့ သူမပြောခဲ့သည့်စကားတွေကိုလည်း နား၌ပြန်ကြားလာသည်။

"လူကြားလို့မှမကောင်းဟယ် . . နင်ငါ့လိုပထမရဖို့အသာနေဦး . . ဘိတ်ဘဝကကျွတ်ဖို့ပဲ ကြိုးစားဦး . . . "

"ရယ်စရာကောင်းပါတယ်ဟာ . . နင် ဒီစကားတွေကို သူများတွေလျှောက်မပြောနဲ့ ရှက်စရာကြီး . . နောက်ပြီး နင်သိထားဖို့ ငါပြောလိုက်ဦးမယ် . . နင်ဟာ ငါ့ပြိုင်ဘက်မဟုတ်ဘူး . . "

ကျွန်တော် မသိမသာမဲ့ပြုံးပြုံးမိသွားလေသည်။



www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ်ပေါ့ သားရယ် . . သားမှာကြိုးစားချင်စိတ်ရှိတာကို ဖေဖေတို့ ဝမ်းသာပါတယ်။ လိုမယ်ထင်တာတွေရှိရင်လည်း သားမေမေကိုပြော . . ဖေဖေတို့ အတတ်နိုင်ဆုံးဖြည့်ဆည်းပေးမယ်"

ကျူရှင်ကိစ္စက ကျွန်တော့်ခေါင်းထဲ ချက်ခြင်းရောက်လာသည်။

"ကျွန်တော် ကျူရှင်ယူရင်ကောင်းမလား ဖေဖေ . ."

"အင်း . . ကျောင်းဆရာမရဲ့သားဟာ တခြားကျူရှင်သွားယူတယ်ဆိုတာကတော့ သိပ်မနိပ်ဘူး သား . . အဲဒီတော့ဖေဖေမေးမယ် . . သားကျောင်းမှာသင်ခဲ့ရတဲ့ သင်ခန်းစာတွေကို ဆရာမသင်ပြနိုင်ရုံလောက်ဘူး ထင်သလား . . ."

"အဲဒီလိုတော့ မဟုတ်ပါဘူး ဖေဖေ . ."

"ဒါဆိုရင် ဖေဖေတို့အချိန်ကိုစောင့်ကြည့်ကြသေးတာပေါ့ . . သား မေမေကလည်း အချိန်ရရင်ရသလို သားကိုသင်ပြပေးနေတာပဲဟာ . ."

ကျွန်တော် ခေါင်းညိတ်လိုက်မိသည်။ ကျွန်တော့်စိတ်ထဲတွင် အတွေးတွေ ဖြာလာပြန်သည်။ ကျွန်တော်၏ ပထမရချင်စိတ်သည် မိုးရတီဇော်၏စကားတွေကို မခံချင်သောကြောင့်ဖြစ်ပေါ်လာသော စိတ်ပင်လော၊ သို့တည်းမဟုတ် မိုးရတီဇော်၏စိတ်ထဲတွင် ကျွန်တော့်ကို အထင်ကြီးလာစေချင်သည့် သဘောပင်လော။ ကျွန်တော့်ကို ကျွန်တော် သိပ်မဝေခွဲနိုင်သော်လည်း ဒုတိယအချက်ကပိုဖြစ်နိုင်သည်ဟု ထင်နေမိသည်။

❦ ❦ ❦



(၃)

ဇူလိုင်လ၏ ပထမပတ်သည် မိုးဖြိုင်ဖြိုင်ရွာနေသော ကာလပင်ဖြစ်သည်။ ကျွန်တော်တို့၏အတန်းပိုင်ဆရာမသည် ကျောင်းသားတစ်ယောက်နှင့်အတူ စာသင်ခန်းဝသို့ရောက်လာသည်။ ထိုအချိန်တွင် ကျွန်တော်တို့တစ်တန်းလုံးဆူညံစွာသောင်းကျန်းချင်တိုင်းသောင်းကျန်းနေကြသည်။

အေးအေးစိုးသည် သူမ၏အဖွဲ့သားတွေကို သူမညကကြည့်ခဲ့သည့်ဗီဒီယိုဇာတ်ကားအကြောင်းပြန်ပြောနေသည်။ အောင်သူရတို့အဖွဲ့ကတော့ ခေတ်ပေါ် Hip Hop သီချင်းတစ်ပုဒ်ကို ခုံခေါက်၍သီဆိုနေကြသည်။ နောက်ဘက်ကကောင်တွေကတော့ ဘာတွေပြော၍ဘာတွေဟားနေသည် မသိဘဲတဝါးဝါးနှင့်ပွဲကျနေကြ၏။

ကျွန်တော်တို့ကတော့ စားပွဲခုံပေါ်လက်ထောက်ပြီး လက်လှဲပြိုင်ပွဲကျင်းပနေကြသည်။ ကျွန်တော်နှင့်စည်သူကတစ်တွဲ၊ မင်းမင်းနှင့်ဝဏ္ဏကတစ်တွဲ၊ ကျွန်တော်ကစည်သူကိုနိုင်လိုက်သလို၊ ဝဏ္ဏကမင်းမင်းကိုနိုင်လိုက်သည်။ ထို့ကြောင့် ကျွန်တော်နှင့်ဝဏ္ဏက ဗိုလ်လုပွဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ ထိုအချိန်မှာပင် ဆရာမကစာသင်ခန်းဝသို့ရောက်လာ၏။

တစ်တန်းလုံးသည် မီးကိုရေနှင့်ငြိမ်းသတ်လိုက်သလို ချက်ခြင်းငြိမ်သက်သွားသည်။ အေးအေးစိုးသည်ပြောလက်စ စကားကိုရပ်လိုက်ပြီး သူမ၏ပါးစပ်ကိုလက်နှင့်ပိတ်လိုက်၏။ ဆရာမသည် အခန်းထဲသို့ ခပ်မှန်မှန်ဝင်လာသည်။ သူ့နောက်မှကျောင်းသားသည် တုပ်ချောင်းချောင်းနှင့်ဆရာမနောက်မှလိုက်ဝင်လာသည်။

“ဆရာမ မရှိတဲ့အချိန်မှာသောင်းကျန်းချင်တိုင်းသောင်းကျန်းနေကြတာပေါ့ ဟုတ်လား . . ကောင်းတယ် . . တကယ်လို့များစောစောကဆရာကြီးများ ဘေးကဖြတ်သွားရင်ဘယ်လိုလုပ်မလဲ . . ဆရာမလည်း သိက္ခာကျ . . မင်းတို့လည်း အထင်သေးသွားမယ် . . တတာတည်း ဆူညံနေတာပဲ . .”

အောင်သူရတို့အုပ်စုထဲမှ ခပ်တိုးတိုးအသံထွက်လာသည်။

“ကျွန်တော်တို့အားလုံး စာကျက်နေကြတာပါ ဆရာမ . .”

“ဩော် . . စာကျက်နေကြတယ် ဟုတ်လား . . ဒါဆို စာတွေအတော်ရနေကြမှာပေါ့ . . ဟုတ်ပြီ . . ပြီးရင် မင်းတို့ကိုစာမေးကြည့်ရမယ် . .”

စာမေးမည်ဆိုသဖြင့် ကျွန်တော်တို့ရင်ထိတ်သွားမိကြလေသည်။ ဆရာမသည် ငြိမ်သက်သွားသောအခန်းကို အကဲခတ်သလို ခဏကြည့်သည်။

“ဒါ . . ဆရာမတို့ကျောင်းကိုပြောင်းလာတဲ့ ကျောင်းသားသစ်ပဲ။ အခုတို့အတန်းမှာသူနေရလိမ့်မယ်။ သူ့နာမည်က နီဟိန်းတဲ့”

ကျွန်တော့်ရင်ထဲဒိတ်ခနဲဖြစ်သွားမိလေသည်။ နီဟိန်းနှင့် နီတွတ်ကို ကျွန်တော်ကောင်းကောင်းမှတ်မိပါသည်။ သို့သော် ယခု ဆရာမအနားမှာကုပ်ချောင်းချောင်းရပ်နေသော ကျောင်းသားကို





ကျွန်တော်မမှတ်မိပါ။

“ကဲ . . နီဟိန်း . . ဟောဟိုအလယ်တန်းက မင်းဆွေလတ်ဘေးမှာ နေရာလွတ်တယ် . . အဲဒီမှာပဲ သွားထိုင် . .”

ကျွန်တော့်ဘေးသို့ နီဟိန်းရောက်လာပါသည်။ အနီးရောက်မှပင် နီဟိန်း၏ငယ်ရုပ်ကိုမှတ်မိသွားသည်။

“ဟေ့ကောင် နီဟိန်း . . မင်းငါ့ကိုမှတ်မိလား . . ငါ မင်းဆွေလတ်လေကွာ . . .”

“ဟာ . . ဟေ့ကောင် ဝမ်းသာလိုက်တာကွာ . . မင်းအနားမှာ ငါထိုင်ရတာ ကံကောင်းတာပဲ . . ငါ့ကို စာအုပ်ခဏငှားဦးကွ . . ငါတစ်လစာလောက် စာတွေပြန်ကူးရမယ် . .”

“မင်း ဘာဖြစ်လို့ အခုမှကျောင်းတက်ရတာလဲ . .”

“ငါ့အဖေ တာဝန်ကျတဲ့နေရာလိုက်ပြောင်းသွားရလို့ကွ . . ဒီကိုပြန်ပြောင်းဖို့ကိစ္စတွေနဲ့ ကျောင်းအပ်ဖို့နောက်ကျသွားတယ်”

“ဒါနဲ့ နီတွတ်တစ်ယောက်ရောကွ . .”

“သူလည်း ငါနဲ့အတူ ဒီကိုပြောင်းလာတယ် . . ဒါပေမယ့် သူက ဘီတန်းမှာနေရလိမ့်မယ်”

ထိုအခိုက်မှာပင် မိုးရတီဇော်သည် ကျွန်တော်ရှိရာနေရာသို့ မသိမသာတစ်ချက်လှည့်ကြည့်သည်။ သို့သော် သူမ၏မျက်လုံးသည် ကျွန်တော့်ကိုသာမန်မျှသာ ကျော်ကြည့်သွားပြီး နီဟိန်းကိုကျတော့ ခပ်ကြာကြာကြည့်လေသည်။ ကျွန်တော်တို့ကျောင်းကိုရောက်လာသည့် ကျောင်းသားသစ်တစ်ဦးကို စူးစမ်းသည့်အကြည့်ပင်လော။ နီဟိန်းတို့ညီအစ်ကိုသည် အသားဖြူ၍သပ်သပ်ရပ်ရပ်ရှိကြသည်။ ကျွန်တော့်ရင်ထဲ၌တစ်စုံတစ်ခုကိုစိုးရိမ်သောစိတ်ဖြစ်လာလေသည်။

မုန့်စားဆင်းချိန်ရောက်သောအခါ စောစောကမပြီးပြတ်ခဲ့သော လက်လှဲပြိုင်ပွဲကြီးကို ကျွန်တော်တို့ဆက်လက်ကျင်းပသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူကျောင်းသားတော်တော်များများ မုန့်ဈေးတန်းသို့ရောက်ကုန်ကြသော်လည်း အချို့ကတော့ စာသင်ခန်းထဲမှာ ကျန်ခဲ့ကြသည်။ ထိုအထဲတွင် မိုးရတီဇော်လည်း ပါလေသည်။ သူမသည် ကျွန်တော်တို့လုပ်ရပ်ကို မသိမသာအကဲခတ်ကြည့်နေသည်။

"ကဲ .. ဟေ့ကောင် မင်းဆွေလတ် .. မင်းနဲ့ငါဖိုင်နယ်ပဲ .. စလိုက်ရအောင် .."

ကျွန်တော်နှင့်ဝဏ္ဏစားပွဲတစ်လုံးမှာ မျက်နှာချင်းဆိုင်လိုက်ကြပြီး လက်စလှဲသည်။ ကျွန်တော်ကလည်း မိုးရတီဇော်ကြည့်နေသဖြင့် ပို၍အားတက်လာပြီး အတင်းညှစ်၍လှဲသည်။

"ဟုတ်ပြီကွ .. ခင်းဆွေလတ်ကွ .."

"ဝဏ္ဏကွ .."

"ဒီပွဲမှာနိုင်တဲ့သူဟာ ဘုရင့်သမီးတော်လေးနဲ့ လက်ဆက်ရလိမ့်မယ် ခင်ဗျာ .."

"ဟာ .. ဘယ်ကဘယ်လို ဘုရင့်သမီးတော်ကရောက်လာရပြန်တာလဲ .."

"ဟား ... ဟား ..."

ဝဏ္ဏ၏မျက်နှာသည် နီရဲ၍ရှုံ့မဲ့နေသလို ကျွန်တော့်မျက်နှာသည်လည်း ထိုသို့ဖြစ်နေလိမ့်မည်ထင်ပါသည်။ ထိုအခိုက်မှာပင် ဝဏ္ဏ၏ဘက်မှ တဖြစ်ဖြစ်အသံကိုကြားရသည်။

"ဟာ ..."

"ဘာသံလဲဟ ..."

"ဝဏ္ဏအီးတွေထွက်ကျလာပြီဟေ့ .. ပြေးကြ .."

ချက်ခြင်းပင် ရုတ်ရုတ်သဲသဲဖြစ်ကုန်သည်။ ဝဏ္ဏလည်း ချက်ခြင်းပင် ကျွန်တော့်ကိုအရှုံးပေးလိုက်ပြီး အိမ်သာဘက်သို့ပြေးလေတော့သည်။ ခဏနေတော့ ဒီကောင်ပြန်ရောက်လာသည်။ သူ့ပုဆိုး





တစ်ထည်လုံးလည်း ရေတွေစိုရွှဲနေသဖြင့် ပုဆိုးလျှော်လာခဲ့ပြီမှန်းသိလိုက်ကြသည်။

"မင်းကွာ .. ဘယ်လိုဖြစ်တာလဲ .."

"ငါ ပဲဟင်းနဲ့ထမင်းစားခဲ့လို့ကွ .. ဟီးဟီး .. လေနဲ့ဝမ်းရောသွားတယ်"

"အခုလို လက်လှဲပြိုင်ပွဲကြီးမှာ ဝဏ္ဏဟာမမျှော်လင့်ဘဲ အီးတွေထွက်ကျတဲ့အတွက်ကြောင့် အရှုံးပေးလိုက်လို့ မင်းဆွေလတ်ဟာ ချန်ပီယံဖြစ်သွားပါတယ်"

ကျွန်တော်တို့လက်လှဲပြိုင်ပွဲကို တစ်ချိန်လုံးရပ်ကြည့်နေခဲ့သော နီဟိန်းက ကျွန်တော့်ကိုလှမ်းပြောသည်။

"မင်းနဲ့ငါ တစ်ပွဲလောက်စမ်းကြည့်ရအောင် မင်းဆွေလတ်"

"ဟာ .. ကောင်းတယ်ဟေ့ .. ချန်ပီယံကိုစိန်ခေါ်တဲ့သူပေါ်လာပြီ .."

ကျွန်တော်နှင့်နီဟိန်းကို ဘေးကကောင်တွေက မြှောက်ပေးသဖြင့် ကျွန်တော်တို့နှစ်ယောက်လည်း မျက်နှာချင်းဆိုင်လိုက်သည်။ စည်သူက ဒိုင်လူကြီးလုပ်ပေးသည်။ ကျွန်တော်တို့နှစ်ယောက်လက်ချင်းဆုပ်ထားပြီး စ၍လက်လှဲသည်။ မိုးရတီဇော်သည် ကျွန်တော်တို့ကိုလှမ်းကြည့်နေဆဲပင်ဖြစ်သည်။ နီဟိန်းကား သန်လှချေသည်။ မည်သို့ အားထည့်လှဲလှဲမရချေ။ တစ်ချက်တစ်ချက်တွင် သူ့ဘက်သို့ ကျွန်တော့်လက်ပါသွားသလို တစ်ခါတစ်ခါတွင်လည်း သူ့လက်က ကျွန်တော့်ဘက်သလို့ပါလာသည်။

သို့သော် နောက်ဆုံးတွင် သူကျွန်တော့်ကိုနိုင်သွားသည်။ မိုးရတီဇော် ပြုံးလိုက်သည်ထင်ပါသည်။ ကျွန်တော့်ရင်ထဲတွင်အောင့်သွား၏။ မြတ်စွာဘုရား .. ကျွန်တော်မိုးရတီဇော်ကိုချစ်မိနေပြီလားမသိပါ။ ဝဏ္ဏနှင့်နီဟိန်းကိုဆက်တိုက်လှဲခဲ့ရသဖြင့် ကျွန်တော့်လက်

www.burmeseclassic.com



တွေနာကျင်ကိုက်ခဲနေသည်။ ခဏနေတော့ ကျွန်တော်တို့အတန်းသို့ နီတွတ်ရောက်လာသည်။

သူသည်နီဟိန်းထက်အရပ်အနည်းငယ်မြင့်ပြီး ကိုယ်လုံးလည်း ပိုထွားသည်။

"ဟေ့ကောင် မင်းဆွေလတ် . . မင်းအတော်အရပ်ရှည်လာတာပဲ . . ."

သူက ကျွန်တော့်ပခုံးကိုလာဖက်သည်။ သူ့ကိုကျွန်တော် ပြန်ဖက်လိုက်၏။ ကျွန်တော်တို့နှစ်ယောက်သည် အရပ်အတူတူပင်ဖြစ်သည်။ နီတွတ်သည် ကျွန်တော်နှင့်စကားစမြည်ခဏပြောပြီး သူ့အတန်းသို့သူပြန်သွားသည်။ ထိုနေ့ကျောင်းဆင်းချိန်ရောက်သောအခါ နီဟိန်းကို ကျွန်တော်စာအုပ်အချို့ငှားလိုက်သည်။ သူသည် စာအုပ်ထဲက မှတ်စုတွေကို ဖိုတိုစတတ်ကူးပြီး စာအုပ်တွေကို ကျွန်တော့်အားပြန်ပေးသည်။

နောက်နှစ်ရက်လောက်ကြာသောအခါ ကျွန်တော်တို့အတန်းထဲသို့ နီဟိန်းရောက်မလာမီမှာပင် မင်းမင်းကကျွန်တော့်ကို ခပ်တိုးတိုးပြောသည်။

"နီဟိန်းတို့ညီအစ်ကိုနှစ်ယောက် မိုးရတီဇော်ရဲ့ကျူရှင်မှာတက်နေတယ်ကွ . . ဒီနေ့ငါမြင်ခဲ့တယ် . ."

ကျွန်တော့်စိတ်ထဲတွင် ဘာရယ်မဟုတ်ဘဲ တစ်မျိုးဖြစ်သွားသည်။ ပြီးတော့ ကျွန်တော့်ရင်ထဲမှခံစားမှုကို သူငယ်ချင်းတွေကို ထုတ်ဖော်ကြည့်ချင်လာသည်။ အတန်းထဲမှာ လူသိပ်မရှိသေး။

"ဟေ့ကောင် မင်းမင်း . . မင်းကို ငါစကားနည်းနည်းပြောချင်တယ် . . ဝရံတာခဏသွားရအောင် . . ."

စကြံန်ရောက်သောအခါ စည်သူနှင့်ဝဏ္ဏပါရောက်လာသဖြင့် အတော်ပဲဖြစ်သွား၏။ ကျွန်တော်လည်း ငယ်ငယ်က ကိုရင်





ဝတ်ခဲ့တုန်းက မိုးရတီဇော်ကျွန်တော့်ကို ကန်တော့ခဲ့သဖြင့် စိတ်ထဲပီတိဖြစ်ခဲ့ရပုံမှ ယခု သူမအပေါ် စိတ်လှုပ်ရှားမိနေပုံတွေ ခပ်ကျဉ်းကျဉ်းပြောပြလိုက်သည်။

"အင်း . . အဆန်းပဲကွ . . ငါ့အထင်ပြောရရင် မင်းအခုဖြစ်နေတဲ့ကိစ္စဟာ သွေးရိုးသားရိုးမဖြစ်နိုင်ဘူး . ."

စည်သူ့စကားကြောင့် ကျွန်တော်လည်း စိတ်ဝင်စားသွားမိသည်။

"ဟာ . . လုပ်ပါဦးကွ . . ဘယ်လိုသွေးရိုးသားရိုး မဖြစ်နိုင်တာလဲ . ."

"ဒီလိုကွ . . ဒါဟာ စိတ္တဇပဲ . ."

"ဟာ . . ငါက အကောင်းမှတ်လို့ . . မင်းကြီးတော်ကြီးစိတ္တဇပါလား . ."

"ဟား . . . ဟား"

ထိုခဏမှာပင် ကျောင်းပြန်တက်သည့်ခေါင်းလောင်းထိုးသံကြားရသည်။ ကျွန်တော်တို့အုပ်စုလည်း အတန်းထဲပြန်ဝင်ခဲ့သည်။ နီဟိန်းလည်းရောက်နေလေပြီ။ ကျွန်တော်နီဟိန်းဘေးမှာပင် ထိုင်လိုက်သောအချိန်ထိ ဆရာမကရောက်မလာသေး။ အတန်းသူအတန်းသားတို့သည် စကားကိုခပ်အုပ်အုပ်ပြောနေကြသည်။ နီဟိန်းသည် ကျွန်တော့်ကိုလက်တို့ပြီး ခပ်တိုးတိုးပြောသည်။

"ဟေ့ကောင် မင်းဆွေလတ် . . မိုးရတီဇော်နဲ့ မင်းရင်းနှီးလား . ."

"ဘာဖြစ်လို့လဲ . ."

"သူနဲ့ငါတို့ကျူရှင်အတူတူပဲကွ . . သူက စာလည်းတော်တယ်ကွနော် . . ဟဲ . . ဟဲ . . ပြီးတော့ ရုပ်လည်းချောတယ်"

ကျွန်တော်နီဟိန်း၏မျက်နှာကို မသိမသာစူးစမ်းလိုက်သည်။

ထော်ဝင်းမြိုင် စာအုပ်တိုက်

www.burmeseclassic.com



သို့သော် သူသည်ကျွန်တော့်ကိုမကြည့်ဘဲ မိုးရတီဇော်ကိုသာ လှမ်းကြည့်နေသည်။

"စာတော်ဆို . . သူကငယ်ငယ်ကတည်းက အတန်းတိုင်းမှာ ပထမရလာတာကွ . . ပြီးခဲ့တဲ့ဖွန်လပတ်စာမေးပွဲမှာလည်း ပထမပဲ"

"ဟုတ်လား . . ဒါဆိုရင်တော့ ပွဲကြီးပွဲကောင်းတော့တွေ့ပြီကွ . ."

"ဘာလဲကွ . . မင်းစကားက . ."

"ဩော် . . ငါလည်း နှစ်တိုင်းအတန်းတိုင်းမှာ ပထမရလာခဲ့တဲ့ ကောင်ကွ . . ဒီတစ်ပတ်တော့ထားကွာ . . စတက်ခါကစဖြစ်လို့ ငါ ပထမရမယ်မပြောနိုင်သေးဘူး . . ရှေ့တစ်ပတ်ကျရင် မင်းကြည့်နေ . ."

ကျွန်တော် မျက်နှာပျက်သွားသည် ထင်ပါသည်။ ကျွန်တော့်မှာ ပြိုင်ဘက်များလေပြီ။ မိုးရတီဇော် တစ်ယောက်တည်းကိုသာ မဟုတ်ဘဲ နီဟိန်းကိုပါလိုက်ပြိုင်ရတော့မည့် သဘောဖြစ်သည်။



မိုးနှင့်အတူ လေကပါခပ်ကြမ်းကြမ်းတိုက်ခတ်နေသဖြင့် ထီးကိုမနည်းထိန်းကိုင်ထားရသည်။ ကျောင်းချိန်နီးနေပြီဖြစ်သဖြင့် ကျွန်တော်လည်း ခပ်သုတ်သုတ်လျှောက်သည်။ လမ်းတစ်လျှောက်လုံးမှာ လူရှင်းလျက်ရှိသည်။ ထိုအခိုက်မှာပင် ရှေ့ကလမ်းထဲမှကျောင်းသူတစ်ယောက်ထွက်လာသည်။ မိုးရတီဇော်ပင်ဖြစ်ပါသည်။ သူမသည် ခပ်ကြမ်းကြမ်းရွာနေသောမိုးကြောင့် ထီးသေးသေးလေးနှင့်အခက်အခဲဖြစ်နေရှာသည်။ လက်ထဲမှာကိုင်ထားသော စာအုပ်တချို့နှင့် သူမ၏ကိုယ်ကို ထီးသေးသေးလေးဖြင့် ကြိုးစားကာကွယ်နေရလေသည်။

ကျွန်တော်လည်း ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ သူမထံကပ်သွားလိုက်သည်။

"မိုးရတီဇော် . ."

သူမသည် ကျွန်တော့်ကိုကြည့်သည်။ အားတတ်သွားပုံလည်းရ၏။

"ရော့ . . နင့်ထီးငါ့ပေး . . ငါ့ထီးနင်ယူသွား . ."

www.burmeseclassic.com



ကျွန်တော်က ဆိုးဆိုးဆတ်ဆတ်ပင် သူမ၏လက်ထဲက ခေါက်ထီးသေးသေးလေးကို လုယူလိုက်ပြီး ကျွန်တော့်ထီးကြီး (ဂေါက်သီးသမားတွေ ကိုင်ထားသောထီးကြီး) ကို သူမ၏လက်ထဲသို့ ထိုးထည့်ပေးလိုက်သည်။

"အဲဒီထီးနဲ့မှ နင်မိုးမစိုမှာ . ."

သည်မျှသာပြောပြီး ကျွန်တော်ရှေ့မှလျှောက်သည်။ ကျွန်တော့်တစ်ကိုယ်လုံးမိုးရေတွေ ချက်ခြင်းစိုရွှဲသွားလေသည်။ နောက်ကို လှည့်ကြည့်မိသောအခါ မိုးရတီဇော်သည် မိုးရေထဲတွင် ခပ်မှန်မှန် လျှောက်လာနေသည်။ ကျွန်တော်ကျေနပ်ပီတိဖြစ်စွာဖြင့် ပြုံးလိုက်မိသည်။ ကျောင်းကိုရောက်သောအခါ ကျောင်းတက်ခေါင်းလောင်းထိုးနေလေပြီ။

ကျွန်တော်လည်း အထဲကိုမဝင်သေးဘဲ မိုးရတီဇော်ကို ခဏစောင့်နေလိုက်သည်။ ခဏအကြာမှာ သူမရောက်လာပြီး ကျွန်တော့် အခြေအနေကိုကြည့်ပြီး မျက်လုံးကလေးဝိုင်းနေ၏။

"ဟယ် . . မင်းဆွေလတ် . . နင့်တစ်ကိုယ်လုံးစိုရွှဲနေပါလား"

"ရပါတယ်ဟာ . . ခါတိုင်းဆိုထီးမပါဘဲတောင် ကျောင်းကို လာတာ . ."

သူမနှင့်ကျွန်တော် ထီးပြန်လဲသည့်အခိုက်တွင် သူမက ကျွန်တော့်ကို ဖျတ်ခနဲကြည့်သည်။

"ကျေးဇူးပဲနော်"

"ရပါတယ်ဟာ . ."

သူမ ကျွန်တော့်ကိုပြုံးလေသည်။ ပြီးတော့ စာသင်ခန်းတွေဘက်လျှောက်သွားသည်။ ထဘီအောက်ဘက်တွေစိုရွှဲနေသော သူမ၏ နောက်ပိုင်းကိုကြည့်၍ ကျွန်တော်စိတ်ပူသွားမိလေသည်။ သည်ထဘီနှင့် ကျောင်းဆင်းချိန်အထိ နေရမည့်ဒုက္ခ။ မတော်တဆ





ဖျားလျှင်၊ နာလျှင် . . .

သူမထက်စာလျှင် ကျွန်တော်အခြေအနေပိုဆိုးပါလျက် ကိုယ့်ကိုယ်ကိုယ်မပူဘဲ သူမအပေါ်သာ စိတ်ပူမိခြင်းကို အံ့သြသွားမိလေသည်။ စာသင်ခန်းထဲသို့ ကျွန်တော်ရောက်သွားသောအခါ အခန်းထဲမှာ ဆရာမရောက်နေလေပြီ။ ကျွန်တော့် တစ်ကိုယ်လုံး စိုရွှဲနေသဖြင့် နီဟိန်းနှင့်ကျွန်တော် နေရာလဲထိုင်လိုက်သည်။

"မင်းဖြစ်ရဲ့လား မင်းဆွေလတ် . . နေမကောင်းဖြစ်နေဦးမယ် . ."

"ရပါတယ်ကွ . ."

ရပါတယ်ကွ ဆိုသော်လည်း ကျွန်တော်ခဏခဏနှာချေမိလေသည်။ မုန့်စားဆင်းချိန်ရောက်သော် ကျွန်တော့်အခြေအနေက အတော်ဆိုးနေလေပြီ။ မျက်လုံးတွေလည်းနီရဲနေလေပြီ။ နီဟိန်းက ဆေးသွားဝယ်မည်ပြောပြီး ထွက်သွားသည်။ ကျွန်တော်လည်း အကြံအစည်တစ်ခုရသဖြင့် မင်းမင်းတို့အုပ်စုကို ဖွင့်ဟတိုင်ပင်လိုက်သည်။

"ဒီအတိုင်းဆိုရင် ငါဖျားတော့မယ်ထင်တယ်ကွ . . အဲဒီတော့ မနက်ဖြန်ကို ငါဖျားဖျား မဖျားဖျားကျောင်းမတက်ဘူး . . မင်းတို့က ငါနေမကောင်းလို့ ကျောင်းမတက်နိုင်ဘူးဆိုတာ မိုးရတီဇော် သိအောင်သွားပြောကြ . . အဲဒါဆိုရင် ကျောင်းဆင်းတဲ့အခါ သူငါ့ဆီ ရောက်လာမှာပဲ . . ဟဲ ဟဲ . ."

"ဟာ . . . ဒီကောင် . . . ဒီလောက်အခြေအနေဆိုးတာ တောင် နှာဘူးကထချင်နေသေးတယ် . ."

"နေပါဦး . . သူ မင်းဆီရောက်လာတော့ရော ဘာထူးမှာမို့လဲ . . ."

"ထူးတော့ထူးလိမ့်မယ်ထင်တယ် . . အင်း . . အနည်းဆုံးတော့ သူငါ့နဖူးကို စမ်းမှာပဲကွ . . ပြီးတော့ လက်တွေဘာတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ချင်ကိုင်မှာပေါ့ကွာ . . ဘာပဲဖြစ်ဖြစ် သူငါ့ဆီရောက်လာတယ် ဆိုရင်ပဲ . . ကျေနပ်စရာကောင်းနေပြီ”

ခဏနေတော့ နီဟိန်းက ပါရာစီတမောဆေးပြားတစ်ပြား ကျွန်တော့်လက်ထဲလာထည့်သည်။

“ခပ်မြန်မြန်သောက်လိုက် ဟေ့ကောင်”

“ရေရော . . .”

“မင်းဘာသာ ကောင်မလေးတွေဆီက သွားတောင်းတော့ ကွာ . .”

ကျွန်တော်လည်း ကောင်မလေးတွေထံမှာ ရေသွားတောင်း သည်။ ရေဘူးလေးက သူမလိုပဲလှပါသည်။ ကျွန်တော်ရေဘူးကိုဖွင့်၍ ဆေးသောက်လိုက်သည်။

“အမှန်က နင်ဆရာမကိုခွင့်တောင်းပြီး အိမ်ပြန်အဝတ် အစားလဲလိုက်ဖို့ကောင်းတယ် . .”

“ရပါတယ်ဟာ . . ငါဘာမှမဖြစ်ပါဘူး . . ငါက နင့်အတွက် သာစိုးရိမ်နေတာ . . .”

ကျွန်တော်လည်း အခွင့်အရေးလေးရတုန်းရခိုက် အရဲစွန့် လိုက်မိသည်။ သူမသည် မသိမသာပြုံး၍ မျက်စောင်းထိုးလေသည်။ သူမနားမှာ သည့်ထက်ကြာကြာနေချင်သော်လည်း မသင့်တော့သဖြင့် ကျွန်တော်ကိုယ့်နေရာကိုပြန်လာခဲ့သည်။ ထိုအချိန်တွင် စည်သူသည် ရှေ့က အေးအေးစိုးကို ခပ်တိုးတိုးစကားတွေပြောနေ၏။ သူက ကျွန်တော်ရောက်လာသဖြင့် စိတ်အနှောင့်အယှက်ဖြစ်သွားပုံရပြီး အသံခပ်တိုးတိုးဖြင့် . . .

“ဟာ . . ဟေ့ကောင် ဘာလို့လာတာလဲ . .”

“ငါ့နေရာငါလာတာပဲ . . ဘာဖြစ်လဲ . . .”

“ငါ . . အေးအေးစိုးကို နောက်မလို့ကွ . . မင်းမကြားချင်





ယောင်ဆောင်နေနော် . . .”

“အေးပါကွ . . မင်းဘာသာဆက်လုပ်ပါ . .”

ရှေ့ကအတန်းမှာ အေးအေးစိုးနှင့်သင်းလဲ့ဝါထိုင်နေသည်။ စည်သူက အေးအေးစိုးပခုံးကို လက်နှင့်တို့လိုက်ရာ အေးအေးစိုးက လှည့်ကြည့်သည်။ သူမသည် ကျွန်တော် နှာချေလိုက်သဖြင့် မျက်စောင်းထိုးသည်။

“နင့် . . တုပ်ကွေးတွေတော့ တို့ကိုကူးတော့မှာပဲ . .”

“ထားလိုက်စမ်းပါဟာ . . ဒီကောင့်တုပ်ကွေးက လောလော ဆယ်မကူးနိုင်သေးပါဘူး . . ဒါနဲ့စောစောက ငါပြောနေတာ ဘယ် ရောက်သွားပြီလဲ . . .”

“အင်း . . တချို့အင်္ဂလိပ်စကားတွေဟာ အဓိပ္ပါယ်နှစ်မျိုး ထွက်တယ်ဆိုလား . . ဘာလား . .”

“အေး . . ဟုတ်တယ်ဟ . . ငါ့စကားငါပြန်မှတ်မိပြီ . . အဲဒီ တော့ နင့်ကိုငါမေးမယ် . . နင်ကြိုးစားပြီးဖြေနော် . . .”

အင်္ဂလိပ်စာတွေမေးတော့မည်ဖြစ်သဖြင့် အေးအေးစိုး ကျေနပ်သွားပုံရ၏။

“အေး . . မေး . . ငါဖြေနိုင်တာဆိုရင်ဖြေမယ် . .”

“ဒါဆို . . I am your wife အဲဒါဘာအဓိပ္ပါယ်လဲ . .”

“ဟယ် . . ဒီလောက်လွယ်လွယ်လေးများဟယ် . . ငါဟာ နင့်မိန်းမပေါ့ဟဲ့ . . ဒါလေးများ . .”

“ဟုတ်လား . . .”

အေးအေးစိုးသည် ဘာမှမရိပ်မိ။ ကျွန်တော်ရယ်လိုက်သဖြင့် စည်သူကမျက်စိမှိတ်ပြသည်။

“ဟုတ်ပြီ . . နင်မဆိုးဘူး အေးအေးစိုး အမှန်ကိုပြောနိုင် တယ် . . ဒါပေမယ့် အင်္ဂလိပ်စာအသုံးအနှုန်းက ရှုပ်တယ်ဟ . . အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပါယ်နောက်တစ်မျိုးကိုပြီးမှ ငါပြောပြမယ် . . ဒီတစ်ခါထပ်မေးဦးမယ် . . နင်မှန်မှန်ဖြေနော် . . "

"အေးပါဟာ . . "

"ဒါဆိုရင် Are you my husband? အဲဒါဘာလဲ . . . "

"လုပ်ပြန်ပြီ . . ဒါလေးများဟာ ရှင်ဟာ ကျွန်မယောကျ်ားလား . . "

"အေး . . ဟုတ်တယ် . . "

ကျွန်တော်ရယ်လိုက်သောအခါ အေးအေးစိုးက မသက်မသာနှင့် စည်သူ့ကိုကြည့်သောအခါ စည်သူက ကျွန်တော့်ခြေထောက်ကို တက်နင်း၏။ ထို့ကြောင့် ကျွန်တော်မျက်နှာပိုးသပ်လိုက်ရသည်။ သင်းလဲ့ဝါသည် အေးအေးစိုးကို တစ်စုံတစ်ခုကပ်ပြောလိုက်သောအခါ အေးအေးစိုးက . . .

"ကောင်စုတ်နော် . . ငါ့ကို ဘာနောက်မလို့လဲ . . "

"နောက်မလို့မဟုတ်ပါဘူးဟာ . . သင်ပေးမလို့ပါ . . ကဲ . . စောစောက နင်ဖြေတဲ့အဖြေတွေဟာ မှန်ပေမယ့် နောက်တစ်မျိုးရှိသေးတယ် . . ငါပြန်မေးမယ်နော် . . I am your wife အဲဒါဘာလဲ . . . "

"ငါဟာ နင့်မိန်းမပေါ့ဟဲ့ . . "

"အေး . . ဟုတ်တယ် . . ဒါပေမယ့် နောက်အဓိပ္ပါယ်တစ်မျိုးက . . အင်း . . ငါဟာ . . နင့်မယားတဲ့ဟုတ်ပြီလား . . အဲဒီလိုပဲ Are you my husband? အဲဒါကိုပြန်ဖြေကြည့်ဦး . . "

"နင်ဟာ ငါ့ယောကျ်ားလား . . . "

"အေး . . ဟုတ်တယ် . . ဒါပေမယ့် နောက်အဖြေတစ်ခုက နင်ဟာ ငါ့လင်လား . . "

"ဟား . . . ဟား "





ကျွန်တော်မည်သို့မှထိန်း၍မရတော့ဘဲ ရယ်လိုက်သောအခါ ကောင်မလေးတွေလည်း သဘောပေါက်သွားပြီး စည်သူ့ကိုထုတော့သည်။ ထိုခဏတွင်ပင် ကျောင်းတက်ခေါင်းလောင်းထိုးတော့သည်။ စာသင်ခန်းထဲသို့ ကျောင်းသားကျောင်းသူတွေပြန်ဝင်လာကြသည်။

ဆရာရောက်လာသောအခါ စာစသင်လေသည်။ အင်္ဂလိပ်စာဆရာ ဦးကျော်မိုး။ ဆရာကား အသင်အပြကောင်းလှချေသည်။ ကျွန်တော့်စိတ်ထင်ပြောရလျှင် ဆရာဦးကျော်မိုးသင်ပြမှုနှင့်ပင် ကျွန်တော်တို့အတွက်ပြည့်စုံလုံလောက်နေသည်ထင်ပါသည်။ အပြင်ကျူရှင်ကိုထပ်၍ယူရန်မလိုအပ်တော့ပါ။ အပြင်ကျူရှင်သည် ဆရာ့လောက်ကောင်းမည်မထင်ပါ။

တည်ငြိမ်အေးဆေးသော ဆရာ့အသံသည် ကျွန်တော်တို့ရင်ထဲသို့ရှင်းလင်းစွာဝင်ရောက်လျက်ရှိသည်။ ကျွန်တော်တို့တစ်တန်းလုံးသည် ဆရာ့ထင်မြင်ချက်တွေကို ငြိမ်ငြိမ်သက်သက်နာယူနေကြသည်။ ထိုအခိုက်မှာပင် မည်သူဆီကမှန်းမသိသည့် အနံ့ဆိုးတစ်ခုက ကျွန်တော်တို့ဆီပျံ့လွင့်လာသည်။

"ထွီ . . ဆိုးလိုက်တဲ့အနံ့ကွာ . . ဒီလောက်လူတွေကြားမှာ ဒီလိုလုပ်ရသလား . . စည်သူ မင်းလား . . "

"နိုး . . မင်းမင်း . . . မင်းလား . . "

"လုံးဝပဲ . . နီဟိန်းလား . . "

"မဟုတ်ဘူး . . မင်းဆွေလတ် . . မင်းကနေမကောင်းဖြစ်နေတဲ့ကောင် မင်းပဲဖြစ်ရမယ် . . . "

"ဘာဆိုင်လို့လဲ . . ငါလည်း မဟုတ်ဘူး . . "

ဝဏ္ဏကလည်း ဝင်ပြောသည်။ ထို့ကြောင့် ကျွန်တော်တို့လည်း မိန်းကလေးတွေကို စူးစမ်းရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . အေးအေးစိုး . . နင်ခရည်းသီးနဲ့ ထမင်းစားခဲ့တယ် မဟုတ်လား . ."

"အလိုတော် . . ငါတို့ဘာသာငါတို့ ဘာနဲ့စားစားပေါ့ . . နင့်အပူလား . ."

"အရင်ကတော့ နင်တို့ဘာနဲ့စားစား ငါတို့အပူမဟုတ်ဘူး . . အခုတော့ ငါတို့အပူဖြစ်လာပြီ . . ဒီကိစ္စကိုငါတို့စုံစမ်းဖော်ထုတ်ရလိမ့်မယ် . . ဟုတ်တယ် မဟုတ်လား သူငယ်ချင်းတို့ . . ."

"ဟုတ်တယ် . ."

ကျွန်တော်တို့အုပ်စုမှ အသံခပ်တိုးတိုးတွေ ထွက်လာသဖြင့် ဆရာက ကျွန်တော်တို့ကိုလှမ်းကြည့်သည်။ ကျွန်တော်တို့ မခုတ်တတ်သည့်ကြောင်ပုံစံနေလိုက်မှ ဆရာကတစ်ဖက်သို့လှည့်သွားသည်။ စည်သူက ထိုအခါမှ . . .

"ဒီနားမှာ တို့အုပ်စုနဲ့နင်တို့အုပ်စုပဲရှိတယ် . . အဲဒီတော့ တို့အုပ်စုမဟုတ်ရင် နင်တို့ပဲဖြစ်ရမယ် . . နင်တို့ထဲက တစ်ယောက်ပေါက်တာမဟုတ်လား . . အနံ့ကိုက နင်တို့အနံ့ပဲ . ."

"ဩော် . . နင်က ဒီလောက်တောင် အနံ့ခံကောင်းနေတယ်ပေါ့ ဟုတ်လား . . ."

"အေးပေါ့ဟ . . ငါက ဘယ်သူလဲဆိုတာတောင်သိတယ်"

"ဒါဆို နင်ကခွေးပေါ့ . . ."

"ကောင်မစုတ် . . ဘာစကားပြောတာလဲ . ."

ဆရာကစာသင်ခြင်းအလုပ်ကိုရပ်လိုက်ပြီး ဝှိုက်ဘုတ်ပေါ်မှာ စာတွေရေးပေးသဖြင့် ကျွန်တော်တို့လိုက်ကူးရသည်။

"ဘယ်လိုလုပ်ကြမလဲ . . တရားခံမပေါ်တဲ့ဒီအမှုကိုပလပ်လိုက်ရမလား . . ."

စည်သူသည် ခပ်တိုးတိုးရယ်လေသည်။





"ငါကြားဖူးတဲ့ အီးသူခိုးပုံပြင်ထဲကလို လုပ်ရင်ကောင်းမလား လို့ကွ . ."

ကျွန်တော်တို့စိတ်ဝင်စားသွားမိသည် ရှေ့တန်းက ကောင်မလေးတွေကလည်း စည်သူ့စကားကို မသိမသာနားစွင့်ထားသည်။ စည်သူက အသံခပ်တိုးတိုးဖြင့် စပြောသည်။

"တစ်ခါတုန်းကပေါ့ကွာ . . မြစ်ဆိပ်တစ်ခုမှာ လှေလေးတစ်စင်းရှိတယ် . . အဲဒီလှေပေါ်မှာ လှေသမားလေးတစ်ယောက်အိပ်ပျော်နေတယ် . . အဲဒီမှာမြစ်ကိုဖြတ်ကူးမယ့် လူကြီးသုံးယောက်ရှေ့ဆင့်နောက်ဆင့်ဆိုသလိုရောက်လာတယ် . . သူတို့သုံးယောက်ဟာ လှေထိုးသားလေးကိုနှိုးပြီး လှေပေါ်တက်လိုက်ကြတယ် . . ဒါနဲ့ပဲ အဲဒီပါစင်ဂျာသုံးယောက်ကိုတင်ပြီး လှေထိုးသားလေးဟာ မြစ်ကိုဖြတ်ကူးခဲ့တယ် . . မြစ်လယ်လောက်ရောက်တော့ လှေပေါ်မှာ အီးစော်နံလာတယ်တဲ့ . ."

ကျွန်တော်တို့တတွေ ကြိတ်၍ရယ်လိုက်ကြသည်။

"အဲဒီတော့ လှေထိုးသားလေးက စဉ်းစားတယ်။ ဒီလှေပေါ်မှာ စီးလာတဲ့လူက ငါနဲ့ပါဆိုရင်လေးယောက် . . ငါ မပေါက်တာတော့ သေချာတယ် . . ဒီလူကြီးသုံးယောက်ထဲက တစ်ယောက်ပေါက်တာပဲဖြစ်မယ်လို့တွေးသတဲ့ . . ပြီးတော့ အဲဒီလူကြီးတွေကိုလှမ်းမေးသတဲ့ . . စောစောကပေါက်တဲ့ အီးဟာ ဦးလေးတို့သုံးယောက်ထဲကပဲ . . ဘယ်သူလဲလို့မေးတဲ့အခါ အဲဒီလူကြီးသုံးယောက်ကလည်း သူတို့မပေါက်ကြောင်းငြင်းသတဲ့ . . ဒီတော့ လှေထိုးသားလေးက ဒီလိုဆိုရင်တော့ ဒီလူကြီးသုံးယောက်ထဲက ဘယ်သူအီးသူခိုးလဲ ဆိုတာ ငါဖော်ထုတ်မှဖြစ်တော့မယ်လို့ တွေးလိုက်သတဲ့ . . ဒီလိုနဲ့ လှေကလေးဟာ တစ်ဖက်ကမ်းကိုရောက်သွားပြီး ခရီးသည်လူကြီးသုံးယောက်ဟာကျသင့်တဲ့ ကူးတို့ခငွေတစ်မတ်စီကို ထုတ်ပေးကြပြီး ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကို အလျှိုလျှိုတက်သွားကြသတဲ့ . . အဲဒီ့အခါမှာ လှေထိုးသားလေးက ဒီလိုလှမ်းအော်ပြီးပြောလိုက်သတဲ့ . . ဗျို့ . . အီးပေါက်တဲ့လူကြီး ခင်ဗျားပိုက်ဆံတစ်မတ်မပေးရသေးဘူးလေလို့ လှမ်းအော်ပြောလိုက်တဲ့အခါ အီးတကယ်ပေါက်ခဲ့တဲ့လူကြီးက ယောင်ပြီး ဟ . . အခုလေးတင် မင်းကိုငါပိုက်ဆံတစ်မတ်ပေးခဲ့ပြီးပြီလေလို့ ပြန်အော်ပြောလိုက်တော့မှ အီးသူခိုးဟာ ဘယ်သူလဲဆိုတာ ပေါ်သွားတော့တယ်ကွ . . . ဟား . . . ဟား . . "

ကျွန်တော်တို့ သူ့ပုံပြင်ကို ချက်ခြင်းနားလည်ပြီး ရယ်လိုက်ကြသော်လည်း ကောင်မလေးတွေကတော့ ချက်ခြင်းသဘောက်မပေါက်ဘဲ ယောင်နနဖြစ်နေကြ၏။ ထို့ကြောင့်တစ်စုံတစ်ခုကို အလျှင်အမြန် သဘောပေါက်နားလည်ရာမှာ ယောကျ်ားလေးတွေက မိန်းကလေးတွေထက် ပိုသည်ကိုကျွန်တော်ရိပ်မိလိုက်၏။



(၄)

ကျွန်တော်အမှန်တကယ်ပင် တုပ်ကွေးမိနေခဲ့ပါသည်။ ထိုနေ့က အိမ်ပြန်ရောက်ရောက်ခြင်းပင် ကိုယ်တွေပူပြီး အပြင်းဖျားလေတော့သည်။ ပထမတော့အိမ်မှာရှိသည့် အိမ်သုံးဆေးတွေသောက်ပြီးအိပ်ရာထဲခွေနေခဲ့သော်လည်း ညရောက်တော့ ကျွန်တော့်ကိုယ်ပူချိန်က တစ်ရာ့သုံးလောက်ဖြစ်လာခဲ့သဖြင့် အနားကဆေးခန်းသို့ မေမေနှင့်အတူသွားသည်။ ဆရာဝန်က ဆေးတစ်လုံးထိုးပေးပြီး သောက်ဆေးတွေပေးသည်။ ကံအားလျော်စွာပင်အဖျားက တဖြည်းဖြည်းကျလာသည်။

သို့သော် နောက်တစ်နေ့တွင် ကျွန်တော်ကျောင်းမတက်ရဘဲ ကျောင်းသို့ခွင့်စာကိုသာပို့လိုက်သည်။ မေမေကကျောင်းသွား၊ ဖေဖေကအလုပ်သွားနှင့်မို့ အိမ်မှာကျွန်တော်တစ်ယောက်တည်းပျင်းနေခဲ့ပါသည်။ ဒီဗီဒီတွေဖွင့်ကြည့်၊ သီချင်းတွေနားထောင်မိသော်လည်း အပျင်းမပြေသဖြင့် အိပ်ရာထဲမှာသာခွေအိပ်နေမိသည်။

ကျောင်းဆင်းချိန်ရောက်လျှင် ကျွန်တော်မျှော်လင့်ထားသ

www.burmeseclassic.com



လိုပင် မိုးရတီဇော်ရောက်လာလေမည်လော။ အရေးထဲအဖျားက လည်းကျပြီး ပုံမှန်ပြန်ဖြစ်နေသည်။ သူမရောက်လာသည့်အချိန် အဖျားပြန်တက်လာလျှင် မည်မျှကောင်းလေမည်နည်း။ ဤကမ္ဘာ ပေါ်တွင်အဖျားကျနေပါလျက် အဖျားပြန်တက်စေချင်သူဆို၍ ကျွန်တော်တစ်ယောက်တည်းသာရှိမည်ထင်ပါသည်။

မနေ့က မိုးတွေသည်းထန်နေတုန်းက အဖြစ်အပျက်ကို ပြန် ၍ သတိရသည်။ မိုးရတီဇော်သည် လူရှင်းနေသောအချိန်ဖြစ်၍ တစ်ကြောင်း၊ မိုးရေတွေစိုမည်စိုး၍တစ်ကြောင်း သူမ၏ထဘီကို ဒူးဆစ်နားအထိ မ၍လျှောက်သည်။ မိုးစက်မိုးမှုန်တွေကြားမှပင် ခြေသလုံး၏ အလှကိုသတိပြုမိခဲ့ပါသည်။

မြတ်စွာဘုရား . . ကျွန်တော်ဖျားနေသလိုပင် သူမများ ဖျား နေလေရော့သလား။ သူမသည် ကျွန်တော့်လောက် မိုးရေမစိုသော် လည်း ထဘီအောက်ပိုင်းတစ်ခုလုံးတော့ စိုပါသည်။ ညနေရောက် သောအခါ မေမေအရင်ပြန်ရောက်လာ၏။ မေမေ့လက်ထဲမှာ ဈေး ခြင်းလည်းပါသည်။

"ဘယ်နှယ့်နေသေးလဲ သား . . ."

"သက်သာပါတယ် မေမေ . . ကျွန်တော့်အထင်တော့ အဖျားလည်းမရှိတော့ဘူးထင်တယ် . ."

မေမေက ကျွန်တော့်နဖူးလာစမ်းသည်။

"အင်း . . ငွေ့ငွေ့လေးတော့ရှိသေးတယ် . . ပြီးမှမေမေ အဖျားတိုင်းပေးမယ် . . ဆေးတွေတော့မှန်မှန်သောက်တယ် မဟုတ် လား . ."

"ဟုတ်ကဲ့ မေမေ"

"ဒါဆို မေမေ . . မီးဖိုထဲခဏဝင်လိုက်ဦးမယ် . . တော်ကြာ သားဖေဖေပြန်လာတော့မှာ . ."





ကျွန်တော်ခေါင်းညိတ်ပြလိုက်သောအခါ မေမေကမီးဖိုထဲ မှာပစ္စည်းတွေသွားထားသည်။ မိုးရတီဇော်နှင့်သူငယ်ချင်းများကို မျှော်နေမိသော်လည်း တစ်ယောက်မှရောက်မလာပါ။ သို့သော် နောက်တစ်နေ့နံနက်စောစောတွင်တော့ မိုးရတီဇော်နှင့်သီတာဦးတို့ နှစ်ယောက် ကျွန်တော့်ဆီရောက်လာပါသည်။ အမှန်ကတော့ သီတာ ဦးကို သူအဖော်ခေါ်ခဲ့ခြင်းသာဖြစ်သည်။

မေမေက သူမတို့နှစ်ယာက်ကို ကျွန်တော့်အိပ်ခန်းထဲခေါ် လာပေး၏။ တော်တော့တော်ပါသေးသည်။ ကျွန်တော်အိပ်ရာမှ စော စော့စီးစီးနိုးနေပြီး မျက်နှာသစ်သွားတိုက်ပါလုပ်ထားမိသည်။ နောက် မို့ဆို သူမတို့ကို အားနာနေရဦးမည်။

"ဘယ်နှယ့်နေသေးလဲ ဟင် . . ."

"နည်းနည်းတော့ သက်သာပါတယ်"

"နင်ကလည်း ပျော့လိုက်တာလွန်ရော . . ငါတောင် ဘာမှ မဖြစ်ဘူး . ."

ကျွန်တော်ရှက်ပြုံးပြုံးလိုက်မိသည်။ သူမက ကျွန်တော့်နဖူး ကို စမ်းမည်ပြုပြီးမှ မစမ်းတော့ပဲ ကိုယ်ရှိန်သပ်လိုက်သည်။ သူမ၏ လက်ကလေး ကျွန်တော့်နဖူးပေါ်ရောက်လာမည်ကို မျှော်လင့်နေခဲ့ သော ကျွန်တော်စိတ်ပျက်သွား၏။

"နင့်ခွင့်စာကျောင်းကိုရောက်မှ ငါလည်း နင်နေမကောင်း မှန်းသိရတယ် . . နင့်သူငယ်ချင်းတွေကလည်းမပြောကြဘူးဟဲ့ . . ဪ . . ဒါနဲ့ . . နင်ဒီနေ့လည်း ကျောင်းမတက်ဘူးပေါ့နော် . . အတော်ပဲ . . ငါတို့ နင့်ခွင့်စာယူသွားပေးမယ် . ."

"နင်တို့သတင်းလာပေးတာ ကျေးဇူးပဲဟာ . . ငါအဖျား တော့မရှိတော့ပါဘူး . . ဒါပေမယ့် ဟောဒီလက်တစ်ဖက်က ဘယ့်နှယ့်ဖြစ်တယ်မသိပါဘူးဟာ . . ထုံသလိုလို . . ကျင်သလိုလိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ့စိတ်ထင်တော့ လေများဖြတ်ချင်လို့လားမသိဘူး”

ကျွန်တော့်ပရိယာယ်စကားကို အခန်းထဲပြန်ဝင်လာသော မေမေကကြားသွားသည်။

“ဟုတ်လား သား . . မေမေ့ကိုဘာလို့မပြောလဲ . . နေဦး မေမေရေနွေးအိတ်ယူလာပေးမယ် . . ”

လက်ကိုအပူခံပြီးရေနွေးအိတ်ကပ်ရမည့် ဒုက္ခထက်၊ လော လောဆယ်ခံစားလိုက်ရသော သုခကပိုတန်ပါသည်။ မိုးရတီဇော်က ဘာမပြောညာမပြောနှင့် ဆိုးဆိုးဆတ်ဆတ်ပင် ကျွန်တော့်လက်ကိုဆွဲယူ၍စမ်းကြည့်သည်။ ကျွန်တော့်ရင်ထဲတွင် တဒိုင်းဒိုင်းဆူညံနေတော့၏။ နူးညံ့သော သူမ၏လက်ကလေးနှင့် ကျွန်တော့်လက်ကို ဟိုစမ်း သည်စမ်းလုပ်ကြည့်ပြီး . . .

“နင်ပေါ့တော့မပေါ့နဲ့နော် မင်းဆွေလတ် . . ငါကြားဖူးတာ က လေဖြတ်တယ်ဆိုတာ အသက်အရွယ်မရွေးဖြစ်နိုင်တယ်ပြော တယ် . . ဒါနဲ့ သီတာဦး . . နင့်မှာချိတ်ပါလား . . ”

“အင်း . . ဘာလုပ်မလို့လဲ မိုး . . ”

“သူ့လက်ကို ငါချိတ်နဲ့ထိုးကြည့်မလို့ . . ”

ဗုဒ္ဓေါ။ မြတ်စွာဘုရား . . နေရင်းထိုင်ရင်းက လက်ကိုချိတ်ဖြင့်အထိုးခံရကိန်းတော့ဆိုက်နေလေပြီ။ သီတာဦး ထုတ်ပေးသည့် ချိတ်ကလေးဖြင့် မိုးရတီဇော်က ကျွန်တော့်လက်ကို ဆွပေးနေခိုက် တွင် ကျွန်တော့်သူငယ်ချင်းတွေရောက်လာသည်။

“နာလား . . . ”

“ဟင့်အင်း . . မနာဘူး . . ”

“ဒီနေရာရော . . ”

“မနာဘူး . . ”

“ဟာ . . . အဲဒါဆိုရင် ပေါ့မနေနဲ့။ ဟော့ကောင် . . . ဒါ





လက်ပရိုဆီ အနာကြီးရောဂါဖြစ်နိုင်တယ် . . . ”

“မင်းတို့ ကြီးတော်ကြီး လက်ပရိုဆီသွားဖြစ်ပါလားကွာ . . ”

မိုးရတီဇော်က ရယ်၍ရှင်းပြလိုက်သောအခါမှ သည်ကောင် တွေ သဘောပေါက်သွားကြသည်။ သူတို့သည် ကျွန်တော့်ခုတင်ပေါ် တက်ထိုင်ကြ၏။

“မနေ့ကတည်းက တို့လာဦးမလို့ပဲ . . ကျူရှင်ချိန်နဲ့တိုက်နေ လို့ကွ . . ”

“ဩော် . . စည်သူ . . မင်းဆွေလတ်ရဲ့ရီပို့ကဒ်ရပြီ . . ပေး လိုက်ဦးလေကွာ . . ”

ကျွန်တော်ရင်ထိတ်သွားမိသည်။ ကျွန်တော့်ရီပို့ကဒ်ကို မိုး ရတီဇော်မတွေ့စေချင်ပါ။ သို့သော်ဆန္ဒမပြည့်ပါ။ စည်သူထုတ်ပေး သော ကျွန်တော့် ရီပို့ကဒ်ကို ကျွန်တော်ယူကြည့်နေခိုက်မှာပင် မိုးရတီ ဇော်က ကျွန်တော့်ထံမှလှမ်းတောင်းသည်။

“ငါ့ခဏပြစမ်း . . . မင်းဆွေလတ် . . . ”

“နောက်မှကြည့်ပါဟာ . . . ”

“ပေးစမ်းပါဟာ နင်ကလည်း . . . ”

သူမ၏လက်ထဲရောက်သွားသော ကျွန်တော့်ရီပို့ကဒ်လေး အတွက် ကျွန်တော်ရှက်နေမိသည်။ သူမသည် ကျွန်တော့်ရီပို့ကဒ်ကို ခပ်မြန်မြန်ဖွင့်ကြည့်ပြီး ပြန်ပေးသည်။

သူမ မသိမသာပြုံးလိုက်သည်ကိုလည်း ကျွန်တော်တွေ့လိုက် ရသည်။ ကျွန်တော့်အဆင့်က ပြီးခဲ့သည့်လကထက် တက်လာသည်က တော့ မှန်ပါသည်။ ယခုလအဆင့်က ခြောက်ဆယ်။ ဆယ်ခုကြီးများ တောင်တက်လာသည့်သဘော။ မိုးရတီဇော်ကတော့ အဆင့်တစ်နေ ရာကို ကန်ထရိုက်ယူထားလေသည်။

ထိုအချိန်တွင် မေမေက ကျွန်တော့်အတွက်ခွင့်စာ

www.burmeseclassic.com



ရေနွေးအိတ်ကို လာပေးသည်။

"ကဲ . . သားတို့သမီးတို့ ကျောင်းချိန်နီးနေပြီ . . တော်ကြာ ကျောင်းနောက်ကျနေကြဦးမယ် . ."

"ဟုတ်ကဲ့ . . အန်တီ . . ဒါဆို သမီးတို့သွားတော့မယ် . ."

"အေး . . အေး . ."

သူတို့အားလုံး ကျွန်တော့်ကိုနှုတ်ဆက်ပြီး အခန်းထဲမှထွက်သွားကြသည်။ စည်သူကတော့ နောက်ချန်နေခဲ့ပြီး ကျွန်တော့်ကို မျက်စိမှိတ်ပြသွားသည်။

❦ ❦ ❦



နီဟိန်း၏အစွမ်းကို နောက်လများတွင်တွေ့ရလေသည်။ ပထမဦးဆုံးအကြိမ်အဖြစ် မိုးရတီဇော်ဒုတိယရသွားပြီး နီဟိန်းက အဆင့်တစ်နေရာကိုရသွားသည်။ ထိုအခါ ကျွန်တော်တို့တစ်တန်းလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ မိုးရတီဇော်သည် သူမ ဒုတိယသာ ရလိုက်ခြင်းအတွက် မျက်ရည်ကျသည်ဟု ကျွန်တော်တို့ကြားလေသည်။

"အင်း . . ဒုတိယနေရာအတွက်တောင် မျက်ရည်ကျရတယ်ဆိုတော့ ငါတို့လို အဆင့်ခြောက်ဆယ်၊ ခုနစ်ဆယ်လောက်ဆိုရင်တော့ မိုးရတီဇော်ရဲ့မျက်ရည်ဟာ ဇလုံကြီးတစ်လုံးလောက်များထွက်မလားမသိဘူး . . ."

"ဟာ . . အဲဒီ့အချိန်လောက်ဆို မျက်ရည်တွေထွက်ချင်မှ ထွက်တော့မှာ . . အင်း မျက်ရည်အစားတခြားဟာတွေပဲ ထွက်ချင်ထွက်မှာ . ."

"ဘာလဲကွ . . တခြားဟာ . . ."

"ဩော် . ချွေးတွေဘာတွေကိုပြောပါတယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် . . မိုးရတီဇော်ရဲ့မာနတော့ နည်းနည်းကျိုးသွားမယ်ကွ . . ငါတော့ နီဟိန်းကိုကျေးဇူးတင်တယ်ကွာ . . မင်းဘယ်လိုများကြိုးစားလိုက်တာလဲ"

နီဟိန်းသည် ကျွန်တော်တို့စကားကိုပြုံးတုံ့တုံ့နှင့်နားထောင်နေရာမှ . . .

"ငါတော့ မိုးရတီဇော်ကိုသနားသွားတယ်ကွ . . ဒီလိုမှန်းသိရင် ငါဒုတိယလောက်ပဲမှန်းပြီး လျှော့ပေးလိုက်ပါတယ် . ."

"မင်းက မိုးရတီဇော်ကို သနားတယ် ဟုတ်လား . . ."

"ဟုတ်တယ်လေကွာ . . ငါ့ကြောင့် သူမျက်ရည်ကျသွားတာဆိုတော့ ငါ့စိတ်ထဲတစ်မျိုးပဲ . . ."

ကျွန်တော်နီဟိန်းမျက်နှာကို မသိမသာအကဲခတ်လိုက်သည်။နီဟိန်းသည် မိုးရတီဇော်ရှိရာသို့ ခပ်ငေးငေးကြည့်နေသည်။ မိုးရတီဇော်သည် စာတွေကူးရေးနေသည်။ သူမ၏မျက်နှာသည်းတည်တည်ငြိမ်ငြိမ်ဖြစ်နေသည်။ ကျွန်တော်ပင့်သက်တစ်ချက်ကို မည်သူမျှမသိအောင် ခိုးရှိုက်လိုက်သည်။ သည်လကျွန်တော့်အဆင့်သည် ငါးဆယ်သို့ရောက်လာ၏။ တစ်လပြီးတစ်လဆယ်ခုတက်လာသည့်သဘော။ သည်လိုဆိုလျှင့်နောက်ထပ်ငါးလာစောင့်ပြီးမှ တစ်ရမည့်သဘောဖြစ်နေသည်။

တကယ်ဆိုလျှင့် ကျွန်တော်တို့လို ကျောင်းမျိုးတွင်အဆင့်တစ်ရဖို့မပြောနှင့် အဆင့်တစ်ဆယ်ကျော်နှစ်ဆယ်လောက်ရဖို့ပင်မလွယ်ပါ။ စာအုပ်နှင့်မျက်နှာအပ်၍ နေ့မအားညမအားစာကြည့်နေသည့် ဇီးကွက်မမော်မော်ဆိုလျှင် အဆင့်နှစ်ဆယ်လောက်သာရသည်။ ဒါကြောင့် မျက်မှန်ကို ငယ်ငယ်လေးနှင့်တပ်ထားရတာသာကြည့်။ တစ်ခါတလေကျတော့ ကျွန်တော်တစ်ယောက်တည်း ကိုယ့်ဘာသာစဉ်းစားကြည့်မိခဲ့သည်။





အဲဒီလိုဇီးကွက်မမော်မော်တို့လောက် စာအုပ်နှင့်မျက်နှာမခွာဘဲနေလျှင့် လူဖြစ်ရသည့်အဓိပ္ပါယ်သည်ဘာမှမရှိဟုထင်ပါသည်။ သူမတွင် ဗီဒီယိုကြည့်ခြင်း၊ သီချင်းနားထောင်ခြင်း၊ သူငယ်ချင်းတို့နှင့်အလွှာပသလ္လာပစကားစမြည်ပြောခြင်း၊ သင့်တင့်လျောက်ပတ်သော အားကစားတစ်ခုခုလုပ်ခြင်း၊ ဆော့ကစားခြင်း (လူပျိုအပျိုပေါက် အရွယ်ရောက်ပြီဖြစ်သဖြင့် ကလေးတွေကို စိန်ပြေးတမ်းတို့တူတူ ပုန်းတမ်းတို့လို ဆော့ကစားခြင်းမျိုးမဟုတ်ပါ။ ဆိုနီဂိမ်း၊ ကွန်ပျူတာနက်ဂိမ်း စသော ကစားနည်းတွေကိုဆော့ကစားခြင်းကိုဆိုလိုပါသည်) တို့ ဘာမှမရှိ။

ကျောင်းမှပြန်လျှင့် ကျူရှင်၊ ကျူရှင်မှအိမ်ရောက်သည်နှင့်စာအုပ်နှင့်မျက်နှာအပ်။ ရေချိုးချိန်၊ ထမင်းစားချိန်၊ အိမ်သာတက်ချိန်၊ အိပ်ချိန်တို့မှာပဲ စာအုပ်နှင့်မျက်နှာလွတ်သည်ထင်ပါသည်။ ဒါတောင်မှ ထမင်းစားချိန်နှင့် အိမ်သာတက်ချိန်မှာ စာအုပ်နှင့်မျက်နှာကပ်၍ရနေပါသေးသည်။

ထိုသို့သာဆိုလျှင်တော့ ဇီးကွက်မမော်မော်သည် ထမင်းစားနေတာနှင့်မတူဘဲ စာတွေကိုစားနေသလိုသာဖြစ်နေပါလိမ့်မည်။ ဘယ့်နှယ့်ဗျာ။ ထမင်းစားသည်ဆိုမှတော့ စားပွဲခုံမှာကျကျနနထိုင်။ ဟင်းတွေ၊ ထမင်းတွေကို အရသာခံပြီးစားရမယ့်အစား၊ စာတွေကိုသာကြည့်နေလို့က အဲဒီ့ထမင်းဟင်းတွေအရသာ သူဘယ်လိုရမှာတုံး။

ပြီးတော့ အိမ်သာတက်ရင်း စာကြည့်၍ရသော်လည်း အိမ်သာတက်ခြင်းသည် စိတ်ကိုလွတ်လပ်မှုပေးသင့်သောအလုပ်ဖြစ်ပါသည်။ အိမ်သာတက်နေစဉ်တွင် စိတ်ကို လွတ်လွတ်လပ်လပ်ထားသင့်ပါသည်။ ထိုအချိန်မျိုးတွင် ကျွန်တော်ကတော့ မိုးရတီဇော်၏မျက်နှာကလေးကိုမြင်ပြီး သူမ၏အကြောင်းကို လွတ်လွတ်လပ်လပ်တွေးမိပါသည်။ ထိုအခါမျိုးတွင် ကျွန်တော့်မျက်နှာသည်ပြုံးဖြိုက်မဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖြစ်နေလေ့ရှိသည်။

ကျွန်တော့်အတွက်ကတော့ သူငယ်ချင်းတို့နှင့် အလ္လာပ သလ္လာပစကားစမြည်ပြောခြင်းသည်လည်း ကျောင်းသားတစ်ယောက်အတွက် လိုအပ်သည်ဟုထင်ပါသည်။ အင်း . . တစ်ခါတစ်ခါ ဘာမှမဟုတ်သည့် အကြောင်းအရာတချို့ကို သူငယ်ချင်းတချို့နှင့် ပြောရတာ အလွန်အရသာရှိသည်။ ထိုဘာမှမဟုတ်သည့်အကြောင်းအရာတို့ကိုပင် ထိုမျှအရသာရှိနေလျှင် အလွန်လေးနက်သည့်အကြောင်းအရာ၊ ဥပမာ မိုးရတီဇော်နှင့် ပတ်သက်သည့်အကြောင်းအရာတွေကို ပြောရကြားရပြီးလျှင် မည်မျှအရသာရှိလေမည်နည်း။

"ငါကတော့ တို့ယောကျာ်းလေးသူငယ်ချင်းတွေနဲ့စကားပြောရတာထက် . . ကောင်မလေးတွေနဲ့စကားပြောရတာကို ပိုသဘောကျတယ် . . ."

စည်သူကတော့ သူများထက်ပိုပါသည်။ ကျွန်တော်တို့က သူ့တိုဝိုင်းပြီးနှိပ်ကွပ်လိုက်သောအခါ သူကရယ်၍ . . .

"မဟုတ်ဘူးကွ . . ကောင်မလေးတွေဟာ စာတော်တာကလွဲရင် ဗဟုသုတပိုင်းမှာတွေ့တော့ အတော်အားနည်းတယ် . . သူတို့ကို မဟုတ်ကဟုတ်ကတွေ ဖြီးရင်လိုမ့်ရင်လည်း ယုံနေတာပဲ . . ."

"အင်း . . ကောင်မလေးတွေကလည်း တို့တွေနဲ့စကားပြောရရင် သွားတွေကိုဖြီးလို့ . . ."

"ငါတော့ ဇီးကွက်မမော်မော်လို ဝစီပိတ်ကျင့်နေသူတွေကတော့ မြင့်မြင့်ဇော်နှင့်ဝင်းမာလာတို့ပင်ဖြစ်သည်။

"တကယ်တော့ သူတို့တရားကျင့်သလိုဖြစ်နေတယ်ကွ . ."

ကျွန်တော်တို့အုပ်စုကတော့ အတန်းထဲမှာအလုပ်ရှုပ်ဆုံး (ခပ်လွယ်လွယ်ပြောရလျှင်တော့ ဗရုတ်အကျဆုံးအဖွဲ့ပေါ့ဗျာ) ဖြစ်လေသည်။ တစ်ခုအံ့ဩဖို့ကောင်းသည်မှာ နီဟိန်းပင်ဖြစ်သည်။ သူ





သည် ကျွန်တော်တို့နှင့် သင့်တင့်လျောက်ပတ်အောင် ပေါင်းသော်လည်း မည်သည့်အခါမျှဗရုတ်မကျချေ။ သူ့အစ်ကိုနီတွတ်ကတော့ သူ့ထက်စာလျှင် ဗရုတ်ပိုကျသည်။

"ငါတစ်ခုမေးမယ် နီဟိန်း . . ဟိုးရှေ့က မျက်မှန်နဲ့ပိန်ပိန်သေးသေးကောင်မလေးကို မင်းမြင်လား . . အေး . . သူ့နာမည်ဟာ မော်မော်ပဲ . . ဒါပေမယ့် ဇီးကွက်လေးလိုဖြစ်နေလို့ တို့သူ့ကိုဇီးကွက်မလို့နာမည်ပေးထားတယ် . . အဲဒီကောင်မလေးဟာ သူ့ဘဝမှာစာသာ ပထမ . . စာသာ ဒုတိယပဲ . . ဒါပေမယ့် အဆင့်တစ်လည်း ဘယ်တော့မှမရဖူးဘူး . . မင်းရော . . စာကျက်ရင် သူ့လိုပဲ . . နေ့မအား ညမအားပဲလား . . "

နီဟိန်းနှင့် ကျွန်တော်စကားပြောကြည့်သည့်အခါ နီဟိန်းက

"အဲဒီလောက်ကြီးစာကျက်နေရင်တော့ မင်းတို့စကားနဲ့ပြောရရင်တော့ မတန်ဘူးပေါ့ကွာ . . အင်း . . ငါကတော့ အဲဒီလောက်အဆိုးကြီးမဟုတ်ပါဘူး . . ."

"မင်းမှာ အားလပ်ချိန် . . အနားယူချိန်တော့ရှိတယ် မဟုတ်လား . ."

"လူပဲကွာ . . စက်ရုပ်တစ်ရုပ်လိုတော့ ဘယ်ဟုတ်ပါ့မလဲ . . နားချိန်တန်ရင်နားရတာပေါ့ . . မနားရင်လည်း ဘာတွေဖြစ်ကုန်မလဲမသိဘူး . . ."

နီဟိန်းသည် ဆက်လက်ပြီးသူ့ကျူရှင်ချိန်၊ စာကျက်ချိန်တွေကို ပြောပြနေ၏။ ကျွန်တော်ကတော့ ပခုံးကိုသာတွန့်လိုက်မိသည်။ သူ့စာကြည့်ချိန်သည် ကျွန်တော့်ထက်အများကြီးပိုပါသည်။ သည်သို့ဆိုလျှင် သူအဆင့်တစ်ရသည်မှာ မည်သို့မျှအံ့ဩစရာမရှိပါ။ ခက်တာက ကျွန်တော်ကလည်း မိုးရတီဇော် ကျွန်မော့်ကိုအထင်ကြီးလိုစိတ်နှင့် အဆင့်တစ်သာရချင်နေသည်။ နီဟိန်းတို့လို စာကြည့်ချိန်အ



www.burmeseclassic.com

www.burmeseclassic.com



တော်များများပေးဖို့ကိုတော့ မည်သို့မျှလုပ်၍မရဖြစ်နေ၏။

နီပဟိန်းလိုကောင်ကသည်မျှအထိအချိန်ပေးပြီး စာကြည့်နိုင်တာတစ်ခုကတော့ အတော်ပင်အံ့ဩဖို့ကောင်းပါသည်။ ကျွန်တော့်စိတ်ထဲတွင် ဘာကြောင့်မှန်းမသိဘဲ မခံချင်စိတ်တစ်ခုကပေါ်လာသည်။ မိန်းကလေးတို့သည် ယောကျ်ားလေးတို့ကို ရွေးချယ်ရာ၌မည်သည့်အချက်တွေကို မူတည်၍စဉ်းစားရွေးချယ်လေ့ရှိကြသနည်း။

ပညာရည်ထူးချွန်မှုလော၊ တည်ကြည်မြင့်မြတ်မှုလော၊ နှိုးသားဖြူစင်မှုလော၊ ရုပ်ဆင်းအင်္ဂါတင့်တယ်ပြေပြစ်မှုလော။



မည်မျှအံ့အားသင့်စရာကောင်းသည့် မြင်ကွင်းဖြစ်ပါသနည်း။ သည်လမ်းကလေးတစ်လျှောက်မှာ ကျောင်းသူကျောင်းသားတွေရှင်း ရသည့်အကြောင်းကတော့ ကျောင်းသို့သွားရာလမ်းနှင့်သိပ်အလျဉ်းမသင့်သဖြင့် လူရှင်းနေရခြင်းဖြစ်သည်။ သို့သော် ကျွန်တော့်အတွက်ကတော့ ထိုသို့မဟုတ်ပါ။ အိမ်မှထွက်လျှင်ထွက်ခြင်းပင်သည်လမ်းကလေးကိုဖြတ်သွားမှသာ ကျောင်းသို့ပိုနီးပါသည်။

ယနေ့နံနက်သည် ရာသီဥတုကြည်ကြည်လင်လင်ပင်ဖြစ်နေသည်။ ကောင်းကင်တွင်နေရောင်မမြင်ရသော်လည်း မိုးရိပ်မိုးခြည်ကိုမတွေ့ရတော့။ မုတ်သုန်ရာသီသည်မြန်မာ့ပင်လယ်ပြင်မှဆုတ်ခွာနေလေပြီ။ မကြာမီပင် သီတင်းကျွတ်တော့မည်။ လမ်း၏တစ်ဖက်တစ်ချက်မှာ ခရေပင်ကြီးတွေရှိသည်။ ကျွန်တော့်မျက်လုံးသည် လမ်းတစ်လျှောက် ဟိုကြည့်သည်ကြည့်ကြည့်ရင်းနှင့်တစ်နေရာအရောက်တွင် ရင်ထဲထိတ်ခနဲဖြစ်သွား၏။

ရှေ့ခပ်လှမ်းလှမ်းတစ်နေရာတွင် ကျောင်းသူတစ်ယောက်နှင့်ကျောင်းသားတစ်ယောက် ဘေးချင်းယှဉ်ပြီးလျှောက်နေသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက်သည် စကားလည်းပြောနေကြ၏။ သေသေချာချာကြည့်မိသောအခါ မိုးရတီဇော်နှင့်နီဟိန်းဖြစ်နေကြောင်းသိလိုက်ရသည်။ ထို့ကြောင့်ပင်လျှင် ကျွန်တော်အံ့အားသင့်သွားရခြင်းဖြစ်သည်။ ကျွန်တော်ဝမ်းနည်းသွားလေသည်။ နီဟိန်းသည် ကျွန်တော့်ထက်ပို၍ မိုးရတီဇော်ကို ချဉ်းကပ်နိုင်သူဖြစ်နေလေပြီ။

မိုးရတီဇော်အတွက်လည်း နီဟိန်းသည်ကျွန်တော့်ထက်ပို၍ တည်ကြည်မြင့်မြတ်သူ၊ ကျွန်တော့်ထက်ပို၍ ထူးချွန်သူဖြစ်နေ၏။ ကျွန်တော်ဘာလုပ်ရလျှင် ကောင်းမည်နည်း။ ကျွန်တော့်ခြေလှမ်းကြနှင့်ဆိုလျှင် ခဏကလေးနှင့် သူတို့နှစ်ယောက်ကိုမီလာနိုင်ပါသည်။ ယခုအချိန်မှ နောက်ကြောင်းပြန်လှည့်ပြီး တခြားလမ်းထဲကသွားလျှင်လည်း ကျောင်းနောက်ကျတော့မည်။

တွေဝေနေဆဲနှင့်ပင် သူတို့နှစ်ယောက်နောက် ဝါးတစ်ရိုက်အကွာလောက်ကိုရောက်လာသည်။ သူတို့၏ စကားသံတွေကိုကြားလာရလေသည်။

"ဆရာမက နောက်တစ်ပတ်ကစပြီး တနင်္ဂနွေနေ့တစ်ရက်ပါထပ်သင်ပေးမယ်ပြောတယ် . . အဲဒါ နင်တက်မလားနီဟိန်း . ."

"တက်ရမှာပေါ့ဟ . ."

ကျွန်တော်သူတို့နှင့် တဖြည်းဖြည်းနီးလာသဖြင့် ခြေလှမ်းကိုသိသိသာသာလျှော့ချလိုက်သည်။ ကျွန်တော်နောက်မှပါလာကြောင်းသူတို့မသိစေလိုသောကြောင့်ဖြစ်ပါသည်။ ထိုခဏမှာပင် ကျွန်တော့်နားထဲသို့ ခွေးပေါက်စကလေးတို့၏ တအိုင်အိုင်အော်သံဝင်လာလေသည်။ ဘယ်ကလာသောအသံဖြစ်သနည်း ဟုစူးစမ်းလိုက်သောအခါ လမ်းဘေးမှာရှိသော မြောင်းဘက်မှဖြစ်ကြောင်းသိလိုက်သည်။

ကျွန်တော် မြောင်းဘက်သို့စူးစမ်းဖို့သွားလိုက်သောအချိန်မှာပင် မိုးရတီဇော်နှင့်နီဟိန်းကလည်း ခွေးလေးတို့၏အော်မြည်သံကို





ကြားသွားပုံရပြီး နောက်သို့လှည့်ကြည့်၏။

"ဟင် . . မင်းဆွေလတ်"

သူတို့သည် ကျွန်တော့်ကိုကြောင်၍ကြည့်နေချိန်တွင် ကျွန်တော်လည်း မြောင်းထဲသို့ငုံ့ကြည့်လိုက်သည်။ ရွှံ့ဗွက်မြောင်းထဲမှာ ခွေးပေါက်စကလေးနှစ်ကောင်ကျနေ၏။ သူတို့နှစ်ကောင်စလုံးရွှံ့တွေပေမည်းလျက်ရှိပြီး မြောင်းထဲမှအပေါ်သို့တက်ဖို့အတင်းပင်ရုန်းကန်ကြိုးစားလျက်ရှိသည်။

အခြေအနေကိုကြည့်ရသည်မှာ တစ်စုံတစ်ယောက်ကသာသူတို့ကို ဆွဲမတင်ပေးလျှင် ရေစီးထဲသို့မျောပါ၍ပင် သေဆုံးသွားကြလေလိမ့်မည်။ ကျွန်တော်နာရီကြည့်လိုက်သည်။ ကျောင်းတက်ဖို့သိပ်မလိုတော့။ အနီးအနားမှာလည်း ခွေးပေါက်စလေးတွေကိုဆွဲတင်ပေးမည့်သူက ကျွန်တော်မှအပမည်သူမျှမရှိ။ မြောင်းဘေးမှာကျနေသည့်ဝါးလုံးလေးတစ်လုံးကိုလှမ်းယူလိုက်ပြီး ခွေးပေါက်စလေးနှစ်ကောင်ရှိရာသို့ ချပေးလိုက်သော်လည်း သူတို့နှစ်ကောင်ထိုဝါးလုံးအကူအညီဖြင့်အပေါ်ရောက်အောင်မတက်တတ်။

"ကျောင်းနောက်ကျနေလိမ့်မယ် မင်းဆွေလတ် . . ထားလိုက်ပါကွာ . ."

ကျွန်တော်နီဟိန်းကို ဖျတ်ခနဲကြည့်လိုက်သည်။ သူကကျွန်တော့်ကိုပြန်ကြည့်နေ၏။ မိုးရတီဇော်သည် မြောင်းထဲမှခွေးလေးနှစ်ကောင်အတွက် စိတ်ရှုပ်ထွေးနေပုံရ၏။

"ငါတို့မှမကယ်ရင် သူတို့သေသွားလိမ့်မယ်"

"မသေနိုင်ပါဘူးကွာ . . တိရိစ္ဆာန်တွေမှာ ဘေးအန္တရာယ်တွေကနေ လွတ်အောင်လုပ်တတ်တဲ့ အသိရှိပါတယ်"

"ဒါပေမယ့် ဒီခွေးလေးတွေက အရမ်းငယ်လွန်းနေတယ်"

"အလေ့ကျပေါက်တဲ့ ခွေးလေးတွေပဲကွာ . . ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ခွေးလေးတွေကိုပြန်ကြည့်လိုက်သည်။ ခွေးလေးနှစ်ကောင်သည် ချမ်းလွန်းသဖြင့် တဆတ်ဆတ်တုန်နေသည်။ သူတို့အမေဘယ်မှာပါလိမ့်။ ပတ်ဝန်းကျင်ကို ကျွန်တော်ဝေ့ကြည့်လိုက်သော်လည်း ခွေးမကြီးတစ်ကောင်တစ်မြီးမှမတွေ့ရ။ ကျွန်တော်ဆုံးဖြတ်လိုက်သည်။ နီဟိန်းနှင့်မိုးရတီဇော်သည် ကျွန်တော့်ကိုသေသေချာချာကြည့်နေ၏။

"အလေ့ကျပေါက်နေတဲ့ ခွေးလေးတွေပေမယ့် သူတို့မှာလည်း တို့လိုအသက်ရှိတာပါပဲကွာ . ."

နီဟိန်းပြုံးလိုက်သလား၊ မပြုံးလိုက်ဘူးလား ကျွန်တော်သတိမထားမိလိုက်။

"လာပါကွာ . . ကျောင်းသွားကြရအောင် . . သူတို့ကို တစ်ယောက်ယောက်တွေ့ရင်ဆင်းကယ်ပါလိမ့်မယ် . ."

ကျွန်တော်လွယ်ထားသည့် လွယ်အိတ်ကိုချွတ်လိုက်သည်။ ကျွန်တော့်မျက်နှာနည်းနည်းတင်းနေသည်မို့ သည်ကောင်ထပ်မခေါ်တော့ . . .။

"မင်းတို့နှစ်ယောက်သွားကြတော့ကွာ . . ."

လွယ်အိတ်ကိုနည်းနည်းခြောက်သည့် သစ်ပင်ခြေရင်းမှာသွားထားလိုက်ပြီး မြောင်းနားပြန်လျှောက်သွားလိုက်သည့်အခါ နီဟိန်းက . . .

"ကဲ . . လာပါ မိုးရတီဇော် . . တို့သွားကြရအောင် . . ကျောင်းတက်တော့မယ် . . ဒီကောင်ကအတင်းဆွဲခေါ်လည်း ရမယ့်ကောင် မဟုတ်ဘူး . . တယူသန်ကောင် . . ."

ကျွန်တော်ပုဆိုးကို တိုတိုပြင်ဝတ်လိုက်သည်။ ပြီးတော့ မြောင်းပေါင်ပေါ်မှ နည်းနည်းမာသောမြေနေရာသို့ခြေထောက်လိုက်သည်။ မိုးရတီဇော်သည် ကျွန်တော့်ကိုတွေတွေကလေးဝေးလှည့်





ကြည့်ကာ နီဟိန်းနောက်မှလိုက်သွား၏။ ကျွန်တော်ပခုံးတစ်ချက်တွန့်လိုက်မိသည်။ မြောင်းရွံ့ဗွက်ထဲမှ ခွေးပေါက်စကလေးတွေက ကျွန်တော့်ကိုအားကိုးတကြီးမော့ကြည့်နေကြပြီး တအိုင်အိုင်အော်နေကြ၏။ ကျွန်တော်လည်း ကိုယ်ကိုကိုင်းပြီး သူတို့ကိုလှမ်းဆွဲသည်။ သို့သော် မြောင်းကနည်းနည်းနက်သဖြင့်မမီ။

မြောင်းထဲသို့ ကျွန်တော်ဆင်းမှသာရပေတော့မည်။ ထိုသို့သာဆိုလျှင် ကျောင်းသွားမည့်ကျွန်တော့်တစ်ကိုယ်လုံးရွံ့တွေပေ၊ ရေတွေစိုကုန်ပေလိမ့်မည်။ ရွံ့တွေ၊ ဗွက်တွေနှင့်ဆိုလျှင် ကျွန်တော်ကျောင်းထဲဝင်ဖို့ခက်ပါသည်။ ဒါကခဏထားဦး ယခုအချိန်လောက်ဆိုလျှင် ကျောင်းတက်နေပေရော့မည်။

မတတ်နိုင်တော့ပြီ။ ကယ်မည့်ကယ်တော့ အဆုံးထိကိုကယ်ရပေတော့မည်။ ထို့ကြောင့် ကျွန်တော်စီးထားသောကတ္တီပါဖိနပ်ကို သစ်ပင်ရိပ်မှာသွားချွတ်လိုက်ကာ ခါးတောင်းကျိုက်လိုက်ပြီး မြောင်းထဲသို့ဆင်းလိုက်သည်။ ရွံ့ပုတ်၊ ဗွက်ပုတ်တွေထဲသို့ ကျွန်တော့်ခြေထောက်တွေအိဝင်သွားသည်။ လူတစ်ယောက်လုံး မြောင်းထဲရောက်သွားသည့်အခါ ခွေးပေါက်စလေးတွေကို ကယ်ဖို့ဘာမှမခက်တော့ပဲတစ်ကောင်ပြီးတစ်ကောင်ဆွဲတင်ပေးလိုက်သည်။

ကျွန်တော်ကတော့ မြောင်းထဲမှာ။ ထိုခဏ၌ ဒီကောင်တော့မြောင်းထဲရောက်သွားပြီဟု ကျွန်တော်တို့သူငယ်ချင်းတွေ စကြသည့်စကားကို သွားသတိရလိုက်သည်။ ယခုတော့ ကျွန်တော်တကယ်ပင်မြောင်းထဲရောက်နေသည်။ နီဟိန်းနှင့်မိုးရတီဇော်ကတော့ ကျောင်းထဲရောက်နေပြီး ကျွန်တော်ကတော့ မြောင်းထဲမှာရောက်နေသည်။ ဟား၊ ဟား . . ဘယ်လောက်ရယ်စရာကောင်းသည့်အဖြစ်ပါနည်း။

ကြည့်ပါဦး . . ကျွန်တော့်ခြေထောက်တွေက ဒူးဆစ်လောက်အထိ ရွံ့ထဲမှာရောက်နေပြီး အကျႌအဖြူမှာလည်း ခွေးလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ခါသွား၍ထင်ပါသည်။ ရွှံ့စက်တွေ စင်နေခဲ့သည်။ သည်အခြေအနေကြီးနှင့်ကျောင်းထဲ ကျွန်တော်ဝင်သွားလျှင်ကျွန်တော့်ကို အားလုံးက ဟားပါလိမ့်မည်။

မြောင်းထဲမှ ကျွန်တော်တက်ခဲ့သည်။ ရေနည်းနည်းကြည်ကြည်လေးရလျှင်ကောင်းမည်။ သို့သော် သည်နားမှာရေကြည်ကလည်း ဘယ်ကမှမရနိုင်။ ခြေထောက်မှာပေရေနေသော ရွှံ့တွေကို ဝါးခြမ်းပြားတစ်ခုနှင့်ခြစ်ချသည်။ ခွေးလေးတွေက လမ်းအတိုင်းအနောက်သို့ပြေးနေကြသည်။ သူတို့မိခင်ရှိသည့်နေရာကိုလား ဒါမှမဟုတ် သူတို့၏အဖော်တွေရှိရာကိုလား ကျွန်တော်မသိနိုင်။ ဖိနပ်ကိုပြန်စီး၍ရနိုင်လောက်သောအခါ ဖိနပ်ကိုပြန်စီးသည်။ သို့သော် ခါးတောင်းကျိုက်ကိုတော့ ဖြုတ်၍မဖြစ်သေး။

လွယ်အိတ်ကိုလွယ်ပြီးရှေ့ဆက်လျှောက်သည်။ လမ်းထိပ်နားက စတိုးဆိုင်ရောက်မှရေနည်းနည်းတောင်းပြီး ခြေထောက်တွေလက်တွေဆေးရသည်။ စောစောကထက်စာလျှင် နည်းနည်းကြည့်ပျော် ရှုပျော်ဖြစ်သွားသော်လည်း ကျောင်းသို့ကျွန်တော်မသွားချင်တော့ပြီ။

ဘာကြောင့်မှန်းမသိပဲ ကျွန်တော်ဝမ်းနည်းလာသည်။ နီဟိန်းနှင့်မိုးရတီဇော်အတူယှဉ်တွဲ၍လျှောက်သွားသောသဏ္ဌာန်က မျက်စိထဲပေါ်လာ၏။ သက်ပြင်းတစ်ချက်ချလိုက်ရင်း ခြေဦးတည့်ရာကို ကျွန်တော်လျှောက်မိလေသည်။ ကျောင်းဝတ်စုံဝတ်ထားပြီး ကျောင်းမတက်ဘဲ ယခုလိုလျှောက်နေသည့် ကျွန်တော့်ကိုသူများတွေ အမြင်တစ်မျိုးဖြင့် ကြည့်မှာမလုံမလဲဖြစ်လာသဖြင့် ဘယ်သွားရကောင်းမည်လဲဟု စဉ်းစားမိသည်။

ယခုလို ကျောင်းမတက်ဘဲ လျှောက်သွားနေခြင်းသည် ကျောင်းပြေးခြင်းလား ကျွန်တော့်တစ်သက်တွင် ကျောင်းတစ်ခါမှ





မပြေးဖူးပါ။ နောက်ဆုံးတော့ ပန်းခြံတစ်ခုထဲ ရောက်သွားပြီး ကျောက်ခုံလေးတစ်ခုမှာ သွားထိုင်သည်။ သစ်ပင်ပန်းမာန်တို့သည် စိမ်းလန်းစိုပြည်နေလေသည်။ လတ်ဆတ်သောနံနက်ခင်းလေပြည်သည် ခပ်ညှင်းညှင်းလေးတိုက်နေ၏။

နီဟိန်းကို ကျွန်တော်မနိုင်တော့ပြီ။ ကျောင်းစာအရာ၌လည်းကောင်း၊ လက်လှုံ့ရာ၌လည်းကောင်း၊ မိုးရတီဇော်နှင့်ပတ်သက်၍လည်းကောင်း၊ တွေးရင်းနှင့်မခံချင်သောစိတ်ကပေါ်လာသည်။ ကျွန်တော့်ကို သူပြောသွားခဲ့သည့် စကားတစ်ခွန်းအတွက် ခံပြင်းမိလေသည်။ တယူသန်ကောင်တဲ့။ မရည်ရွယ်ပါပဲနှင့် ကျောင်းစာအုပ်တစ်အုပ်ကိုဖွင့်ဖတ်နေမိသည်။ ထိုအဖြစ်သည် အတော်တော့ကြောင်သောအဖြစ်ဖြစ်သည်။ ကျောင်းပြေးလာသော ကျောင်းသားတစ်ယောက်သည် ပန်းခြံတစ်ခုထဲမှာ ကျောင်းသင်ခန်းစာတွေကိုလာဖတ်နေသည်။

ထိုကျောင်းသားသည် ကျောင်းသင်ခန်းစာနှင့်လည်းထိတွေ့နေသည်။ သူ့ကိုကျောင်းပြေးဟုခေါ်ပါမည်လား။ မည်မျှကြာအောင် သင်ခန်းစာတွေကို ကျွန်တော်ဖတ်နေမိသည်မသိ။ ကျွန်တော့်ရှေ့သို့ ပန်းခြံအလုပ်သမားကြီးတစ်ဦးရောက်လာမှ ကျွန်တော်လည်း စာအုပ်မှ မျက်နှာခွာလိုက်၏။ သူက ကျွန်တော့်ကိုပြုံးကြည့်ပြီးမေး၏။

"လူကလေးကကျောင်းမတက်ပဲ . . ဒီမှာစာလာကျက်နေတာကိုး . . ."

ကျွန်တော်သူ့ကို မလုံမလဲပြုံးပြလိုက်သည်။

"ဘာဖြစ်လို့ ကျောင်းမတက်တာလဲ ဟင်"

သူ ကျွန်တော့်ဘေးက နေရာလွတ်မှာလာထိုင်သည်။ ကျွန်တော်လည်း အဖြစ်အပျက်တွေကို အမှန်အတိုင်းပင် ခပ်ကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းပြောပြလိုက်မိသည်။ ကျွန်တော့်စကားဆုံးသောအခါ သူကပြုံးပါသည်။

"ကောင်းတာပေါ့ကွ . . သတ္တဝါတွေရဲ့အသက်ကိုကယ်သင့်တာပေါ့ . . ဒါပေမယ့် သားရှုံ့တွေဆေးပြီးတာနဲ့ ကျောင်းကိုသွားသင့်တယ် . . ."

မှန်ပါသည်။ သို့သော် ကျွန်တော့်မသိစိတ်က မိုးရတီဇော်နှင့် နီဟိန်းကို ရင်ဆိုင်ရန်ရှုံ့နေမိသည်။ ကျွန်တော့်မျက်နှာရိပ်မျက်နှာကဲ နည်းနည်းတည်သွားသောကြောင့်လားမသိ ပန်းခြံအလုပ်သမားကြီးသည် ထိုအကြောင်းဆက်မပြောဘဲ မေးခွန်းတစ်ခုကိုပြောင်းမေးသည်။

"သား . . ကျောင်းမှာ အဆင့်ဘယ်လောက်ရသလဲ . . ."

"ငါးဆယ် . . ."

"ဟေ . . ."

သူကပြုံး၍ ကျွန်တော့်အမှတ်တွေကို မေးပြန်သည်။ ထိုအခါ ကျွန်တော်ကပြန်ဖြေမိသည့်အခါ ဗိုရှုပြုံးလေသည်။

"အင်း . . စာတော်တဲ့ကလေးတွေရဲ့ကျောင်းကိုးကွ . . အမှတ်တွေကောင်းပေမယ့်အဆင့်ကတော့ မကောင်းဘူးနော် . . ဟုတ်ပြီ ဟုတ်ပြီ . . ဆက်ကျက် . . ဒါပေမယ့် နောက်ကိုဘယ်လို ရှုံ့သိနှာမျိုးနဲ့ပဲ တွေ့တွေ့ကျောင်းကိုတော့ ဖြစ်အောင်တက်ကွာနော် . . နေမကောင်းတာကလွဲရင်ပေါ့ . . ဘာဖြစ်လို့လဲဆိုတော့ ကျောင်းပြေးတာများရင် ကျောင်းမပျော်တော့ဘူးကွ . . ."

သူသည် ကျွန်တော့်ပခုံးကိုပုတ်ပြီး ထိုင်ရာမှထသည်။ သူ့အပြုံးသည် နွေးထွေးနေလေ၏။ ပန်းခြံအတွင်းသို့ နုထွေးသောနေရောင်ခြည်က ဖြာကျလာလေသည်။



(၅)

ထိုနေ့ကအဖြစ်အပျက်ပြီးသည့်နောက်ပိုင်းတွင် နီဟိန်းသည် ကျွန်တော့်အနားမှာလာမထိုင်တော့ဘဲ အောင်သူရတို့အုပ်စုနှင့်သွားထိုင်သည်။ ပထမတော့ ထိုနေ့ကပြဿနာကို ကျွန်တော်ဇည်သူ့ကိုမှ ပြောမပြမိသော်လည်း နီဟိန်းကျွန်တော့်အနားမှပြောင်းသွားပြီးသည့် နောက်ပိုင်းတွင် စည်သူတို့အားဖွင့်ပြောပြလိုက်သည်။

"အင်း . . ငါ့စိတ်ထင်တော့ နီဟိန်းလည်း မိုးရတီဇော်ကို စိတ်ဝင်စားနေတယ်ထင်တယ် . . ဒါပေမယ့်ကွာ . . တို့သူငယ်ချင်းအချင်းချင်းတွေ စိတ်ဝမ်းတော့ မကွဲစေချင်ဘူး . ."

"ဘာပဲဖြစ်ဖြစ်ငါကတော့ ငါတို့သူငယ်ချင်းမင်းဆွေလတ်ရဲ့ စိတ်ဓာတ်ကိုသဘောကျတယ် . . ဒုက္ခရောက်နေတာကို ကယ်တင်ခဲ့တာကိုက မှန်မြတ်တာပဲ . . နောက်ပြီး နီဟိန်းနဲ့ မင်းဆွေလတ်ယှဉ်လိုက်ရင် . . နီဟိန်းကနောက်မှပေါက်တဲ့ရွှေကြာပင်ပါကွာ . . မင်းဆွေလတ်ကျတော့ ဟိုးမူလတန်းကတည်းကပေါင်းခဲ့တဲ့ သူငယ်ချင်းကွ . . နီဟိန်းမင်းကိုမပေါင်းလို့လည်း ဘာမှပြဿနာမရှိပါဘူးကွာ"

www.burmeseclassic.com



ဝဏ္ဏကတော့ ကျွန်တော့်ဘက်မှစာနာပြီး ဝင်ပြောသည်။ နီဟိန်းသည် ကျွန်တော့်အပေါ် အမှန်တကယ်ပင် သဘောထား ပြောင်းလဲသွားလေသည်။ တစ်နေ့က စကြိန်မှာ သူနှင့်ကျွန်တော် ရင်ဆိုင်တိုးမိပြီး ကျွန်တော်ကစတင်ပြုံးပြဖို့ ကြိုးစားသော်လည်းသူက မျက်နှာလွှဲကာအတန်းထဲသို့ ခပ်သုတ်သုတ်ဝင်သွားသည်။

"နီဟိန်းတို့ကချမ်းသာတယ်ကွ . . သူ့အိမ်မှာကားနှစ်စီး တောင်ရှိတယ် . . ငါ့စိတ်ထင်တော့ အောင်သူရတို့အုပ်စုက တို့ထက် ချမ်းသာလို့ သွားပေါင်းတာထင်တယ် . ."

မင်းမင်း၏စကားလည်း စိတ်ဝင်စားဖို့ကောင်းပါသည်။ ကျွန်တော်ကတော့ စာကိုသည့်ထက်နည်းနည်းထပ်ကြိုးစားချင်သည့် အကြောင်းပြောပြလိုက်သည်။

"ငါ့စိတ်ထဲတော့နည်းနည်းခံပြင်းတယ်ကွ . . အဆင့်တစ်ရ ဖို့ဆိုတာ သိပ်မလွယ်ပေမယ့် သူတို့လိုကြိုးစားရင် ငါလည်းဖြစ်နိုင် မယ်ထင်တာပဲ . . တို့အရွယ်တွေမှာ တစ်ယောက်နဲ့တစ်ယောက် ဉာဏ်ရည်ချင်း သိပ်မကွာကြပါဘူးကွာ . . ဝီရိယပဲကွာတာပါ. . ငါ တော့ ဒီထက်ထပ်ကြိုးစားပေးဦးမယ်ကွာ. ."

မင်းမင်းသည် ကျွန်တော့်ပခုံးကို ညင်သာစွာဖက်သည်။

"မင်းစိတ်ထဲမှာ မိုးရတီဇော် မင်းကို အထင်ကြီးလာစေချင် တယ်မဟုတ်လား. . . ငါ မင်းကိုပွင့်ပွင့်လင်းလင်းပဲ ပြောမယ်သူငယ် ချင်း. . တို့အရွယ်တွေဟာ လူပျိုဖြစ်စအရွယ်တွေ ရင်ခုန်တတ်စ အရွယ်တွေ စိတ်ကူးယဉ်တတ်စအရွယ်တွေဖြစ်လို့ ကိုယ့်ပတ်ဝန်းကျင် က မိန်းကလေးတွေကို ရင်ခုန်တတ်လာတာအပြစ်တော့ မဟုတ်ပါ ဘူးသူငယ်ချင်း. . ဒါပေမယ့်ကွာ. . တို့ရဲ့ဘဝဟာ ရှေ့ကိုဆက်ဖို့ အများကြီးလိုပါသေးတယ်. . . အသက်ရှစ်ဆယ်အပိုင်းအခြားနဲ့ပြော ရရင် တို့အသက်အရွယ်ဟာ ဘဝရဲ့လေးပုံတစ်ပုံတောင် မရောက်





သေးဘူး. . အဲဒီတော့ မင်း)စိတ်ထဲမှာ မိုးရတီဇော်ကို ခဏမေ့ထား လိုက်ကွာ. . အချိန်တွေ အများကြီးရှိပါသေးတယ်. . ."

ကျွန်တော် မင်းမင်းကိုဖျတ်ခနဲကြည့်လိုက်သည်။ မင်းမင်း ထံမှ တစ်ခါတစ်ရံတွင် ယခုကဲ့သို့ လေးနက်သောစကားတွေ ကြားရ လေ့ရှိ၏။ ကျွန်တော် သူ့ကို ဘာမှပြန်မပြောဖြစ်ဘဲ ရှေ့ဆုံးတန်းမှာ ငြိမ်ငြိမ်ကလေးထိုင်ပြီး စာကုန်းရေးနေသည့်မိုးရတီဇော်ကို လှမ်း ကြည့်လိုက်မိသည်။

ကျွန်တော့်ရင်ထဲသို့ မည်သည့်အချိန်က ရင်ခုန်ခြင်းတွေ ရောက်လာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားသည် ခရီးသည်တွေနှင့် ပြည့်သိပ်ညှပ်နေသည်။ ကျွန်တော်က အရပ်ရှည်သူမို့ သိပ်မထောင်းတာလှသော်လည်း အရပ်ပုသူတွေကတော့ အတော်ပင် အခြေအနေဆိုးပါသည်။ သူတို့သည် အပေါ်ကတန်းကိုလည်း မမီမကမ်းကိုင်ထားကြရပြီး၊ ဘေးက အရပ်မြင့်သူတွေကြားမှာ ညှပ်နေကြသည်။

သည်ကြားထဲ ကားဒရိုင်ဘာနှင့်စပယ်ယာတို့ စည်းဝါးရိုက်ထားပြီး၊ ပညာကလည်း ပြသေးသည်။ ခရီးသည်တွေကို ဤမျှကျပ်နေရသည်ကိုပင် မကျေနပ်နိုင်သေးဘဲ လောဘဇောတိုက်ကာ သည့်ထက်နေရာကျယ်အောင် ကြံကြလေသည်။

ကားကို ခပ်သွက်သွက်အရှိန်ဖြင့်မောင်းပြီး၊ ဘရိတ်ကို ရုတ်တရက်နင်းသဖြင့် ဤမျှကျပ်သိပ်နေသောကားအတွင်းမှာပင် ခရီးသည်တို့သည် အလဲလဲအပြိုပြိုဖြစ်နေကြသည်။ ရာသီဥတုက ပူပြင်းရသည့်အထဲ ကျပ်သိပ်နေသောဒုက္ခသည် ဆိုးလွန်းလှသည်။ ဒရိုင်ဘာသည် ခရီးသည်တွေကို သက်မဲ့ရုပ်ဝတ္ထုပစ္စည်းဟု သဘောထားကာ ကားအတွင်းနေရာဆန့်နိုင်သမျှ ဆန့်အောင်လုပ်နေသည်။





"ဒါဟာ သက်သက်မဲ့မိုက်ရိုင်းတာပဲ. . မှတ်တိုင်ရောက်ရင်လည်း အကြာကြီးစောင့်တင်သေးတယ်. . "

ခရီးသည်အဘိုးကြီးတစ်ယောက်က ဗျစ်တောက်ဗျစ်တောက်ပြောသည်။ သို့သော် စပယ်ယာက မကြားချင်ဟန်ဆောင်နေသည်။

"ကဲ. . မောင်းပါကွာ. . ဒီလောက်ကြပ်ညှပ်နေတာကို;"

ထိုခရီးသည်အဘိုးကြီးကပင် ဆက်ပြောနေသည်။ စပယ်ယာသည် ထိုအဘိုးကြီးကို မိုက်ကမ်းကမ်းကြည့်ပြီး၊ ခပ်မာမာပြောလိုက်သည်။

"အစ်ကိုရေ. . ကျွန်တော်ပြောမှမောင်း. . စက်သာသတ်ထားလိုက်တော့. . "

ကျွန်တော် ထောင်းခနဲဒေါသထွက်လာသည်။ သည်စကားသည် အဘိုးကြီးကို စိန်ခေါ်လိုက်သည့်သဘော။ ကျွန်တော် စပယ်ယာကို အကဲခတ်လိုက်သည်။ စပယ်ယာသည် နှစ်ယောက်ဖြစ်ပြီး အသက်ကတော့ သုံးဆယ်နီးပါးလောက်ရှိမည်ထင်ပါသည်။

ကားပေါ်တွင် သည်မျှကျပ်ညပ်နေသည့်ကြားမှပင် ခရီးသည် သုံးလေးယောက်ကို အတင်းတင်သည်။ ထိုအခိုက်မှာပင် ပိန်ပိန်သေးသေးလူကြီးတစ်ယောက်က ကျွန်တော့်ရှေ့မှာပင် ပိုက်ဆံတစ်ရွက်ထုတ်ပြီး၊ စပယ်ယာကို ကားခပေးသည်။ ပိုက်ဆံအရွက်ကြီးတစ်ရွက်။ စပယ်ယာသည် လက်ထဲတွင်ပြန်အမ်းနိုင်သောပိုက်ဆံတွေ ရှိလျက်နှင့်ပင် ပြန်မအမ်းဘဲ အလယ်ကိုတိုးသွား၏။ ခရီးသည်တွေကို မည်သို့မျှထပ်တင်၍မရသော အခြေအနေရောက်မှ ကားကိုမောင်းနိုင်းသည်။

မောင်းတော့လည်း ခရီးသည်တွေကို အလဲလဲအပြိုပြိုဖြစ်အောင်လုပ်ပြီး၊ လူချဲ့သည့်နည်းကိုသုံး၏။ ဒေါသကိုကြိုးစားချုပ်



www.burmeseclassic.com

www.burmeseclassic.com



တည်းထားသည့်ကြားမှ ကျွန်တော့်ဒေါသက တရှိန်ရှိန်တက်နေ၏။ နောက်ဆုံးတွင် ကျွန်တော့်ဒေါသပေါက်ထွက်ရမည့်အခြေအနေသို့ ရောက်လာ၏။

"စပယ်ယာရေ. . ဦးလေးကို ပိုက်ဆံပြန်အမ်းဦးကွာ. . "

စောစောက ပိုက်ဆံအရွက်ကြီးထုတ်ပေးထားသည့်ခရီးသည်ကြီးက ဆင်းမည့်မှတ်တိုင်နားနီးလာပြီဖြစ်သဖြင့် စပယ်ယာထံမှာ သူပေးထားသောပိုက်ဆံအတွက် ပြန်အမ်းငွေတောင်းသည်။ စပယ်ယာသည် ခပ်မာမာနှင့်ထိုလူကြီးကိုကြည့်ပြီး . . .

"ခင်ဗျား. . ဘယ်တုန်းကပေးထားလို့လဲ. . "

"စောစောတုန်းကလေ. . မောင်ရင်ပဲ ပြန်လဲမကြည့်ဘဲယူထားတာ. . "

"ကျွန်တော့်ကို မပေးထားပါဘူး. . "

"ဩော်. . ပေးပါသော်ကောမောင်ရင်ရယ်. . ပိုက်ဆံက နည်းနည်းတောင် နွမ်းနေပြီ. . . "

ဘေးကသက်သေအဖြစ် မည်သူမျှ လိုက်မပေးကြ။ ခရီးသည်တွေဘက်ကလည်း ကိုယ့်အပူမဟုတ်၍လည်းကောင်း၊ သို့မဟုတ် ရန်ဖြစ်မည်ကို စိုးရိမ်၍လည်းကောင်း မည်သူမျှဝင်မပြောကြ။ ထိုအခါမှ ကျွန်တော်ဝင်ရလေတော့သည်။

"ဟေ့လူ. . ဒီဦးလေးကြီး ပိုက်ဆံပေးလိုက်တာ ကျွန်တော်ကိုယ်တိုင်မြင်တယ်၊ ခင်ဗျား. . ပြန်အမ်းလိုက်ပါ. . "

"မအမ်းဘူးကွာ. .၊ ငါ့ဆီ အဲဒီပိုက်ဆံ မရောက်လာဘူး"

သည်းခံနိုင်သည့်အစွမ်း ကျွန်တော့်မှာကုန်သွားလေပြီ။လူအုပ်ထဲမှ ကျွန်တော်တိုးထွက်လိုက်ပြီးထိုစပယ်ယာရှေ့ရပ်လိုက်သည်။

"ခင်ဗျားစိတ်ဓာတ် သိပ်အောက်တန်းကျတယ်. .၊ ခုချက်ခြင်း ဒီဦးလေးကြီးကို ပိုက်ဆံပြန်အမ်းမလား. .၊ မအမ်းဘူးလား"





ကျွန်တော်က အသက်သာငယ်သည်။ လူကောင်ထွားကာ အရပ်ကြီးရှည်၏။

"မအမ်းဘူး ကွာ. . မင်းကသူ့သားမို့ ဝင်ပြောတာလား. . "

ဒါကြောင့် ကျွန်တော်ပြောပါသည်။ ကျွန်တော့်တွင် သည်းခံနိုင်မှုစွမ်းအား ကုန်သွားလေပြီဟု။ ကျွန်တော် သူ့မျက်နှာကို အားရပါးရ ထိုးချလိုက်သည်၊။ ချက်ကောင်းကိုထိုးမိသွားသဖြင့် သူ နောက်သို့ ယိုင်ကျသွားသည်၊။ သို့သော် သူကလည်း ချက်ခြင်းပင် ကျွန်တော့်ကို ပြန်ထိုးသည်။ ဂဘားပေါ်တွင် ချက်ခြင်းပင် ရုတ်ရုတ်သဲသဲဖြစ်သွားတော့သည်။

"ကားရပ်ဦးဟေ့. . . ဒီမှာ သတ်ကုန်ကြပြီ. . . "

"လုပ်ကြပါဦး. . . "

"အမလေး. . . ဘာဖြစ်လို့ ကျွန်မခြေထောက်တက်နင်းတာလဲ. . . "

"ရဲကိုခေါ်ဟေ့. . . ရဲစခန်းကိုမောင်း. . . "

ကားသည် ချက်ခြင်းရပ်သွားသည်။ ကျွန်တော့်နှုတ်ခမ်းလည်း ကွဲနေပြီဖြစ်ပြီး စပယ်ယာမျက်နှာမှာလည်း သွေးတွေရွှဲနေလေပြီ။ ခရီးသည်အချို့ကကားရပ်သည်နှင့် ကားပေါ်ကဆင်းပြေးသည်။ ကျွန်တော်နှင့်စပယ်ယာကတော့ သည်းကြီးမည်းကြီးနှင့် သရဖူ အဲရွှေခါးပတ်လုနေတုန်း။

ဒရိုင်ဘာနှင့်အကူစပယ်ယာသည် သူတို့လူကို အတင်းဆွဲသည်။ ကျွန်တော့်ကိုလည်း ခရီးသည်အချို့က ဝင်ဆွဲသည်။ ထိုအထဲမှာ ဘယ်အချိန်က ကားပေါ်ပါလာပြီး ဘယ်နေရာရောက်နေမှန်းမသိသည့် မိုးရတီဇော်လည်းပါလေသည်။

"မင်းဆွေလတ်. . . နင်တော်တော့. . . "

ထိုအသံသည် ကျွန်တော့်ဒေါသကိုပြေစေသောအသံ၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါသစိတ်ငြိုင်းကို ချွန်းအုပ်လိုက်သောအသံ။ သူမသည် လူအုပ်ကြား ကတိုးထွက်လာပြီး ကျွန်တော့်လက်ကိုလာကိုင်သည်။ ကျွန်တော် မိုးရတီဇော်ကို ငုံ့ကြည့်လိုက်ရာ သူမကကျွန်တော့်ကို မျက်လုံးလေး ဝိုင်းပြီး ပြန်မော့ကြည့်နေ၏။ တင်းမာနေသော ကျွန်တော့်စိတ်ကို လျှော့ချလိုက်မိ၏။

ဒရိုင်ဘာ နှင့်ခရီးသည်တို့၏ ဖျန်ဖြေစကားကြောင့် စပယ်ယာသည် ပိုက်ဆံမအမ်းရသေးသော ခရီးသည်ကြီးကို ပိုက်ဆံထုတ်အမ်းသည်။ ဒရိုင်ဘာသည် ကျွန်တော့်ကိုလာတောင်းပန်သည်။ ကျွန်တော်သည် ကားကိုဆက်စီးချင်စိတ်မရှိတော့။

"အမှန်တော့ မင်းတို့မကောင်းတာကွ. . . စကတည်းက ဒီလောက်ကြပ်နေတာ. . . လူထပ်မတင်သင့်တော့ဘူး. . ."

"ခရီးသည်တွေဟာ လူတွေလေ. . . ကိုယ်ချင်းစာသင့်တာပေါ့. . ."

"ပိုက်ဆံဆိုလည်း အကြွေရှိရင် ချက်ခြင်းအမ်းထားသင့်တယ်. . ."

"ကဲ. . . ကဲ. . . အားလုံးကို ကျွန်တော်တောင်းပန်ပါတယ်။ ကားပေါ်ပြန်တက်ကြပါ"

ကျွန်တော် လူတွေကြားမှအောက်သို့ဆင်းလိုက်ရာ မိုးရတီဇော်ကလည်း ကျွန်တော်နှင့်အတူ လိုက်ဆင်းသည်။ ကားသည် လူပဒေသာပင်ကြီးတစ်ခုလိုပင် ဆက်ထွက်သွား၏။

"နင်ကလည်းဟယ်. . . ဖြစ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်းချည်းပဲ. . ."

မိုးရတီဇော်က သူ့လက်ကိုင်အိတ်ထဲမှ ထစ်ရှူးထုပ်ကလေးထုတ်ပေးပြီးပြော၏။ ဖြစ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်းချည်းပဲဆိုသော မိုးရတီဇော်၏ စကားကြောင့် ကျွန်တော် စိတ်မသက်





မသာဖြစ်သွားသည်။

"အခုကိစ္စမှာ ငါလွန်တာမဟုတ်ဘူးဟ. . . နင်လည်း ဒီကားထဲမှာပါလာတာပဲ. . . ဖြစ်ရတဲ့ ပြဿနာကို အစအဆုံးသိမှာပဲ. . ."

"ဒါပေမယ့်ဟာ အခုလို ထိုးတဲ့ကြိတ်တဲ့အထိတော့ မလုပ်သင့်ဘူး. . ."

"အေးပါဟာ. . . ငါလွန်တယ်ပဲထားလိုက်ပါ. . ."

ကျွန်တော့်အသံမှာ စိတ်တိုသံပါသွား၍ထင်သည် မိုးရတီဇော်သည် မသိမသာပြုံးလေသည်။ ကျွန်တော်တို့နှစ်ယောက် ဆင်းရမည့်နေရာက ရှေ့မှတ်တိုင်သာဖြစ်သဖြင့် နောက်ကားစောင့်မစီးတော့ပဲ နှစ်ယောက်တိုင်ပင်မထားပဲ လမ်းသာလျှောက်လိုက်ကြသည်။

"ဒါနဲ့. . . နင် ဘယ်ကပြန်လာတာလဲ. . ."

"ငါ့အမေခိုင်းလိုက်လို့ဟ. . . မြို့ထဲခဏသွားတာ. . . နင်ရောဘယ်ကပြန်လာတာလဲ မိုးရတီဇော်. . ."

"ငါ ကျူရှင်သွားတက်တာ. . ."

ထိုအခါမှ ကျွန်တော်လည်း သူမလက်ထဲမှာကိုင်ထားသည့် စာအုပ်တချို့ကိုတွေ့မိသည်။ ကျွန်တော့်နှုတ်ခမ်းမှ သွေးနည်းနည်းထွက်ကျလာပြီး ထိုသွေးတွေကို သူမ တွေ့သွားသည်။

"နင် သွေးတွေထွက်နေတုန်းပဲ. . . ဖြစ်ရဲ့လား. . ."

"ရပါတယ်ဟာ. . . နှုတ်ခမ်းပေါက်သွားတာပါ. . ."

"ငါ့ကိုခဏပြစမ်း. . ."

ကျွန်တော်ရပ်လိုက်သည်။ သူမသည် ကျွန်တော့်ရှေ့မှာ ခြေဖျားကလေးထောက်ပြီး ကျွန်တော့်နှုတ်ခမ်းကဒဏ်ရာကိုကြည့်သည်။ ကျွန်တော်က သူမ၏မျက်နှာကလေးကို ငုံ့ကြည့်လိုက်သည်။ ကျက်သရေရှိစွာ ရိုးရိုးယဉ်ယဉ်ကလေး လှနေသည့်မျက်နှာ။ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့သည် သူ့နေရာနှင့်သူ တင့်တယ်စွာ။



www.burmeseclassic.com

www.burmeseclassic.com



ကော့ညွတ်နေသော မျက်တောင်ကို ခဏစိုက်ကြည့်ရင်းက ရင်တွေခုန်လာသဖြင့် အကြည့်ကိုလွှဲပစ်လိုက်ရသည်။

"သိပ်တော့မများဘူး. . . ဒါပေမယ့် နည်းနည်းတော့ယောင်နေတယ်. . ."

"ရပါတယ်ဟာ. . . အိမ်ကျရင် ပရုပ်ဆီထည့်လိုက်ရင် သက်သာသွားမှာပါ. . ."

ကျွန်တော်တို့နှစ်ယောက် လမ်းဆက်လျှောက်သည်။ တစ်ချက်တစ်ချက် ခန္ဓာကိုယ်ချင်းနီးသွားသဖြင့် သူမ၏ကိုယ်သင်းနံ့ကို ရလေသည်။

"နင် ဒီလ အဆင့်ဘယ်လောက်ရလဲဟင် မင်းဆွေလတ်"

"သုံးဆယ့်ကိုး"

သူမပြုံးလေသည်။ ကျွန်တော်ရှက်သွားမိ၏။

"ဘာပဲဖြစ်ဖြစ် နင် တိုးတက်လာတာကို ငါအသိအမှတ်ပြုပါတယ်"

"နင်ကတော့ တစ်နဲ့နှစ်မှာ အမြဲတမ်းပဲနော်. . ."

"အင်း. . . အရင်တုန်းကတော့ ငါအမြဲတမ်းပဲ တစ်ရခဲ့တာ အခုမှ နီဟိန်း ရောက်လာမှ ငါ ဒုတိယရလိုက်. . . ပထမရလိုက်ဖြစ်နေတယ်. . . ကောင်းတော့ကောင်းပါတယ်လေ. . ."

"ဘာကောင်းတာလဲဟင်. . ."

ကျွန်တော် ဖျတ်ခနဲမေးလိုက်မိ၏။

"ဩော်. . . တစ်ယောက်တည်းပြေးနေသလို ဖြစ်နေတာက. . နှစ်ယောက်ပြေးသလိုဖြစ်လာလို့. . . တကယ်တော့ နီဟိန်းဟာ ငါ့ရဲ့ အကောင်းဆုံးပြိုင်ဘက်ပဲ. . ."

ကျွန်တော်မခံချင်ဖြစ်သွားသည်။

"ငါလည်း နင့်ပြိုင်ဘက်ပဲ"





သူမ ခစ်ခနဲရယ်လေသည်။ လှလိုက်တာဟု အသိအမှတ်ပြုလိုက်မိပြန်သည်။ မိုးရတီဇော်သည် သူ့နုတ်ခမ်းလေးတွေကို လက်နှင့်ကွယ်၍ရယ်ရင်း ခပ်တိုးတိုးပြန်ဖြေသည်။

"နင်ဟာ ငါ့ပြိုင်ဘက်မဟုတ်ပါဘူး. . ."

"ဟာ. . . ဘာလို့ငါက နင့်ပြိုင်ဘက်မဟုတ်ရမှာလဲ. . . အခုပဲကြည့်လေ. . . အဆင့်သုံးဆယ့်ကိုးဖြစ်လာပြီ . . . နောက်ဆို . . တစ်ဆယ်ကျော်ဖြစ်လာမယ်. . . ပြီးရင် နင့်ကိုမီလာလိမ့်မယ်. . ."

"ခစ်. . . ခစ်"

"နင် ဘာရယ်တာလဲ. . ."

"ဩော်. . . ပြိုင်ဘက်မဟုတ်ပါဘူးလို့ပြောနေတာကို အတင်းထပ်ပြောနေလို့. . ."

"ဒါဆို ပြိုင်ဘက်မဟုတ်ရင် ငါကဘာလဲ. . ."

သူမကျွန်တော့်ကို ဖျတ်ခနဲကြည့်လေသည်။ မျက်ဝန်းသည် ကြည်လဲ့နေ၏။

"သူငယ်ချင်း. . ."

ရင်ထဲတွင် လှိုက်သွားမိသည်။ တစ်ချိန်ထဲမှာပင် တစ်စုံတစ်ခုအတွက် ကျွန်တော်ဝမ်းနည်းသွားမိလေသည်။ သူငယ်ချင်းဆိုသည့် သတ်မှတ်ချက်စကားလုံးသည် ကျွန်တော့်ရင်ထဲက တစ်စုံတစ်ခုကို စည်းတားဟန့်တားလိုက်သည့် သဘောပင်လော။ ကားမှတ်တိုင်သို့ ရောက်သော် မိုးရတီဇော်ကစ၍ ကျွန်တော့်ကိုပြော၏။

"ငါသွားတော့မယ် မင်းဆွေလတ် မနက်ဖြန်ကျောင်းတက်မှ ပြန်ဆုံကြတာပေါ့. . ."

"အင်း. . . ငါ့ကြောင့်မို့. . . နင်လည်း မှတ်တိုင်တစ်တိုင်စာ လမ်းလျှောက်လိုက်ရတယ်. . . ဆောရီးပဲဟာ. . ."

"မွန်းသိပ်နေတဲ့လေထက်. . . လတ်ဆတ်တဲ့သဘာဝလေ



www.burmeseclassic.com

www.burmeseclassic.com



ကို မှတ်တိုင်တစ်တိုင်စာ စောပြီးရှုလိုက်ရတာပေါ့ဟာ. . . အဲဒီအတွက် ငါကတောင်နင့်ကိုကျေးဇူးတင်ရမှာ. . ကဲ. . ငါသွားမယ်. . "

မိုးရတီဇော်သည် စာအုပ်လေးတွေကိုကိုင်ပြီး ကျွန်တော့်ကို ကျောခိုင်းကာထွက်သွား၏။ ဘာရယ်မဟုတ်ပဲ သူမ၏ကျောပြင်ကလေးကို ကျွန်တော်ငေးကြည့်နေမိ၏။

ကိုးတန်းအတန်းတင်စာမေးပွဲကြီးကိုဖြေရတော့မည်။ ရာသီဥတုသည် သိသိသာသာပင် ပူပြင်းလာသည်။ ကျွန်တော်တို့အိမ်ရှေ့တွင်ရှိသော သရက်ပင်ကြီး၌ သရက်ကင်းတွေပြွတ်သိပ်နေအောင်သီးနေလေသည်။ နောက်ထပ် ဆယ်ရက်လောက်ဆိုလျှင်ပဲ ကျွန်တော်တို့ကျောင်းတွေပိတ်တော့မည်။ ပြီးလျှင် စာမေးပွဲစစ်တော့မည်။

"တို့ကောင်တွေ အောင်မှာသေချာပါတယ်. . . မသေချာတာကတော့ ကောင်မလေးတွေပဲကွ. . . "

ဝဏ္ဏ၏စကားကြောင့် ရှေ့ကကောင်မလေးတွေ ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်ကုန်ကြသည်။

"ဟဲ. . . တို့မိန်းကလေးတွေက ဖြေပြီးတာနဲ့ အောင်စာရင်းတောင်သွားကြည့်စရာမလိုဘူးဟဲ့ . . . "

"ဘာဖြစ်လို့လဲ . . . ကျမှာသေချာနေလို့လား . . . "

"အောင်မှာသေချာလို့ဟဲ့ . . . ကောင်စုတ်ရဲ့ . . . "

"စာမေးပွဲဆိုတာ ဉာဏ်ကောင်းတဲ့သူတွေမှအောင်တာ. . . နင်တို့မိန်းကလေးတွေက ငါတို့ယောကျ်ားလေးတွေလောက် ဉာဏ်ကောင်းတာမဟုတ်ဘူး. . . "

"အောင်မယ်. . . ဒါကြောင့်မို့လည်း နင်တို့အဆင့်က ဘိတ်ချီးကပ်နေကြတာ. . . "

"ဘာမှမဆိုင်ဘူး. . . ဉာဏ်ကောင်းတာနဲ့ ဘိတ်ချီးကပ်တာဘာမှမဆိုင်ဘူး. . ၊ ဘိတ်ချီးကပ်နေပေမယ့်လည်း နင်တို့ထက်





ဉာဏ်ပိုကောင်းတယ်. . ၊ စာမေးပွဲလည်းအောင်တယ်. . "

ဝဏ္ဏနှင့် အေးအေးစိုး တိုက်ပွဲကား ပြင်းထန်လာသည်။ ဝဏ္ဏဘက်မှ စည်သူက စစ်ကူဝင်ဖို့ ချောင်းနေ၏။

"ငါတို့ မိန်းကလေးတွေက နင်တို့တွေထက် ဉာဏ်ကောင်းတယ်. . "

စည်သူက စစ်ကူဝင်လာတော့သည်။

"နင်တို့ ဉာဏ်ကောင်းတယ် ဟုတ်လား. . ၊ ဒါဆို ဟိုဟာသိလား. . "

"ဘာဟိုဟာလဲ. . "

"ဟိုဟာလေဟာ. . ၊ အင်း . . ငါတို့ သူတို့ကို ဉာဏ်စမ်းဘာမေးရရင် ကောင်းမလဲ. . "

မိန်းကလေးတွေဘက်ကလည်း သင်းလဲ့ဝါသာမက မြင့်မြင့်ထွေးပါ စစ်ကူဝင်လာသည်။ စာမေးပွဲကြီးနီးသဖြင့် သင်ခန်းစာတွေလဲ ကုန်နေလေပြီ။ ဆရာမက ကျွန်တော်တို့ကို ပြန်လှန်လေ့ကျင့်ခန်းတွေ သင်ပေးခဲ့ပြီး ရုံးခန်းခဏသွားနေသဖြင့် ကျွန်တော်တို့တွေငြိမ်းချမ်းရေးရနေသည်။ ကျောင်းသူကျောင်းသားတို့၏ သဘာဝသည် အတန်း၌ဆရာမ မရှိသည်နှင့် ဇာတိပြလေတော့သည်။

"မင်းကြီးတော်ကြီး အကြောင်းမေးကွာ. . "

"နေဦးကွ. . ၊ ငါစဉ်းစားလိုက်ဦးမယ်. . ၊ ဒီလို. . ဒီမှာ အေးအေးစိုး. . လူတွေမှာ ဉာဏ်ကောင်းမကောင်းသိချင်ရင် ဉာဏ်စမ်းတွေမေးကြည့်ရတယ်တဲ့. . ၊ အဲဒီတော့ နင်တို့ကို မေးကြည့်ရမယ်. . ဘယ့်နှယ်လဲ. . "

"မေး. . မေး. . နင်ကြိုက်တာမေး. . ၊ ငါတို့က ဉာဏ်ကောင်းပြီးသား. . ၊ အေးဆေးပဲ. . "

"ဟုတ်ပြီ. . ဒါဆို ငါမေးမယ်. . ၊ ဥပမာပေါ့ဟာ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ဝဏ္ဏနဲ့ ငါစည်သူက နင့်ကိုကြိုက်နေတယ်. . "

"ကောင်စုတ်နော်. . ၊ ငါ ဆရာမကို သွားတိုင်လိုက်မှာ. . "

"ရော်. . တယ်ခက်ပါလား. . ၊ ဥပမာပါဆိုနေမှ. . နင်က တကယ်ထင်နေလို့လား. . ၊ ဒဲဒါနဲ့ ဇာတ်လမ်းက ဒီလိုဟ. . "

"ဟော့ကောင် စည်သူ. . ၊ မင့်ဟာက ဉာဏ်စမ်းလား၊ ဇာတ်လမ်းလား. . . "

"ငါ့ဟာက ဉာဏ်စမ်းဇာတ်လမ်း. . ၊ အဲ. . ဘယ်ရောက်သွားပါလိမ့်. . ၊ နင် အေးအေးစိုးက အလယ်ရွာမှာနေပြီးတော့ ငါကတော့ အနောက်ရွာမှာနေတယ်. . ၊ ဝဏ္ဏက အရှေ့ရွာမှာနေတယ်. . ၊ တို့နှစ်ယောက်ဟာ မနက်ဆို နင့်ဆီလာပြီး ပိုကြပြီး ညနေဆို ကိုယ့်ရွာကိုယ်ပြန်တယ်. . "

ကျွန်တော်တို့ မျက်စိလည်ကုန်သည်။ ဒီကောင့်ဟာ ဘာတွေပါလိမ့်။ ဧကန္တတော့ ဒီကောင် အကြံအဖန်လုပ်နေပြီ ထင်သည်။ စည်သူကတော့ ခပ်တည်တည်ပင် ဆက်ပြော၏။

"အဲဒီတော့. . ဉာဏ်စမ်းစတော့မယ်. . ၊ ငါစည်သူနဲ့ ဒီကောင်ဝဏ္ဏက နင့်ကို ကြိုက်နေကြတယ်နော်. . ၊ ပြီးတော့ တို့နှစ်ယောက်ရဲ့ အရည်အချင်းတွေလည်း နင်ရွေးဖို့ ငါပြောထားမယ်. . ၊ တို့နှစ်ယောက်ရဲ့ ပညာအရည်အချင်း၊ ရုပ်ရည်၊ စည်းစိမ်ဥစ္စာ အဲဒါတွေဟာလည်း တန်းတူပဲ. . ၊ အဲဒါကို နင်က တို့နှစ်ယောက်ထဲက တစ်ယောက်ကို ရည်းစားအဖြစ် ရွေးရမှာ. . "

အေးအေးစိုးသည် မကြားချင်ဟန်ဖြင့် နားကိုပိတ်လိုက်သည်။

"အဲဒီတော့. . ငါနဲ့ဝဏ္ဏကို နင်ဘယ်သူကို ရွေးမလဲ. . "

"ဘယ်သူ့ကိုမှ မရွေးဘူးဟေ့. . ။ ဘာဖြစ်လို့လဲဆိုတော့ နင်တို့ကလွဲရင် ရွေးစရာတွေပြည့်လို့. . . "





"အဲဒါတွေကြောင့် နင်တို့မိန်းကလေးတွေဟာ တို့ယောကျ်ားလေးတွေလောက် ဉာဏ်မကောင်းပါဘူးလို့ ပြောတော့လည်း နင်တို့က မခံချင်ဘူး. . ။ အခုပဲကြည့်လေ. . ငါမေးတဲ့ဉာဏ်စမ်း ဇာတ်လမ်းကို နင်တို့မဖြေနိုင်ဘူးမဟုတ်လား. . . "

"နင့်ဟာက ဉာဏ်စမ်းမှ မဟုတ်တာ. . . "

"တယ်ခက်ပါလား. . ဒါဉာဏ်စမ်းပုစ္ဆာဟ. . နင်တို့မဖြေနိုင်ရင် ငါပြီးမှအဖြေပြောပြမယ်. . "

သည်လိုဆိုတော့လည်း သင်းလဲ့ဝါနှင့် မြင့်မြင့်ထွေးကပါ ဇဝေဇဝါ ဖြစ်သွားကြသည်။

"ဒါဆို. . နင့်ဉာဏ်စမ်းကို တစ်ခေါက်ပြန်ပြောစမ်း. . "

"အင်း. . ဒီလိုဟ. . နင် အေးအေးစိုးက အလယ်ရွာမှာနေတယ်. . ၊ ငါစည်သူက အဲ. . ဘယ်မှာနေတာပါလိမ့်. . ၊ ဟော့ကောင် ဝဏ္ဏစောစောက ငါပြောလိုက်တာ အရှေ့ရွာလား. . အနောက်ရွာလား. . . "

"ဘယ်သိပ့်ါမလဲကွ. . မင်းဉာဏ်စမ်း မင်းတောင်မမှတ်မိတာ. . . "

"ဟုတ်ပေသားပဲ. . နင်က အလယ်ရွာမှာနေတယ်. . ငါက အနောက်ရွာမှာနေတယ်. . ဒီကောင် ဝဏ္ဏက အရှေ့ရွာမှာနေတယ်. . တို့နှစ်ယောက်ဟာ မနက်ဆိုရင် နင့်ဆီလာလည်ပြီး ညနေဆို တို့အိမ်တို့ပြန်တယ်. . "

"ဟယ်. . အဲဒါဆို နင်တို့ ဘယ်လိုထမင်းစားမလဲ. . ၊ ငါ့အိမ်မှာတော့ နင်တို့ကို ထမင်းမကျွေးဘူးနော်. . "

"ဩော်. . အရေးထဲ ကပ်စေးနည်းမနဲ့ လာတွေ့နေရသေးတယ်. . ငါ့ဉာဏ်စမ်းမှာ အဲဒါက အရေးမကြီးဘူး. . နောက်ပြီး ဥပမာအနေနဲ့ပြောတာ. . အရေးကြီးတာက တို့နှစ်ယောက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အရည်အချင်း၊ အရည်အသွေးတွေအားလုံး တူနေတယ်. . ."

ထိုအခါ သင်းလဲ့ဝါက ဝင်ပြောသည်။

"ငါ့အထင်ပြောရရင် ဒီဉာဏ်စမ်းက ဘာမှမခက်ဘူး. . ၊ အဲဒီကောင်နှစ်ကောင်ထဲက တစ်ယောက်ယောက်ကို မဲနှိုက်ပြီးရွေး ချင်ရွေး . . ဒါမှမဟုတ် . . နှစ်ယောက်စလုံးကို ရွေးချင်ရွေး . ."

"No . . အဲဒီလိုမဲနှိုက်ပြီးရွေးလို့မရဘူး . . နောက်ပြီး နင်ပြောသလိုနှစ်ယောက်စလုံးကိုရွေးလို့လည်းမရဘူး . . အဲဒါဆို ဝေစုခွဲလို့မရဘူးဖြစ်သွားမှာပေါ့ . ."

"ကောင်စုတ်နော် . . မိုက်ရိုင်းမလာနဲ့ . ."

"ဟ . . ငါဘာမိုက်ရိုင်းလို့လဲ . . မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးနှစ်ယောက်က တစ်ပြိုင်တည်းရည်းစားထားလို့မရဘူးလေဟာ . . အဲဒါကိုပြောတာ . ."

အေးအေးစိုးသည် စိတ်ရှုပ်ထွေးဟန်ဖြင့် ခေါင်းကိုကုတ်လေသည်။

"မသိဘူးဟာ . . ပန်းပေးတယ် . . နင့်ဉာဏ်စမ်းရဲ့အဖြေကို ပြောတော့ . . မဟုတ်ကဟုတ်ကတွေပြောရင်တော့ ငါဆရာမနဲ့သွားတိုင်လိုက်မှာနော် . ."

"နင်တို့မိန်းကလေးတွေဟာလေ . . နည်းနည်းကလေးစဉ်းစားလိုက်ရင်တောင် အဖြေကထွက်နေပြီ . . အေးလေ . . နင်ပန်းပေးတယ်ဆိုရင်လည်း ငါအဖြေပြောတော့မယ် . . အဖြေက နင်ငါ့ကို ရွေးလိုက်တယ် . . ဟိုကောင် ဝဏ္ဏကိုမရွေးဘူး . ."

"နင်နော် . . ငါတကယ်ဆရာမနဲ့သွားတိုင်လိုက်မှာနော်"

"တယ်ခက်ပါလား . . ဘာကြောင့် နင်ငါ့ကိုရွေးလိုက်တယ်ဆိုတာဆက်မမေးတော့ဘူးလား . . ကဲ . . ငါပဲရှင်းပြပါတော့မယ်ဟာ . . ငါတို့နှစ်ယောက်ဟာ မနက်ဆိုနင့်ဆီလာပြီး ညနေဆိုပြန်ရတယ်





မဟုတ်လား . . အဲဒီတော့ အနောက်ရွာက ငါဟာ မနက်ဆိုနေကို မျက်နှာမူပြီး ပြန်ရတယ် . . ဒီကောင်ဝဏ္ဏကျတော့ မနက်ဆိုလည်း နေကိုကျောခိုင်းလာရပြီး ညနေပြန်တော့လည်း နေကိုကျောခိုင်းပြန်ရတယ် . . အဲဒါဉာဏ်စမ်းရဲ့အဖြေပဲ . ."

"ဘာမှမဆိုင်ဘူး . . နင့်ဉာဏ်စမ်းဟာ ဘာအဓိပ္ပါယ်မှမရှိဘူး . . . ."

"ခက်ပါလား . . နင်တို့မိန်းကလေးတွေဟာ ယောကျ်ားလေးတွေကိုရွေးရင် . . အရည်အချင်းချင်းတူနေရင် သနားတာကို ရွေးလေ့ရှိတယ် . . အခု ငါ့ဉာဏ်စမ်းထဲမှာလည်း နေကိုမျက်နှာမူပြီး လာရတဲ့ ငါ့ကိုနင်ကသနားသွားပြီး ချစ်သွားတာပေါ့ဟာ . . ."

"အေး . . ထားလိုက်တော့ . . ဒါဟာ ဉာဏ်စမ်းမို့ . . အပြင်မှာဆိုရင်တော့ နင့်လိုကောင်မျိုး စိတ်ကူးထဲတောင် မထည့်ဘူး . . ."

"ရက်စက်လှချည်လားဟာ. . တစ်တန်းတည်းသားချင်း အဲဒီလောက်ပြောရသလား. . ဆရာမတောင်သွားတိုင်ဖို့ ကောင်းတယ်"

ကျွန်တော်တို့ရယ်သိုက်ကြသည်။ ထိုခဏမှာပင် မင်းမင်းက တစ်စခန်းထလာပြန်သည်။

"ဉာဏ်စမ်းပဟေဠိဆိုတာ တို့လူငယ်တွေအတွက် တကယ်လိုအပ်တာပဲကွ . . ဒီတော့ ဒီတစ်ခါငါမေးဦးမယ် . . ဒါလည်း ဥပမာပဲနော် . . စည်သူမှာရည်းစားနှစ်ယောက်ရှိတယ်ဆိုပါတော့ကွာ . . တစ်ယောက်က အေးအေးစိုး၊ တစ်ယောက်က သင်းလဲ့ဝါ. ."

"မိုက်ရိုင်းမလာနဲ့နော်. . ၊ ငါတို့ ဆရာမကို တကယ်သွားတိုင်လိုက်မှာ. ."

"ဟာ. . နင်တို့ကလည်း ဥပမာပါဆိုနေမှ. . ၊ ကဲ. . ငါဆက်ပြောမယ်. . ၊ စည်သူဟာ သူ့ရည်းစားနှစ်ယောက်ဖြစ်တဲ့ အေးအေး



www.burmeseclassic.com

www.burmeseclassic.com



စိုးနဲ့ သင်းလဲ့ဝါကိုခေါ်ပြီး တောထဲကိုသွားတယ်. . "

"ဟေ့ကောင်. . မင့်ဟာက ဘာလဲကွ. . "

မင်းမင်းက လက်ကာပြပြီး ဆက်ပြောသည်။

"ကိစ္စကတော့ ခရီးသွားတာပေါ့ကွာ. .၊ အဲဒီတောအုပ်ကို ဖြတ်မှ မြို့ရောက်မှာ. .၊ ဇာတ်လမ်းက အဲဒီလို. . "

"ဟင်. . မင့်ဟာကလည်း ငါ့လိုပဲ ဇာတ်လမ်းပါလား. .၊ ကောင်းတယ်. . ဆက်ပြော. . "

"အဲဒီတော့ တောအုပ်ထဲရောက်ရော ဆိုပါတော့ကွာ. .၊ အဲဒီမှာ သားရဲတိရစ္ဆာန်တွေ အန္တရာယ်ကြောက်လို့ မင့်တို့သုံးယောက်တာ ကျောက်ဂူတစ်ခုထဲကို ဝင်လိုက်ကြတယ်. . "

"ကောင်စုတ်. . မင်းမင်း၊ နင်လည်း မိုက်ရိုင်းမလာနဲ့နော်"

"ခက်ပါလားဟာ. .၊ နင်တို့ကလည်း မဟုတ်ကဟုတ်က တယ်တွေးကြတာကိုး. .၊ ငါ့ဇာတ်စမ်းက သန့်သန့်ကလေး. . အဲ. . ဘယ်ရောက်သွားပါလိမ့်. .၊ အဲဒါနဲ့မင်းတို့သုံးယောက်ဟာ ကျောက်ဂူထဲဝင်လိုက်တယ်ဆိုရင်ပဲ ဂူဝမှာစောင့်နေတဲ့ နတ်ဆိုးကြီးဟာ ဟောဒီလို ဓားနဲ့ပိုင်းချလိုက်တာနဲ့ စည်သူက အမြန်ရှောင်လိုက်လို့ လွတ်သွားပေမယ့် အေးအေးစိုးနဲ့ သင်းလဲ့ဝါကတော့ မလွတ်ပဲ ခေါင်းပြတ်သွားတယ်. . "

"ဟား. . ဟား. . "

"နင်. . မိုက်ရိုင်းလိုက်ချည်လား မင်းမင်း. .၊ ငါတို့ တကယ်သွားတိုင်မှာနော်. . "

"ကဲ. . ကြည့်. . ဥပမာပါဆိုနေမှ. .၊ ဇာတ်စမ်းမေးတဲ့အခါ စဉ်းစားလို့လွယ်အောင် တို့အချင်းချင်းနာမည်တွေ ထည့်သုံးထားတာ. .၊ အဲဒီတော့ အေးအေးစိုးနဲ့ သင်းလဲ့ဝါ ခေါင်းပြတ်သွားတော့ စည်သူက ရှိုက်ကြီးတငင်ငိုတာပေါ့ဟာ . . "





"ဒုက္ခပါပဲ . . ငါလည်း နေရင်းထိုင်ရင်းက သူလုပ်ပုံနဲ့ အခြောက်ဖြစ်တော့မယ်"

မင်းမင်းက လက်ကာပြီးဆက်ပြောပြန်သည်။

"အဲဒီ့အခါမှာဂူထဲက နတ်သူတော်ကောင်းကြီးက စည်သူ ငိုသံကြားလို့ နိုးလာပြီး စည်သူ့ကိုသနားသွားပြီး အခွင့်အရေးတစ်ခု ပေးတယ် . . အဲဒါကတော့ ခေါင်းပြတ်ပြီးသေနေတဲ့ အေးအေးစိုးနဲ့ သင်းလဲ့ဝါတို့နှစ်ယောက်ထဲက . . . "

"ကဲ . . သင်းလဲ့ဝါ တို့ဆရာမကိုသွားတိုင်ကြစို့ . . . "

အေးအေးစိုးနှင့်သင်းလဲ့ဝါက ဆတ်ခနဲထိုင်ရာမှထလိုက်သောအခါ စည်သူကတောင်းပန်သည်။

"နင်တို့ကလည်းဟာ . . တကယ်မဟုတ်ပါဘူးဟာ . . ဒီကောင် မင်းမင်းစောစောကပြောထားသားပဲ . . ဥပမာပါဆိုနေမှ"

"ငါတို့မကြားရဲတော့ဘူးဟဲ့ . . ဘယ့်နှယ့်ခေါင်းပြတ်တာတွေလည်းပါတယ် . . သေနေတာတွေလည်းပါတယ် . . ဘယ်လောက်ကြောက်စရာကောင်းသလဲ . . . "

"ဆောရီးပဲဟာ . . ငါလည်း အခုမှအဲဒါကိုတွေးမိတယ်။ ဒီတော့ ဒီလိုလုပ်ဟာ . . ငါ အဲဒီ့အခန်းကိုကျော်လိုက်တော့မယ်. . အဲဒီ့တော့ နတ်သူတော်ကောင်းကြီးက အခွင့်အရေးပေးတယ် . . အဲဒီလို ခေါင်းတခြား ကိုယ်တခြားဖြစ်နေတဲ့အလောင်း . . . "

"ထဟယ် . . သွားတိုင်ကြမယ် . . "

"ဟ . . နေပါဦးဟ . . ဒီမှာစကားလုံးရွေးမရလို့အမှားပါသွားရတဲ့အထဲ . . "

သည်ပြဿနာကို စည်သူကဝင်ရှင်းပေးသည်။

"ဟေ့ကောင်. . အလောင်းလို့မသုံးနဲ့. . Dead Boy လို့သုံး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . မင်းမဆိုးဘူးစည်သူ . . အင်း . . အဲဒီ Deed Boy နှစ်ခုထဲက တစ်ခုကိုပဲ အသက်ပြန်ရှင်ခွင့်ပေးမယ်ပေါ့ . . အဲဒီ့အခါ မှာ အေးအေးစိုးခေါင်းနဲ့ သင်းလဲ့ဝါကိုယ်ကိုပဲဆက်ပြီး အသက်ရှင်ခွင့်ယူမလား . . အေးအေးစိုးကိုယ်နဲ့သင်းလဲ့ဝါခေါင်းကိုပဲ ဆက်ပြီး အသက်ရှင်ခွင့်ယူမလား . . ဒါမှမဟုတ် အေးအေးစိုးနဲ့သင်းလဲ့ဝါနှစ်ယောက်ထဲက တစ်ယောက်ကိုပဲအသက်ရှင်ခွင့်ယူမလား . ."

သည်တစ်ခါတော့ စဉ်းစားရမယ့်အပိုင်းရောက်လာပြီဖြစ်သဖြင့် ကောင်မလေးတွေမျက်လုံးလေးတွေ ကလယ်ကလယ်နှင့်စဉ်းစားကြ၏။ ကျွန်တော်တို့လည်း ဦးနှောက်နည်းနည်းခြောက်သွားသည်။

"တစ်ခုတော့ရှိတယ်ကွ . . အေးအေးစိုးက အသားနည်းနည်းညိုတော့ မင်းပြောသလို . . သူ့ခေါင်းနဲ့သင်းလဲ့ဝါကိုယ်တပ်လိုက်လို့လည်းမဖြစ်ဘူး . . တော်ကြာ အသားအရောင်မတူရင် ဒုက္ခ"

ဝဏ္ဏကတော့ ကြံကြံဖန်ဖန်တွေးသည်။ ကျွန်တော်တို့တောင်တောင်အီအီစဉ်းစားနေဆဲမှာပင် ဆရာမက ပြန်ရောက်လာသည်။ ကောင်မလေးတွေလည်း ထိုဉာဏ်စမ်းကိုလျစ်လျူရှုလိုက်ပုံရသည်။ သို့သော် ကျွန်တော်တို့ရင်ထဲမှာတော့ ထိုဉာဏ်စမ်းကရှိနေတုန်း . .။

"ဟေ့ကောင် မင်းမင်း . . အဖြေကဘာတဲ့လဲ . ."

စည်သူက ကောင်မလေးတွေမကြားအောင်ကြိတ်၍မေးသည်။

"အမှန်က . . ဒီဉာဏ်စမ်းက ငါ့ဘာသာငါပြောင်းပြန်လုပ်ထားတာကွ . . ဝေတာလပုံပြင်ထဲကဟာကို ငါတီထွင်ပစ်လိုက်တာ . . အဖြေကတော့ လွယ်ပါတယ်ကွာ . . အေးအေးစိုးကမျက်နှာလေးလှတယ် . . သင်းလဲ့ဝါက ကိုယ်လုံးလှတယ် . . အဲဒီတော့ အေးအေးစိုးခေါင်းနဲ့ သင်းလဲ့ဝါကိုယ်လုံးကိုလဲတပ်ပြီး အသက်ရှင်အောင် လုပ်





လိုက်မှာပေါ့ကွ . ."

ကျွန်တော်တို့ကြိတ်ရယ်လိုက်ကြသည်။ သို့သော် ဝဏ္ဏက ဆက်ပြောပြန်သည်။

"အင်း . . အဲဒီ့လိုလဲတပ်တဲ့အချိန်မှာသဲသဲကွဲကွဲမြင်ရမှဖြစ်မယ် . . တော်ကြာ မင်းပြောသလိုမတပ်မိဘဲ . . အေးအေးစိုးကိုယ်နဲ့သင်းလဲ့ဝါခေါင်းလွဲတပ်မိရင် ဒုက္ခ . ."

ကျွန်တော်တို့ရယ်လိုက်မိကြပြန်သည်။ ကျွန်တော့်မျက်လုံးသည် မရည်ရွယ်ပါပဲလျက် မိုးရတီဇော်ရှိရာသို့ရောက်သွားသည်။ မိုးရတီဇော်သည် ပြန်လှန်လေ့ကျင့်ခန်းတွေကို ငြိမ်ငြိမ်သက်သက်လုပ်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



(၆)

ကျွန်တော်တို့ဆယ်တန်းသို့ရောက်ခဲ့ကြသော်လည်း ထုံးစံအတိုင်းပင် ရယ်ရယ်မောမောနောက်နောက်ပြောင်ပြောင်နေခဲ့ကြသည်။ သို့သော် နီဟိန်းကတော့ သိသိသာသာပင်ပြောင်းလဲသွားသည်။ ကျွန်တော့်စိတ်ထင်တော့ လူကြီးပိုဆန်လာသလိုထင်မိသည်။ သူသည် ကျွန်တော့်ကိုသာမက အခြားယောကျ်ားလေးသူငယ်ချင်းများကိုလည်း သိပ်ဖော်ဖော်ရွေရွေမရှိလှသော်လည်း မိန်းကလေးတွေကိုတော့ အတော်ကလေးပျူငှာပါသည်။

"အလကားကောင်ပါကွာ . . မိန်းကလေးတွေနဲ့ဆိုရင်တော့ မျက်နှာရှုးကွ . . ပိုက်ဆံလေးနည်းနည်းချမ်းသာတာရယ် . . စာလေးနည်းနည်းတော်နေတာကလွဲရင် ဘာမှသုံးရတဲ့ကောင်မဟုတ်ဘူး"

"အေးကွ . . ဒီကောင် တစ်ကိုယ်ကောင်းသမားကွ . . အတန်းထဲမှာ သန့်ရှင်းရေးလုပ်ရင်လည်း ဘယ်တော့မှဝင်မပါဘူး . . အချောင်ခိုနေမယ် . . ဒါမှမဟုတ်လစ်ပြေးမယ် . ."

"တကယ်တော့ကွာ . . တို့ကျောင်းသူကျောင်းသားတွေကို





ဆရာမက သန့်ရှင်းရေးလုပ်ခိုင်းတယ်ဆိုတာ အဓိပ္ပါယ်ရှိတယ်ကွ . . အလုပ်ကို အပျင်းမကြီးဘဲ မတွက်ကပ်အောင် . . အများနဲ့ပူးပေါင်းဆောင်ရွက်တတ်အောင် နောက်ပြီး ပွင့်ပွင့်လင်းလင်းပြောရရင်တော့ သန့်ရှင်းရေးလုပ်ကြရင် ကိုယ့်အခန်းသန့်ရှင်းတာပေါ့ကွာ . . ."

ကျွန်တော်တို့တွေ နီဟိန်းအကြောင်းစကားစပ်မိပြီး ပြောကြသောစကားများသာဖြစ်ပါသည်။ ကျွန်တော်ကတော့ ငယ်ငယ်ကိုရင်ဝတ်စဉ်ကအကြောင်းတွေကို သွားစဉ်းစားမိလေသည်။ ကလေးဘဝ၏ရိုးသားဖြူစင်မှုသည် အသက်အရွယ်ပေါ်လိုက်၍ပြောင်းလဲလာပါသလော။ ငယ်ငယ်ကနီဟိန်းနှင့် ယခုနီဟိန်းအတူတူပင်ဖြစ်သော်လည်း အဘယ့်ကြောင့် ပြောင်းလဲမှုတချို့ရှိနေရလေသနည်း။

သည်ကြားထဲတွင် ကျွန်တော်တို့အားလုံးဆယ်တန်းသို့ ရောက်လာကြသဖြင့် ကျောင်းစာတွေကိုတော့ မပျက်မကွက်ကြိုးစားခဲ့ကြသည်။ ကျွန်တော်အဆင့်ကလည်း နှစ်ဆယ်ကျော်လာလေပြီ။ ကျွန်တော့်စိတ်ထင်တော့ ကျွန်တော့်ကြိုးစားပုံမျိုးနှင့်အဆင့်တစ်မရနိုင်ဟုထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်မှာစာကြည့်ချိန်များသော်လည်း အားလပ်ချိန်၊ အနားယူချိန်တွေလည်း များသည်။ ကျွန်တော့်စာကြည့်ချိန်သည် နေ့လယ်ပိုင်းနှစ်နာရီ . . ညနေနှစ်နာရီနှင့် ညပိုင်းနှစ်နာရီသာဖြစ်ပြီး စုစုပေါင်းစာကြည့်ချိန်ခြောက်နာရီလောက်သာရှိသည်။

ထိုအချိန် စုစုပေါင်းတွင် မေမေကျွန်တော့်ကိုစာဝင်ပြပေးချိန်မနုတ်ရသေးပါ။ သို့သော် တချို့ကျောင်းသားတွေလို ကျောင်းချိန်ပြီးသည်နှင့် ကျူရှင်၊ ကျူရှင်ပြီးသည်နှင့်ကျောင်းစာ ထိုသို့ လုံးလည်ချာလိုက်မနေခြင်းကိုကပင် ကျွန်တော့်အတွက်ဘဝင်ကျစရာကောင်းပါသည်။ မေမေကလည်း အောက်ပါအတိုင်း ကျွန်တော့်ကိုအားပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်တိုင်းကျောင်းစာဆိုတာချည်းကိုတော့ မမေအားမပေးဘူးသား . . အခုသားစိတ်ထဲမှာ ကျောင်းစာကိုနိုင်နေတယ်ထင်တယ်မဟုတ်လား . . အဲဒါ အရေးအကြီးဆုံးပဲ . . ကျောင်းသားတစ်ယောက်ဟာ စာတော်နေရုံနဲ့မဖြစ်ဘူး သား . . သူရဲ့ဦးနှောက်တွေဖွံ့ဖြိုးတိုးတက်နေရမယ် . . အဲဒီ့တော့ ကျောင်းစာတွေကို လေ့လာကျက်မှတ်နေရုံနဲ့မရဘူးသား . . နောက်ပြီး ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးဖို့လည်းလိုတယ် . ."

တစ်ခါတစ်ခါတော့ ကျွန်တော့်ဘာသာ ကျွန်တော်တစ်ယောက်တည်း စဉ်းစားကြည့်မိသည်။ ယနေ့အချိန်၌ ကျွန်တော်တို့သည် အတန်းတစ်တန်းတည်း ပညာသင်ဖက်များဖြစ်သော်လည်း နောက်ထပ် ဆယ်နှစ်လောက်ဆိုလျှင် ကျွန်တော်တို့အားလုံး တကွဲတပြားစီ ဖြစ်သွားကြပေလိမ့်မည်။

ပန်းခင်းသောလမ်းကို လျှောက်ကြသူများရှိမည်ဖြစ်သကဲ့သို့ ဆူးခင်းသောခရောင်းလမ်းကို လျှောက်ကြရသူများလည်းရှိပါလိမ့်မည်။ ပညာသင်ကြားရာ၌လည်း ချောမွေ့စွာပညာသင်ယူရသူတွေရှိသလို ခက်ခဲဆင်းရဲစွာပညာသင်ယူရသူများလည်းရှိပါသည်။ ကျွန်တော်တို့သည် အဘယ့်ကြောင့်မတူညီသောဘဝတွေမှာရောက်နေကြရလေသနည်း။

သို့သော် တစ်ခုတော့ဖြေသာပါသည်။ ကျွန်တော်တို့သည် မတူညီသောဘဝတွေမှာရောက်နေကြစေကာမူ တူညီသောအဆင့်တစ်ခုမှာတော့ရှိကြပါသည်။ ထိုအဆင့်မှာ သူငယ်ချင်းဆိုသောသတ်မှတ်ချက်ဖြစ်သည်။ ကျွန်တော်တို့အားလုံးသည် သူငယ်ချင်းများပင်ဖြစ်ပါသည်။ နီဟိန်းသည် ကျွန်တော်တို့အုပ်စုနှင့်သိပ်အပေါင်းအသင်းမလုပ်သော်လည်း သူသည်လည်း ကျွန်တော်တို့သူငယ်ချင်းဖြစ်ပါသည်။





ဒါဖြင့် မိုးရတီဇော်ကျတော့ရော။ ကိုယ့်မေးခွန်းကို ကိုယ်ပြန်မဖြေနိုင်ဖြစ်သွားပါသည်။ မိုးရတီဇော်ကိုကျတော့ ထူးထူးခြားခြားပင် သူငယ်ချင်းအဆင့်ထက်ပိုချင်နေပြန်သည်။ သူမအပေါ် ကျွန်တော့်စိတ်ထား မည်သည့်အချိန်ကပြောင်းလဲသွားမှန်းတိတိကျကျ ကျွန်တော်မမှတ်မိသော်လည်း ငယ်ငယ်ကိုရင်ဝတ်စဉ်က သူမကျွန်တော့်ကိုကန်တော့ခဲ့ဖူးသည့်အဖြစ်အပျက်နှင့်ပတ်သက်နေသည်ဟု ကျွန်တော်ယုံကြည်နေမိသည်။

“ဟေ့ကောင် မင်းဆွေလတ် . . လက်ဖက်ရည်ဆိုင်သွားထိုင်ရအောင်ကွာ . .”

တစ်ခုသော ညနေစောင်းတွင် ကျွန်တော့်ထံသို့ စည်သူနှင့် မင်းမင်းရောက်လာကြသည်။ ရာသီဥတုကလည်း သာသာယာယာ ပင်ဖြစ်နေသဖြင့် ကျွန်တော်လည်းအဝတ်အစားကောက်လဲပြီး သူတို့နှစ်ယောက်နှင့်လိုက်လာခဲ့သည်။

“ဝဏ္ဏကိုသွားခေါ်ဦးမလား”

“ဒီကောင်မရှိဘူးကွ . . မြို့ထဲသွားတယ်ပြောတယ်”

လက်ဖက်ရည်ဆိုင်သို့ရောက်သောအခါမှ စည်သူကစပြောသည်။

“ဒီနေ့မြို့ထဲမှာ မင်းရဲ့မိုးရတီဇော်နဲ့နီဟိန်းကိုအတူတွဲပြီး တွေ့လိုက်တယ်ကွ . .”

ကျွန်တော်မျက်နှာပျက်သွားမိသည်ထင်ပါသည်။ ဘယ့်နှယ်ဗျာ။ ကိုယ်ချစ်ခင်နှစ်သက်နေသူတစ်ယောက်ကို ယောကျ်ားတစ်ယောက်နှင့်တွဲပြီး တွေ့လိုက်ရခြင်းသည် အတော်ပင်ကြေကွဲလိုက်ရ





သည့်အဖြစ်ပေပဲ။ နောက်ပြီး သူနှင့်တွေ့လိုက်ရသူက နီဟိန်းတဲ့။ စည်သူသည် ကျွန်တော့်မျက်နှာကိုသေသေချာချာကြည့်နေသူဖြစ်၍ ကျွန်တော်မူ ချက်သွားသည်ကို ရိပ်မိသွားပုံရသည်။

“ကျူရှင်သွားကြတာလားမှ မသိတာကွာ . .”

“အင်း . . ဖြစ်ချင်လည်းဖြစ်မှာပေါ့ကွာ . . ဒါပေမယ့် သူတို့လက်ထဲမှာတော့စာအုပ်တွေဘာတွေမရှိဘူးကွ . .”

“ငါလက်နှေးနေတာတော့မဟုတ်ဘူး . . ဒါပေမယ့် ဘယ်လိုပြောရမလဲဆိုတော့ . . မိုးရတီဇော်က စာအရမ်းကြိုးစားတယ်မဟုတ်လား . . အဲဒီတော့ ငါသူ့ကိုကြိုက်နေတယ်ဆိုတာသိရင် သူစိတ်အနှောင့်အယှက်ဖြစ်သွားမလားဆိုပြီး ရွံ့နေတာကွ . .”

“မင်း အဲဒီလိုရွံ့နေတဲ့စိတ်ဟာ နီဟိန်းကိုအခွင့်အရေးပေးလိုက်သလိုဖြစ်သွားလိမ့်မယ်ကွ . . ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ငါကတော့ နီဟိန်းကိုသိပ်ကြည့်မရဘူး . .”

သည်နေ့လက်ဖက်ရည်သည် ခါတိုင်းထက်ပိုခါးနေလေသည်။ ညနေစောင်းစပြုပြီဖြစ်သဖြင့် ကောင်းကင်တွင်တိမ်နီမျှင်တွေ ပျံ့ကျဲနေ၏။ လက်ဖက်ရည်ဆိုင်ထဲမှာလည်း လူရှင်းနေသည်။

“မင်းတို့ငါ့ကိုလာခေါ်တာ ဒီအကြောင်းပြောဖို့လား . .”

“မဟုတ်ဘူးကွ . . ငါ့မွေးနေ့ကလာမယ့် တနင်္ဂနွေနေ့လေ . . အဲဒါအိမ်မှာမေမေက အုန်းနို့ခေါက်ဆွဲချက်ပေးမယ် . . တို့
၄ သူငယ်ချင်းတွေအကုန်လုံးဖိတ်လိုက်တဲ့ . . အဲဒါလည်း မင်းကိုဖိတ်ရင်း . .”

“ဟေ့ကောင် မင်းမင်း. . မိန်းကလေးတွေရောဖိတ်မှာလား”

“အေးပေါ့ကွ . . .”

“ကောင်းတယ် . .”

“ဘာကောင်းတာလဲ”

www.burmeseclassic.com



"ဩော် . . အဲဒီလိုဖိတ်ရင် မိုးရတီဇော်လည်း ရောက်လာမှာပဲ . ."

စည်သူနှင့်မင်းမင်းသည် ကျွန်တော့်စကားကြောင့်ပြုံးလေသည်။

"ဟေ့ကောင် . . မင်းမင်း . . နီဟိန်းကိုရော . . မင်းဖိတ်မှာလား . ."

"ဖိတ်တော့ဖိတ်ရမှာပေါ့ကွာ . . သူငယ်ချင်းတွေပဲ . . ဒီကောင်လာတာ မလာတာသူ့အပိုင်းပေါ့ . . ."

ကျွန်တော်လက်ဖက်ရည် တစ်ငုံသောက်လိုက်မိပြန်သည်။ ခါးသက်နေသောလက်ဖက်ရည်သည် လည်ချောင်း၌တစ်ဆို့ဆို့ဖြစ်နေသည်။

"လာမယ့်တနင်္ဂနွေဆို သန်ဘက်ခါပေါ့ကွ . . ရက်တောင်ကပ်နေပြီ . . ငါတို့ဘာကူညီပေးရမလဲ . ."

"ဈေးထဲမှာဝယ်ဖို့ချမ်းဖို့နဲ့ . . အုန်းသီးခြစ်ဖို့တော့ မင်းတို့ကူညီကြကွာ . . ဩော် . . နောက်ပြီးမနက်ဖြန်စနေနေ့က ဥပုသ်နေ့ . . အဲဒီ့တော့ ကျောင်းပိတ်တယ် . . ငါတို့အခုကတည်းက သူငယ်ချင်းတွေကို လိုက်ဖိတ်မှဖြစ်မယ်"

ညဉ့်နက်လာလျှင် မှောင်လာပြီးလူစုံမဖိတ်နိုင်မည်ကိုစိုးသဖြင့် ကျွန်တော်တို့လက်ဖက်ရည်ဖိုးရှင်းပြီး သူငယ်ချင်းတွေကို လိုက်ဖိတ်သည်။ ပထမဆုံးလက်ဖက်ရည်ဆိုင်နှင့်နီးသော ဝင်းစန္ဒာ၏အိမ်သို့ဝင်သည်။ သူမသည်အတန်းထဲမှာကတည်းက ကျွန်တော်တို့ကို စကားမပြောဘဲရှက်နေသော ကောင်မလေးဖြစ်သဖြင့် ကျွန်တော်တို့သုံးယောက် သူမ၏ အိမ်ရှေ့ရောက်သည်နှင့် ရှက်ကာ အိမ်ထဲပြေးဝင်သွား၏။

ပြီးတော့ သူမ၏မိခင်ဖြစ်ဟန်တူသော မိန်းမကြီးက အိမ်





ထဲမှ ထွက်လာကာ ကျွန်တော်တို့ကိုလာမေးသည်။

"ဘာကိစ္စရှိလို့လဲ သူငယ်တို့ . . ."

ကျွန်တော်တို့ ဘယ်လိုပြောရကောင်းမှန်းလဲစဉ်းစားနေတုန်းမှာပင် စည်သူက . . .

"ဟို . . စောစောကအထဲဝင်သွားတဲ့ ကောင်မလေးကို ကျွန်တော်တို့စကားနည်းနည်းပြောချင်လို့ပါ အန်တီ . ."

"ဘာကွယ့် . ."

မိန်းမကြီးအသံကြောင့် ကျွန်တော်တို့နည်းနည်းလန့်သွားမိပါသည်။ ထိုအခါ မင်းမင်းကဝင်ရှင်းပြန်သည်။

"ဟုတ်ပါတယ် အန်တီ . . ကျွန်တော် ဘတ်ဒေးအတွက်လာတာပါ . ."

"အဲဒါဆိုရင်တော့ မင်းတို့ပြန်ပါ . . ဒီအိမ်မှာသူမနေပါဘူး"

"ဗျာ . . ."

ကျွန်တော်တို့အတော်ပဲအံ့သြသွားမိသည်။ အဘွားကြီး ဘာကိုဆိုလိုတာပါလိမ့်။ ကျွန်တော်လည်း မနေနိုင်တော့ဘဲ ဝင်ပြောမိပြန်သည်။

"ဟုတ်ကဲ့ပါ အန်တီ . . ဘတ်ဒေးက သူ့ဘတ်ဒေးပါ . ."

"အင်း . . ပိုဆိုးသပေါ့ကွယ် . . ဒီအိမ်မှာ အန်တီတို့ဘဒ္ဒေလည်းမရှိဘူး . . ဘယ်သူ့ ဘဒ္ဒေးမှလည်းမရှိဘူး . . ."

"ဟာ . . ဟေ့ကောင်တွေ . . ဒီမိန်းမကြီး နားလေးနေပုံရတယ်ကွ . . ."

"ဘာ . . မင်းတို့က ငါ့ကိုနားလေးတယ်လေး ဘာလေးနဲ့"

"ဟာ . . နားမလေးဘူးတဲ့ကွ . ."

နောက်ဆုံးတော့ ကျွန်တော်ကရှည်ရှည်ဝေးဝေးကျယ်ကျယ် ပြန့်ပြန့်ပြင်ရှင်းပြလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ အန်တီ . . ကျွန်တော်တို့က ဝင်းစန္ဒာရဲ့သူငယ်ချင်းတွေပါ . . အဲဒါ . . ဟောဒီက ကျွန်တော့်သူငယ်ချင်းရဲ့ ဘတ်ဒေး"

အဘွားကြီး မျက်မှောင်ကုတ်လိုက်သဖြင့် ကျွန်တော်ပျာပျာသလဲ ဖြတ်ပြောလိုက်မိသည်။

"အင်္ဂလိပ်လို . . ဘီ . အိုင် . အာ . တီ. အိပ်ရ် . . ဘတ်သ်ဒေး . . မွေးနေ့ . . အဲဒါကိုဆိုလိုတာပါ အန်တီ . . အဲဒီမွေးနေ့အတွက် ဝင်းစန္ဒာကို ကျွန်တော်တို့လာဖိတ်တာပါ . ."

"ဟင်း . . ဟင်း . . အသံထွက်တော့ အတော်မှားကြတာတိုး . . ဒါကြောင့် သမီးကိုလည်း အင်္ဂလိပ်စာအသံထွက်ကိစ္စ အန်တီခဏခဏသင်နေရတယ် . . အခုသားတို့ပြောတဲ့ ဘတ်သ်ဒေးဆိုတဲ့ အသံထွက်ဟာ သိပ်မမှန်ဘူး . . အန်တီထွက်ပြမယ် . . ဒီမှာကြည့် . . အန်တီရဲ့လျှာကိုကြည့်နေကြနော် . . ဟောဒီလိုထွက်မယ် . . ဘတ်သ်ဒေး . ."

အရေးထဲအဘွားကြီး၏တံတွေးတစ်စက်က ကျွန်တော့်ပါးပေါ် လာစင်၏။

"ကဲ . . ဟုတ်ပြီ . . ရရင် . . ဟောဒီသူငယ် . . ကြိုးစားကြည့်စမ်း . ."

"ဘတ်သ်ဒေး . ."

"အေး . . ဟုတ်ပြီ . . ဟောဒီ့က ဘဲခေါင်းဆံပင်နဲ့သူငယ် . . ကြိုးစားကြည့်စမ်း . . ."

"ဘတ်သ်ဒေး . ."

"အင်း . . ဒီသူငယ် . ."

"ဘတ်သ်ဒေး . ."

"အေး . . ဒီလိုမှပေါ့ . . ကဲ . . ဟုတ်ပြီ . . အချိန်ကလေးရတုန်းရခိုက် မင်းတို့ကို အန်တီနည်းနည်းမေးကြည့်ချင်တယ် . .





တီ . အိပ်ရ် . အာ . အီး . အီး အဲဒါကိုဘယ်လိုအသံထွက်မလဲ"

မင်းမင်းကတော့ မသိမသာ ခေါင်းကုတ်လေသည်။ ကျွန်တော်ကတော့ မြန်မြန်ကိစ္စပြတ်ပြီးရောဆိုပြီး ထွက်ပစ်လိုက်သည်။

"သရီးပါ အန်တီ . ."

"ဒါဆို . . ဒီသူငယ် . ."

"ထရီးပါ အန်တီ . ."

"အင်း . . ဟောဒီ့က ဘဲခေါင်းဆံပင်နဲ့သူငယ် . ."

"သရီးပါ . . ဆရာမ . . အဲ . . အန်တီ . ."

"ကဲ . . ဟုတ်ပြီ . . ဆရာမရှင်းပြမယ် . . အဲ . . ဟုတ်ပါဘူး . . အန်တီရှင်းပြမယ် . . တီ . အိပ်ရ် . အာ . အီး . အီးကို သရီးလို့အသံထွက်မှမှန်တယ် . . ထရီးဆိုရင် တီ . အာ . အီး . အီး ထရီးအသံထွက်နဲ့သွားတူနေလိမ့်မယ် . . အင်း . . ဒီတစ်ခါ အက်ဖ် . အို . ယူ . . အာ ကိုအသံထွက်ကြည့်ပါဦး . ."

ကျွန်တော်တို့သုံးယောက် မသိမသာနှင့်ခေါင်းကုတ်လိုက်စဉ် အိမ်ထဲက ဝင်းစန္ဒာက သူ့အမေလုပ်ရပ်ကြောင့် မျက်နှာပူ၍ထင်ပါသည်။ ကျွန်တော်တို့ထံထွက်လာသည်။

"မေမေ . . သူတို့က သမီးသူငယ်ချင်းတွေလေ . . မွေးနေ့အတွက်လာဖိတ်ကြတာပါ . ."

"အင်း . . ဟုတ်ပါတယ် သမီးရဲ့ . . သူတို့မေမေ့ကိုပြောပါတယ် . . ကဲ . . ဒါနဲ့ ဟောဒီက ဘဲခေါင်းဆံပင်နဲ့သူငယ်လုပ်ပါဦး . . အက်ဖ်အိုယူအာ . ."

"ဖော . . ပါ. . ဆရာမ . . အဲ . . အန်တီ . ."

မင်းမင်းက လက်ကလေးပိုက်၍ ရိုရိုသေသေဖြေလိုက်သောအခါ ကျွန်တော်တို့နှစ်ယောက် ကြိတ်ရယ်လိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းထွက်စမ်း . ."

"ဖိုးပါ . . ခင်ဗျာ . ."

"ဟုတ်ပြီ . . နောက်တစ်ယောက် . ."

"ဖိုး . ."

"အင်း . . သေသေချာချာမှတ်ထားကြနော် . . အက်ဖ်အိုယူအာကို ဖိုးလို့ထွက်မှမှန်တယ် . . ကဲ . . ရပြီရပြီ သွားကြတော့"

ကျွန်တော်တို့လည်း ထိုအခါမှဝင်းစန္ဒာကိုခပ်မြန်မြန်ပြောရသည်။

"သန်ဘက်ခါ တနင်္ဂနွေနေ့မနက် . . နင်လာနိုင်မယ်ဆိုလာခဲ့ဟာ . . ဟိုမှာ တို့အတန်းထဲက မိန်းကလေးတွေလည်းရှိမယ်"

ကောင်မလေးက ခေါင်းညိတ်သည်။ ပြီးမှရှက်ပြုံးနှင့် . . .

"မေမေက မူလတန်းပြဆရာမလေ . . အခုတော့ ပင်စင်ယူထားတယ်။ ဆောရီးပဲနော် . . ."

သူမဘာကို ဆောရီးလုပ်သနည်း။ သူမ၏မိခင်ကျောင်းဆရာမဟောင်းကြီးက ကျွန်တော်တို့ကို အင်္ဂလိပ်စာအသံထွက်ကိုစွသင်ပေးနေ၍လော။ သို့မဟုတ် ကျွန်တော်တို့အိမ်ထဲဝင်လာသည်ကိုတွေ့လိုက်လျက်နှင့် ရှက်စိတ်ဖြင့်မမြင်ချင်ယောင်ဆောင်ပြီး အိမ်ထဲသို့ဝင်သွားသည့်အတွက်လော။

"အစ္စားကြီးပြောမှ . . ငါ့ဆံပင်တွေဘဲခေါင်းနဲ့တူမှန်းသိရတယ် . . ဒါနဲ့ . . စည်သူမင်းပြောတော့ အခု ငါ့ဆံပင်ပုံစံဟာ ဟိုမင်းသားနဲ့တူတယ်ဆိုကွ . ."

"အေးလေကွာ . . တူလို့တူတယ်ပြောတာ . . ဒါပေမယ့် အဲဒီမင်းသားလည်းအဘွားကြီးပြောသလိုပဲ ဘဲခေါင်းဆံပင်ပဲကွ . ."

ကျွန်တော်တို့ရယ်လိုက်ကြသည်။ ပြီးတော့ ကျွန်တော်တို့အခန်းထဲက သူငယ်ချင်းတွေအိမ်ကို တစ်အိမ်ပြီးတစ်အိမ်ဝင်၍ဖိတ်





မိကြသည်။ သို့နှင့် ကျွန်တော်တို့သုံးယောက် နီဟိန်းနှင့်အိမ်ရှေ့သို့ရောက်လာသည်။ နီဟိန်း၏အိမ်သည် ကျွန်တော်တို့ရပ်ကွက်အနေအထားနှင့်ယှဉ်လျှင်ခမ်းနားကြီးကျယ်လွန်းလှသည်။ အုတ်တံတိုင်းကြီးကပင်လျှင် တန်ဖိုးနည်းလိမ့်မည်မဟုတ်ပါ။ ပြီးတော့ ခြံထဲမှာလည်း ကားနှစ်စီးရပ်ထားသည်။

ကျွန်တော်တို့သုံးယောက်ခြံဝမှ လူခေါ်လျှပ်စစ်ခေါင်းလောင်းလေးကို နှိပ်လိုက်သောအခါ အထဲကလူတစ်ယောက်ထွက်လာသည်။ ကျွန်တော်တို့က နီဟိန်း၏သူငယ်ချင်းများဖြစ်ကြောင်း၊ သူနှင့်တွေ့လိုကြောင်းပြောပြလိုက်ရာ ထိုလူက ကျွန်တော်တို့ကို သည်အတိုင်းထားပစ်ခဲ့ပြီး အထဲကိုပြန်ဝင်သွားသည်။

"ငါတော့ ဒီကောင့်ကို မဖိတ်ဘဲပြန်တောင်လှည့်ချင်လာပြီကွာ . ."

မင်းမင်းက မခံချင်စိတ်နှင့်ပြောသဖြင့် ကျွန်တော်တို့ကဖျောင်းဖျကြရ၏။ ခဏနေတော့ အထဲကနီဟိန်းထွက်လာသည်။

"ဘာကိစ္စလဲကွ . ."

"တနင်္ဂနွေနေ့မနက် ငါ့မွေးနေ့ကွ . . အဲဒါ မင်းကိုလာဖိတ်တာ . ."

"ငါ အားမှာမဟုတ်ဘူး . ."

"အေးလေ . . လာနိုင်ရင်တော့လာခဲ့ကွာ . . တို့သွားမယ်"

မင်းမင်းက စကားကိုခပ်တိုတိုဖြတ်ခဲ့ပြီး ကျွန်တော်တို့သူ့ထံမှထွက်ခဲ့သည်။

"သွေးနထင်ရောက်နေတယ် ထင်ပါ့ကွာ . . အမှန်က ဒီလိုကောင်မျိုးက တို့ကျောင်းမျိုးနဲ့မတန်ပါဘူးကွာ . . နိုင်ငံခြားမှာကျောင်းသွားတက်ဖို့ကောင်းတာ . ."

ကျွန်တော်ကတော့ ဘာမှဝင်မပြောဘဲ ညနေကစည်းသူ



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှာ ကျွန်တော့်ကိုပြောခဲ့သောစကားကို ပြန်သတိရနေသည်။ သည်နေ့မြို့ထဲသို့ နီဟိန်းနှင့်မိုးရတီဇော်ဘာသွားလုပ်ကြတာပါလိမ့်။ သူတို့နှစ်ယောက်ချစ်သူရည်းစားတွေဖြစ်နေကြလေပြီးလား။ စည်သူ၏ပြောစကားအရ သူတို့နှစ်ယောက်လက်ထဲမှာစာအုပ်စာတမ်းတွေမပါဟုဆို၍ ပို၍ပင်မသင်္ကာစရာကောင်းနေ၏။

ပန်းခြံတစ်ခုခုကပင်လျှင် ပြန်လာကြသည်လား။ သို့မဟုတ်ရုပ်ရှင်သွားကြည့်ကြသည်လား။ ကျွန်တော်ပင့်သက်ရှိုက်လိုက်သည်။ ကျွန်တော်နောက်ကျခဲ့ပြီလား မသိပါ။ တဖြည်းဖြည်းနှင့် မိုးရတီဇော်၏အိမ်သို့ရောက်ခဲ့သည်။ မိုးရတီဇော်တို့၏ချမ်းသာကြွယ်ဝမှုသည် နီဟိန်းတို့လောက်မရှိသော်လည်း ကျွန်တော်တို့ထက်တော့သာပါသည်။

မိုးရတီဇော်သည် ကျွန်တော်တို့ကိုတွေ့သွားသောအခါ အိမ်ရှေ့ခန်းသို့ထွက်လာသည်။ ရေချိုးပြီးကာစဖြစ်သဖြင့် သူမ၏အသွင်သည် လတ်ဆတ်နေ၏။ ခါတိုင်းမြင်နေကျ ကျောင်းဝတ်စုံနှင့်မဟုတ်ဘဲ အိမ်နေရင်းဝတ်စုံကလေးနှင့်ဖြစ်ပြီး မျက်စိအမြင်ဆန်းနေပါသည်။

"နင်တို့ဘာလာလုပ်ကြတာလဲ . ."

ကျွန်တော်နှုတ်နှေးနေမိသည်။ မင်းမင်း ထိုအခါမှ . .

"သန်ဘက်ခါ တနင်္ဂနွေနေ့ ငါ့မွေးနေ့ဟ . . အဲဒါ ငါလာဖိတ်တာ . . တို့တစ်တန်းလုံးလာကြမှာ . . နင်လာနိုင်ရင်လာခဲ့ဟာ"

"ဘယ်အချိန်လဲ . ."

"မနက်ဘက်ပေါ့ . ."

"အင်း . . အားပါ့မလား မသိဘူး . ."

"ဘာလဲ . . ကျူရှင်ရှိလို့လား . ."

"ကျူရှင် မဟုတ်ပါဘူးဟာ . ."





သူမသည် ကျွန်တော့်ကိုမသိမသာကြည့်သည်။ ပြီးတော့ ပြုံးပြသည်။

"ဘာကူလုပ်ပေးရဦးမလဲ . ."

"ရတယ် . . တို့တွေလည်း ဝိုင်းလုပ်ကြမယ် . ."

"နင်တို့ လက်တော့သေသေချာချာဆေးနော် . ."

"မဆေးဘူး . . ငပြောရည်လည်းဝယ်မထားဘူး . ."

"ကောင်စုတ်တွေ . ."

ယခုထိ ကျွန်တော့်နှုတ်မှစကားလုံးတစ်လုံးမှ မထွက်လာသေး။ စည်သူက ကျွန်တော့်လက်ကိုကုတ်သည်။ သူလုပ်သည့်အပြုအမူမှာ အခွင့်အရေးရတုန်းစကားပြောလေကွာ ဆိုသည့်သဘော။

"ကဲ . . ဒါဆို ငါတို့သွားမယ် . . ."

ကျွန်တော်နှင့်မိုးရတီဇော်မျက်လုံးချင်းဆုံမိပြန်သည်။ သူမ၏အကြည့်သည် ကျွန်တော့်ရင်ထဲသို့ ထိုးဖောက်သွားသလိုဖြစ်၏။ အိမ်ရှေ့၌အလင်းရောင်နည်းသော်လည်း သူမ၏မျက်လုံး၌လက်ခနဲဖြစ်သွားသည်ကို ကျွန်တော်သတိပြုမိသည်။ သူမသည် ခေါင်းကလေးဆတ်၍ညိတ်သည်။ ကျက်သရေမျက်နှာသည် ကျွန်တော့်အမြင်အာရုံ၌စွဲနေလေသည်။

သူမ၏အိမ်မှ ကျွန်တော်တို့ထွက်ခဲ့ကြပြီး လမ်းရောက်မှ စည်သူက ကျွန်တော့်ကိုအပြစ်တင်သည်။

"မင်းကွာ . . ငါဒီလောက် လက်ကုတ်နေတဲ့ကြားက ကောင်မလေးကို စကားတစ်ခွန်းမှမပြောဘူး . ."

"မင်းတို့ပြောတာတွေ ပြည့်စုံသားပဲကွာ . . ငါဘာဝင်စရာလိုလဲ . ."

"အင်း . . ငါစိတ်ထင်တော့ ဒီနေ့နီဟိန်းနဲ့မိုးရတီဇော်ကို မြို့ထဲမှာတွေ့လိုက်ရတယ်ဆိုလို့ . . မင်းသူ့ကို စိတ်ကောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား . . "

ကျွန်တော်ပြုံးလိုက်မိသည်။စည်သူပြောသလိုပင် ကျွန်တော် စိတ်ကောက်နေလေသည်လား။ စိတ်ကောက်ရအောင် ကျွန်တော်နှင့် မိုးရတီဇော်က သမီးရည်းစားလည်းမဟုတ်။ ကျွန်တော်ကြိုက်နေမှန်း တောင် သူမသိသည်မဟုတ်။ သို့သော်လည်း ကျွန်တော့်စိတ်ထဲမှာ တစ်စုံတစ်ခုခံစားနေရသည်ကို သူမသိသွားစေချင်သည်။ ထိုအချက် သည် မည်မျှထူးဆန်းသည့်အဖြစ်ပါနည်း။



(၇)

မင်းမင်း၏အိမ်မှာ ကျွန်တော်တို့သူငယ်ချင်းတစ်သိုက်ည အိပ်၍လုပ်စရာရှိတာတွေလုပ်ပေးကြသည်။ ညဦးပိုင်းမှာပင် ဘုန်း ကြီးကျောင်းမှသွားငှားထားသော ပန်းကန်တွေကိုအိမ်ရှေ့မှာထွက် ဆေးကြသည်။ သံယာတော်ငါးပါးကိုလည်း နံနက်အရုဏ်ဆွမ်းအ တွက် တစ်လက်စတည်းပင့်ဖိတ်လိုက်ကြ၏။

"အိမ်း . . ဆိုပါဦး ဒကာလေးတို့ကိစ္စက . . "

"ဒီလိုပါ ဘုရား . . မနက်ဖြန်မနက်အရုဏ်ဆွမ်းအတွက် ကျွန်တော့်အိမ်ကို . . . "

"ဟော့ကောင် . . တပည့်တော်အိမ်လို့ပြော . . "

"ဟုတ်ကဲ့ . . တပည့်တော်အိမ်ကို အရုဏ်ဆွမ်းစားကြွဖို့ လာဖိတ်တာပါ ဘုရား . . "

"အင်း . . ကောင်းပြီလေ . . ဟောဟိုက ကပ္ပိယကြီးဆီမှာ ဒကာလေးရဲ့အိမ်လိပ်စာပြောခဲ့ . . . "

"တစ်လက်စတည်း ကျွန်တော်တို့ . . အဲ . . တပည့်တော်တို့ ပန်းကန်လေးနည်းနည်းငှားချင်လို့ပါဘုရား . . "



www.burmeseclassic.com

www.burmeseclassic.com



"အေး . . ကပ္ပိယကြီးဆီမှာ စာရင်းလုပ်ပြီးငှားသွား . ."

"ဟုတ်ကဲ့ . ."

"ဟေ့ကောင် . . တင်ပါ့လို့ပြော . ."

"တင်ပါ့ဘုရား . ."

သံဃာတော်များနှင့်စကားပြောအကျင့်မရှိသော မင်းမင်းအတွက်ကတော့ အတော်ပင်အခက်အခဲဖြစ်နေလေသည်။ ထိုအကြောင်းတွေကို ဘုန်းကြီးကျောင်းမှအပြန် ပန်းကန်တွေရေဆေးရင်းနှင့်ပြန်ပြောကာ ကျွန်တော်တို့ဟားကြသည်။ ညကျတော့ ကျွန်တော်တို့ သူငယ်ချင်းတွေ မင်းမင်းတို့အိမ်ရှေ့က ခုံတန်းလေးမှာသွားထိုင်ပြီး စကားပြောကြသည်။

ကောင်းကင်တွင် လစန္ဒာကရွှန်းမြမြသာနေ၏။ ညမွှေးပန်းကလေးသည် ကျွန်တော်တို့ကိုပွတ်တိုက်ကျီစယ်နေသည်။ ပထမတော့ ကျွန်တော်တို့၏စကားများသည် ရောက်တတ်ရာရာ။ နောက်တော့ ကျွန်တော်တို့မှာ ပြောစရာစကားတွေကုန်ခမ်းသွားပြီး နှုတ်ဆိတ်သွားမိကြလေသည်။ ကျွန်တော်ကတော့ ရွှန်းမြမြသာနေသည့် လစန္ဒာကို ကြည့်ပြီး ဘာရယ်မသိလွမ်းနေမိသည်။

ယခုလိုအချိန်၌ မိုးရတီဇော်ဘာလုပ်နေလေမည်နည်း။ စာကြိုးစားသူပီပီ စာကိုပဲညဉ့်နက်ခံ၍ကြည့်နေလေသလော။ သိပ်မလိုတော့ပြီဖြစ်သော စာမေးပွဲကြီးအတွက် ကျွန်တော်တို့အားလုံးရင်ခုန်နေကြသည်။ စာမေးပွဲဖြေလျှင် ကျွန်တော်အောင်မည်ကတော့ သေချာပါသည်။ သို့သော် ဂုဏ်ထူးတွေမည်မျှထွက်မည်နည်းဟု ကျွန်တော်မမှန်းဆရဲ။

အောင်စာရင်းတွေထွက်သော် မိုးရတီဇော်က ဂုဏ်ထူးတွေအများကြီးထွက်နိုင်သလို၊ နီဟိန်းကလည်း မိုးရတီဇော်ကဲ့သို့ပင် ဂုဏ်ထူးတွေအများကြီးထွက်နိုင်ပါသည်။





ထိုအခါ သူတို့နှစ်ဦးသည်အမှတ်ကောင်းသူတို့၏ လျှောက်ရာလမ်းဖြစ်သည့် ဆေးတက္ကသိုလ်သို့အတူရောက်သွားနိုင်ပါသည်။ ကျွန်တော်ကတော့ ဘယ်နည်းနှင့်မျှသူတို့နှစ်ယောက်လောက်အမှတ်မကောင်းနိုင်ဟု ကိုယ့်ဘာသာကိုယ်ယုံကြည်နေမိသည်။

သည်လိုဆိုလျှင် ကျွန်တော်သူတို့လို ဆေးတက္ကသိုလ်သို့မဝင်နိုင်ဘဲ တခြားတက္ကသိုလ်တခုခုသို့ရောက်သွားနိုင်ပါသည်။ ကျွန်တော်တို့အားလုံးငြိမ်သွားခိုက်တွင် မင်းမင်းက ကျွန်တော့်ပခုံးကိုပုတ်၍ပြောသည်။

"စကားလေးဘာလေးပြောပါဦးကွ . . မင်းဆွေလတ် . . ."

"ငါ စာမေးပွဲကြီးအကြောင်းကိုစဉ်းစားနေလို့ကွ . . ငါတို့ ဂုဏ်ထူးခြောက်ဘာသာလောက်ထွက်ရင် ကောင်းမယ်ကွာ . ."

"ဟား . . ဟား . ."

သူတို့ကျွန်တော့်စကားကြောင့်ရယ်ကြသည်။

"မင်းတို့ဘာရယ်တာလဲ . . ."

"မင်းနှယ်ကွာ . . ဂုဏ်ထူးမှန်းမယ့်မှန်း တစ်ဘာသာလောက်ပဲမှန်းတာမဟုတ်ဘူး . . ခြောက်ဘာသာကြီးများတောင်မှန်းတယ်ဆိုတော့ ရယ်စရာကောင်းလို့ကွ . . ."

"ဒါပေမယ့်ကွာ . . အဲဒီ့လိုခြောက်ဘာသာလောက် တို့လည်းထွက်ချင်ထွက်နိုင်တာပဲ . . ."

"ဟား . . ဟား . ."

ကျွန်တော်ပြုံးလိုက်မိသည်။ အင်းလေ။ ကျွန်တော်တို့အုပ်စုက ဗရုတ်သုကွဲအုပ်စုပေပဲ။ တစ်ယောက်နှင့်တစ်ယောက်အတွင်းသိတွေဖြစ်သည့်အပြင် တစ်ယောက်နှင့်တစ်ယောက်လည်း အထင်မကြီးကြချေ။ သို့သော် သူတို့နှင့်ကျွန်တော်မတူသည့်အကြောင်းအရာတစ်ခုမှာ ဆယ်တန်းသို့ရောက်သည့်အချိန်မှစ၍ ကျွန်တော့်အဆင့်သည်

www.burmeseclassic.com



သိသိသာသာပင်တက်လာလေသည်။ ပြီးခဲ့သည့် လပတ်စာမေးပွဲ၌ ဆိုလျှင် ကျွန်တော့်အဆင့်သည် ကိုးအထိပင်တက်လာ၏။

"ငါတို့အတွက်ကတော့ ဆယ်တန်းကိုဘယ်လိုပဲအောင် အောင် အရေးမကြီးပါဘူးကွာ . . ဘယ်တက္ကသိုလ်ပဲတက်တက်ဘွဲ့ တစ်ခုတော့ရမှာပဲ . . ."

စည်သူ့စကားကြောင့် ရယ်ကြပြန်သည်။

"အင်း . . သေချာတာတစ်ခုကတော့ ငါတို့တက္ကသိုလ် ရောက်တာနဲ့ ရည်းစားတွေကိုယ်စီရကုန်မှာပဲ . ."

ကျွန်တော်တို့ငြိမ်သွားမိကြပြန်သည်။ ကျွန်တော့်အတွက်က တော့ တက္ကသိုလ်ရောက်သည်နှင့်ရည်းစားရလိမ့်မည်ဆိုသည့်အချက် သည် မည်မျှမှန်ကန်လိမ့်မည်နည်းဟုတွေးကြည့်မိသည်။

"ဟေ့ကောင် စည်သူ . . မင်း . . အေးအေးစိုးကိုမကြိုက် ဘူးလား . . ကောင်မလေးကလှတယ် . . ပြီးတော့ မင်းကိုလည်း မျက်နှာသာပေးတယ်ကွ . . မင်း စိတ်ကူးမလွဲနဲ့နော် ဟေ့ကောင်. ."

"ဟီးဟီး. . ."

"ဘာ ဟီးဟီးလဲ"

"ငါက မင်းမင်းရဲ့ဉာဏ်စမ်းထဲကအတိုင်း ဖြစ်ချင်နေတာ အေးအေးစိုးခေါင်းနဲ့ သင်းလဲ့ဝါကိုယ်. . . အဲဒီလိုသာ လဲတပ်လို့ရရင် သိပ်ကောင်းမှာပဲ. . ."

"ခွေးကောင်. . ."

ညဉ့်နက်သော် ကျွန်တော်တို့ အိမ်ရှေ့ခန်းမှာပင် စုအိပ်ကြ သည်။ ပြီးတော့ နံနက်လေးနာရီမှာထသည်။ မင်းမင်း၏ မိခင်က တော့ ဘယ်အချိန်ကတည်းက အိပ်ရာမှထ၍ ချက်ပြုတ်နေသည်မ သိ။ ကျွန်တော်တို့ အိပ်ရာမှနိုးသော် ချက်ပြုတ်ပြီးစီးနေလေပြီ။ ထို့ ကြောင့် ကျွန်တော်တို့လည်း တခြားလုပ်စရာကိုင်စရာတွေ လုပ်ကြ





သည်။ နံနက်ငါးနာရီထိုးခါနီးသော် သံဃာတော်ငါးပါးကြွလာသည်။

နံနက်ရှစ်နာရီလောက်ကစပြီး ကျွန်တော်တို့အတန်းထဲက သူငယ်ချင်းတွေ တဖြည်းဖြည်းရောက်လာသည်။ ဝင်းစန္ဒာသည် ဝက် ဝံရုပ်ကြီးတစ်ရုပ်ပိုက်လျက် သူမတစ်ယောက်တည်းရောက်လာသည်။

"ရော့. . မင်းမင်း. . နင့်မွေးနေ့အတွက်ငါ့လက်ဆောင်"

ကလေးသူငယ်များအတွက် သို့မဟုတ် ကောင်မလေးတွေ အတွက်တော့ ထိုဝက်ဝံရုပ်ကြီးကစိတ်ဝင်ဝင်စားဖွယ်ကောင်းမည်ဖြစ် သော်လည်း မင်းမင်းအတွက်တော့ ထိုဝက်ဝံရုပ်သည် ခေါင်းကုပ် ဖွယ်ဖြစ်သွားသည်။

"အတော်ပဲ မင်းမင်း. . . ညဘက် မင်းအတွက် ဖက်ခေါင်း အုံးမလိုတော့ဘူး. . ."

အေးအေးစိုးကတော့ မင်းမင်းအတွက် ကွန်ပါဗူးလေးတစ် ဗူးလက်ဆောင်ပေးသည်။ မိန်းကလေးတွေကတော့မွေးနေ့လက် ဆောင်အဖြစ် ပစ္စည်းတွေယူလာကြသောလည်း ကျွန်တော်တို့ ယောကျ်ားလေးတွေကတော့ ဘာမှမပါသလို၊ လက်ဆောင်ဝယ်ပေး ဖို့ကိုလည်း အစီအစဉ်မရှိကြပါ။

"အမှန်တော့မွေးနေ့လုပ်တဲ့ကိစ္စဟာ အတော်တော့ကြောင် တဲ့ကိစ္စပဲ. . ."

လူနည်းနည်းရှင်းသွားခိုက်တွင် မင်းမင်းကပြောသည်။

"ဟင်. . . ဒါဖြင့် ဘာလို့မင်းလည်း မွေးနေ့လုပ်သေးလဲ. ."

"အမေကအတင်းလုပ်ပေးလို့ကွ. . . တစ်ခါတစ်ခါတော့ငါ စဉ်းစားကြည့်တယ် အသက်တစ်နှစ်ပြီးတစ်နှစ်ကြီးလာတာကို မေ့ ထားနိုင်ရင်အကောင်းဆုံးပဲ. . . ဘယ်လောက်အထိမေ့ထားသင့်သလဲ ဆိုရင်. . . ကိုယ့်မွေးနေ့သက္ကရာဇ်ကိုတောင် ခေါင်းထဲကဖျောက်ထား သင့်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့မဖြစ်ဘူးကွ. . . တို့တွေ ကျောင်းဝင်ခွင့်ပုံစံတွေ ဖြည့်ရင်. . . သင်တန်းတွေတက်ဖို့ပုံစံတွေဖြည့်ရင်. . . အဲ. . . . တက္ကသိုလ်ရောက်ရင်လည်း ပုံစံတွေဖြည့်ရမှာပဲ. . . အဲဒီကျရင် မွေးနေ့သက္ကရာဇ်မမှတ်မိရင်ပြဿနာပဲ. . ."

"ဟာ. . . မွေးနေ့ကိုမေ့ထားလို့ မဖြစ်ပါဘူးကွာ. . . ရည်းစားထားရင်အဲဒီမွေးနေ့ဆိုတာ အဲတော်အရေးကြီးတာကွ. . ."

"နေဦးကွ. . . မွေးနေ့လုပ်တာနဲ့ပတ်သက်လို့ ကောင်မလေးတွေရဲ့သဘောထားကိုလည်း တို့သိဖို့လိုတယ်. . . ဟောဟိုမှာ အေးအေးစိုးနဲ့သင်းလဲ့ဝါတို့ဝိုင်း သွားထိုင်ရအောင်. . ."

ကျွန်တော်တို့တွေ ကောင်မလေးတွေဝိုင်း ဝင်ထိုင်လိုက်ကြသည်။

"ဟဲ့. . . နင်တို့မပြီးသေးဘူးလား. . . အင်း. . . အိမ်အတွက် နင်တို့ဗိုက်ထဲမှာ ချိုင့်တွေထည့်လာတယ်ထင်တယ်. . ."

"အောင်မယ်. . . တို့ကပြီးပြီဟဲ့. . . ကျောင်းမှာစကား သိပ်မပြောရလို့ အခု အချိန်ရတုန်း ထိုင်စကားပြောတာ. . ."

ကျွန်တော်ကတော့ အခုအချိန်ထိ ရောက်မလာသေးသည့် မိုးရတီဇော်ကို မသိမသာမျှော်နေမိလေသည်။

"နင်တို့မွေးနေ့ကရော ဘယ်နေ့လဲ အေးအေးစိုး. . ."

"နင်တို့ကို ဘာဖြစ်လို့ပြောရမှာလဲ. . ."

"မပြောလည်းရတယ်. . . ကျောင်းခေါ်ချိန်စာအုပ်မှာ စုံစမ်းလိုက်ရင် ချက်ခြင်းရတယ်. . ."

"ဒါတွေခဏထားဦး. . . နင်တို့မိန်းကလေးတွေကို မွေးနေ့အကြောင်းမေးစရာရှိတယ်. . . မွေးနေ့ပွဲလုပ်တာနဲ့ပတ်သက်လို့ နင်တို့သဘောထားကိုပြောကြစမ်း. . . မွေးနေ့ပွဲလုပ်တာ ကောင်းသလား. . ."





"ကောင်းတာပေါ့ဟဲ့. . . မွေးနေ့ပွဲလုပ်တာ ဘယ်လောက်ပျော်စရာကောင်းသလဲ. . ."

သူငယ်ချင်းတွေနဲ့လည်းတွေ့ရတယ်. . . ပြီးတော့ အစားအသောက်တွေလည်းစားရတယ်. . . လက်ဆောင်တွေလည်းရတယ်. ."

"အေး. . . ဒါပေမယ့် နင့်မွေးနေ့ပွဲကျ တို့ဆီကတော့ ဘာလက်ဆောင်မှရမှာမဟုတ်ဘူး. . ."

"တကယ်တော့ဟယ်. . . မွေးနေ့မှာ လက်ဆောင်ကအရေးမကြီးပါဘူး။ သူငယ်ချင်းတွေစုံစုံညီညီရောက်လာဖို့သာ အဓိကပါ"

"နင် မဆိုးဘူး အေးအေးစိုး. . ."

ထိုအခိုက်မှာပင် အိမ်ထဲသို့လှမ်းဝင်လာသည့် မိန်းကလေးတစ်ယောက်၏သဏ္ဌာန်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်လှမ်းကြည့်မိသော် ရင်တွေခုန်လာလေသည်။ မိုးရတီဇော် သူမသည် ကျွန်တော်တို့ဝိုင်းဆီသို့ လှမ်းကြည့်၏။

"လာ. . . မိုးရတီဇော်. . . ဒီမှာပဲထိုင်လိုက်. . . အတော်ပဲ အေးအေးစိုးတို့က နောက်တစ်ပွဲဆက်ဖို့ နင့်ကိုစောင့်နေတာ. . ."

မင်းမင်းကနေရာပေးသဖြင့် မိုးရတီဇော် အေးအေးစိုးအနားမှာကပ်ထိုင်၏။ ကျွန်တော် သူမကိုကြည့်လိုက်မိသည်။ ကျောင်းဝတ်စုံနှင့် မြင်နေကျပုံစံမဟုတ်ပဲ ထူးထူးခြားခြား လှလှပပ ဝတ်စားဆင်ယင်ထားသဖြင့် ကြည့်ကောင်းနေ၏။ မိုးရတီဇော်အတွက် မုန့်ပွဲတစ်ပွဲရောက်လာသောအခါ စည်သူက ကျွန်တော့်ကို လက်ကုပ်ပြီး ဟင်းရည်ထည့်ပေးဖို့ မျက်ရိပ်ပြလေသည်။

ထို့ကြောင့် ကျွန်တော်လည်း ဟင်းရည်ချိုင့်ယူပြီး ဟင်းရည်ထည့်ပေးမိ၏။ ယောက်ချိုကို ဂရုစိုက်၍ကိုင်ထားပါလျက် လက်တမသိမသာတုန်ချင်သည်။

"အတော်ပဲ မိုးရတီဇော်ရောက်လာတာနဲ့. . . နင့်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မေးရဦးမယ်. . . မွေးနေ့ပွဲလုပ်တာ နင်ကြိုက်သလား. . .”

မိုးရတီဇော်သည် မုန့်စားရင်းမှ ခပ်တိုတိုပင်ဖြေသည်။

“အင်း. . .”

“တစ်ခုတော့ကောင်းတယ်ဟ. . . တို့သူငယ်ချင်းတွေ အခုလိုမွေးနေ့ပွဲတွေလုပ်မယ်ဆိုရင် ဆယ်တန်းပြီးလို့ အုပ်စုတွေကွဲသွားတာတောင် ပြန်ဆုံနိုင်ကြတာပဲ. . . ဒါပဲနော်. . . နင်တို့မိန်းကလေးတွေ မွေးနေ့ပွဲလုပ်ရင်လည်း တို့ကောင်တွေကို ဖိတ်ရမယ်. . .”

“လက်ဆောင်လိုချင်တဲ့သူတွေကတော့ နင်တို့ကိုဖိတ်မှာမဟုတ်ဘူး. . .”

မိုးရတီဇော်သည် အုန်းနို့ခေါက်ဆွဲကို သေသေသပ်သပ်စားနေရာမှ ကျွန်တော့်ကို ဖျတ်ခနဲတစ်ချက်ကြည့်သည်။ ထိုအခါ ကျွန်တော်လည်း မရည်ရွယ်ထားပါဘဲလျက် လွတ်ခနဲစကားတစ်ခွန်းမေးမိသည်။

“စာတွေအတော်ပိုင်နေပြီလားဟင်. . .”

လှပစွာသူမပြုံးပါသည်။ မျက်တောင်ကော့လေးတွေ လှုပ်ခပ်သွားသည်။

“ကျက်တုန်းပဲ. . .”

သူမသည် မင်းမင်းဘက်လှည့်သွားပြန်သည်။

“ဩော်. . . လက်ဆောင်ပေးဖို့မေ့နေတယ် မင်းမင်း. . . ရော့. . .”

ပက်ကင်စက္ကူနှင့်ထုတ်ထားသော အထုပ်လေးတစ်ထုပ်ကို မင်းမင်းကိုလှမ်းပေး၏။ မွေးနေ့ရှင်မဟုတ်ပါဘဲလျက် မိုးရတီဇော်ပေးသည့် ထိုအထုပ်လေးကို ကျွန်တော်ရချင်သွားမိသည်။ မိုးရတီဇော်သည် အုန်းနို့ခေါက်ဆွဲကို တစ်ပန်းကန်သာစားသည်။ ပြီးတော့ အချိုပွဲနည်းနည်းစားသည်။





“တို့ပြန်တော့မယ်. . . ကျူရှင်သွားစရာရှိသေးလို့. . .”

မိုးရတီဇော်ရောက်လာသည်မှာ နာရီဝက်ပင်မရှိတတ်သေး ယခုသူမပြန်ပေတော့မည်။ သူမသည် အေးအေးစိုးတို့ မိန်းကလေးတွေနှင့် ခဏစကားပြောပြီး ထိုင်ရာမှထ၏။ မင်းမင်းက သူမကို အိမ်ရှေ့ထိလိုက်ပို့သည်။ ထိုင်နေဆဲဖြစ်သည့် ကျွန်တော်နှင့်သူမ အကြည့်ချင်းအဆုံးတွင် လှမ်း၍ပြုံးပြဖြစ်လေသည်။

ကျွန်တော့်ရင်ထဲ နွေးသွား၏။ သူမ အိမ်ထဲမှထွက်သွားသည်။ ထိုအခိုက်မှာပင် နီဟိန်းက အိမ်ပေါက်ဝသို့ရောက်လာသည်။ အိမ်ထဲမှထွက်သွားသည့် မိုးရတီဇော်နှင့်အဆုံးတွင် သူတို့နှစ်ယောက် ရပ်၍ ခဏစကားပြောကြသည်။ သူတို့နှစ်ယောက် ဘာစကားတွေ ပြောနေကြသနည်း။ ပြောပုံဆိုပုံတို့သည် ရင်းရင်းနှီးနှီး။ ကျွန်တော့်ရင်ထဲမှာ ချက်ခြင်းတင်းကျပ်လာ၏။

အေးအေးစိုး၊ သင်းလဲ့ဝါနှင့် ဝင်းစန္ဒာတို့သည် မွေးနေ့ပွဲလူရှင်းသည်အထိ နေပေးပြီး ပစ္စည်းပစ္စယတွေကိုပါ ကူညီသိမ်းဆည်းပေးလေသည်။ ကျွန်တော်တို့ ယောကျာ်းလေးတွေကတော့ ဘုန်းကြီးကျောင်းမှငှားထားသော ပန်းကန်ခွက်ယောက်တွေကို သွားပြန်အပ်ကြသည်။ ကျွန်တော်တို့အိမ်ပြန်ရောက်သော် ဘာမှလုပ်စရာကိုင်စရာမရှိတော့။

“နင်တို့ လိုက်ဦးမလား. . .”

“ဘယ်လဲဟ. . . ပန်းခြံလား. . .”

အေးအေးစိုးက စည်သူ့ကို မျက်စောင်းထိုးရင်း. . .

“ပန်းခြံဘာသွားလုပ်ရမှာလဲ. . . ဒီလိုဟ. . . တို့ ပေဒင်သွားမေးမလို့. . . စာမေးပွဲကြီးကနီးလာပြီမဟုတ်လား. . . အဲဒါ ယတြာလေးဘာလေးလုပ်ရတာပေါ့ဟယ်. . .”

“နင်တို့မေးမှာ ပညာရေးတစ်ခုတည်းပဲလား. . . တခြားဟာ



www.burmeseclassic.com

www.burmeseclassic.com



မပါတော့ဘူးလား. . ."

"ဘာလဲဟဲ့. . . တခြားဆိုတာ. . ."

"ဟီးဟီး. . . အချစ်ရေးတို့. . . အိမ်ထောင်ရေးတို့ပြောတာ"

"အဲဒါတွေ နင်တို့ပဲမေး. . . တို့ကသန့်သန့်လေး. . ."

ကျွန်တော်တို့လည်း အိမ်မှာနေလျှင် ပျင်းနေမည်စိုး၍လည်းကောင်း၊ အေးအေးစိုးတို့နှင့် လိုက်သွားခြင်းဖြင့် သူမတို့နှင့် နောက်လိုက်ပြောင်လိုက်လုပ်၍ရခြင်းကြောင့်လည်းကောင်း၊ သူတို့နှင့် အတူ ဗေဒင်လိုက်မေးကြည့်ဖို့ သဘောတူလိုက်ကြသည်။

"နေပါဦး. . . ဗေဒင်က ဘယ်မှာသွားမေးရမှာလဲ. . ."

"တို့ရပ်ကွက်ထဲမှာပဲလေ . . . ဗေဒင်ဆရာနာမည်က ဦးကောင်းတဲ့. . . အရမ်းမှန်တယ်ပြောတယ်. . ."

စာမေးပွဲအတွက် မိန်းကလေးတွေ ဗေဒင်တွေသွားမေးပြီး ယတြာတွေလုပ်ခြင်းမှာ ကျွန်တော်တို့အတွက် စိတ်ဝင်စားစရာပင် ဖြစ်ပါသည်။ စာမေးပွဲဟူသည် ကျောင်းသားတစ်ယောက်၏ အရည်အချင်းကို အကဲဖြတ်ခြင်းသာဖြစ်ပြီး ထိုစာမေးပွဲသည် ကံကြမ္မာ သက်သက်သာဖြစ်ပါမည်လော။ ကျောင်းသင်ခန်းစာများကို မလေ့ကျင့် မကျက်မှတ်ပဲ ဗေဒင်၏အကူအညီ၊ ယတြာ၏အကူအညီနှင့် အောင်မြင်အောင်လုပ်နိုင်ပါမည်လော။

ဗေဒင်ဆရာဦးကောင်း၏အိမ်သို့ သွားနေခိုက်မှာပင် ကျွန်တော်က ထိုအကြောင်းကို အေးအေးစိုးတို့အား မေးကြည့်သည်။

"စာမကျက်ပဲ. . . ဗေဒင်ရဲ့အကူအညီနဲ့ စာမေးပွဲအောင်ဖို့ လုပ်နိုင်သလား. . ."

"ဒီလိုဟ. . စာတွေလည်းကျက်ထားတယ်. . စာတွေလဲရတယ်. . . ဒါပေမယ့် စာမေးပွဲဖြေခါနီးမှာ အနှောင့်အယှက်တစ်ခုခု





ကြောင့် စာမေးပွဲမဖြေလိုက်ရတာတွေ နင်ကြားဖူးလား. . ."

"ဘာလဲဟ အနှောင့်အယှက်. . ."

"နေမကောင်းလို့ မဖြေလိုက် ၊ ဘာတို့. . . ဘာတို့ပေါ့ဟာ. . ."

ထိုအဖြစ်အပျက်မျိုးကို ကျွန်တော်ကြားဖူးပါသည်။ ထို့ကြောင့်ပင်လျှင် ဆေးရုံတက်နေရသူများအတွက် ဆေးရုံစာဖြေဌာန ဖွင့်ပေးထားသည်ပဲ။

"တခြားအကြောင်းတွေလဲ ရှိသေးတယ်ဟ. . . ဘာသာမှား ဖြေတာတို့ဘာတို့. . ."

ထိုအချက်တွေကို ကျွန်တော်ကြားဖူးသော်လည်း ထိုမှားဖြေသူတွေ ကရော်ကမယ်လုပ်မှုကြောင့်၊ စာမေးပွဲကို မလေးစားမှုတို့ကြောင့် ဖြစ်ရသည်ဟုထင်ပါသည်။

"နောက်ပြီး စာမေးပွဲမှာ ဖြေဖို့မေးခွန်း ကျန်ခဲ့တာတို့"

အမှန်တော့ ပေးထားသည့်အချိန်နှင့်မေးခွန်း ကိုက်ထားပြီးသားပါ။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် အချို့လည်း မေးခွန်း တစ်ပုဒ်စနှစ်ပုဒ်စ ဖြေဖို့ကျန်ခဲ့သည်ဟု ကြားဖူးပါသည်။

"အဲဒီတော့ဟာ စာမေးပွဲဆိုတာ တို့ကျောင်းသူကျောင်းသားတွေအတွက် တိုက်ပွဲပါ။ အဲဒီမှာ အမှတ်ကောင်းဖို့. . . ပြီးတော့ ခြေချော်လက်ချော်မဖြစ်ဖို့. . . အနှောင့်အယှက်တွေမတွေ့ဖို့ ဗေဒင် သွားမေးထားချင်လို့. . ."

ကျွန်တော် နည်းနည်းတော့ စိတ်ဝင်စားသွားမိသည်။ အေးအေးစိုးပြောသောအချက်တွေသည် သဘာဝကျပါသည်။ သို့သော် ဗေဒင်ပညာက ထိုအမှောက်အမှားတွေကို ပျောက်ပျက်လျော့နည်းသွားအောင် စွမ်းဆောင်နိုင်မည်လားဟု ကျွန်တော်မသိပါ။ လူလောကအတွက်၊ လူသားတွေအတွက် ဗေဒင်ပညာသည် မည်မျှအသုံး



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပါသနည်း။

"ဘာပဲဖြစ်ဖြစ် ငါကတော့ အတွေ့အကြုံတစ်ခုအနေနဲ့ သူတို့လိုပဲ ဝင်ပြီးဖေဒင်မေးမယ်ကွာ. . . အဓိကကတော့ ငါ့အတွက် စာမေးပွဲက အဓိကမဟုတ်ဘူး. . . ဘယ်လိုပဲဖြစ်ဖြစ် ငါ စာမေးပွဲ အောင်မှာပါ. . ."

"အဲဒီတော့ မင်းကဘာမေးမှာလဲ. . ."

"ဟဲဟဲ. . . ငါဘယ်အချိန်မှာ ချစ်သူရမလဲဆိုတာမေးမယ်"

ကောင်မလေးတွေက စည်သူ့ကိုနှာခေါင်းရှုံ့ကြပါသည်။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့အုပ်စုလည်း ဗေဒင်ဆရာဦးကောင်း၏ အိမ်သို့ ရောက်သွားကြ၏။ ကံအားလျော်စွာပင် ကျွန်တော်တို့ရောက်သွားသည့်အချိန်၌ ဦးကောင်းတွင် ဗေဒင်မေးမည့်သူရှင်းနေပါသည်။

"ကံကောင်းတယ်ဟ. . . ဒီအချိန်ဆို လူတွေအမြဲပြည့်နေကျ. . ."

ဦးကောင်း၏ဗေဒင်ခန်းလေးသည် သူ၏အိမ်ရှေ့ဧည့်ခန်းလေးမှာပင် ပိုင်းခြား၍လုပ်ထားပြီး ခန့်ခန့်ညားညား သပ်သပ်ယပ်ယပ်လည်းရှိပါသည်။ ဦးကောင်းက စားပွဲအပုလေးနောက်မှာ တင်ပလ္လင်ခွေထိုင်ပြီး စာအုပ်တစ်အုပ်ကို သည်းကြီးမည်းကြီးဖတ်နေ၏။ ကျွန်တော်တို့လူရိပ်မြင်သောအခါမှ သူက ဖတ်လက်စစာအုပ်ကိုပိတ်ပြီး စားပွဲဘေးမှာချသည်။

ကျွန်တော်တို့ သူ့ရှေ့မှာ ကြဲ့ကြဲ့လေးထိုင်မိချိန်မှာတော့ ကျွန်တော်က သူချထားသော ဖတ်လက်စစာအုပ်ကလေးကို စိတ်ဝင်စားနေမိ၏။ ဗေဒင်ဆရာဖတ်သောစာအုပ်သည် ဗေဒင်ပညာစာအုပ်သာဖြစ်လိမ့်မည် ထင်ပါသည်။ သို့သော် စာအုပ်က ကျွန်တော်နှင့် နည်းနည်းဝေးနေသဖြင့် ဘာစာအုပ်မှန်း သဲသဲကွဲကွဲမသိရ။

"ဪ. . . ဗေဒင်လာမေးကြတဲ့ကလေးတွေကိုး. . . အင်း





. . . စာမေးပွဲကလည်း နီးပေသကိုး. . . သူရသတီမယ်တော် စောင့်ရှောက်ပါစေကွယ်. . ."

ကျွန်တော်အံ့သြသွားမိသည်။ ဗေဒင်ဆရာသည် ကျွန်တော်တို့ ဘာကိစ္စအတွက် ဗေဒင်လာမေးသည်ကို ကြိုတင်သိနေလေသည်။

"ကဲ. . . ဘယ်သူအရင်မေးမလဲ. . ."

မိန်းကလေးတွေက သူအရင်မေးမည်။ ငါအရင်မေးမည် လုပ်ပြီးမှ အေးအေးစိုးက စမေးသည်။

"အင်း. . . သက်ရောက်အရကြည့်ရင်လည်း သမီးရဲ့ပညာရေးက ကောင်းနေတယ်. . . မဟာဘုတ်အရကြည့်ရင်လည်းကောင်းတယ်. . . အဲဒီတော့ သမီး ဒီစာမေးပွဲကို မုချအောင်မယ်. . . အမှတ်လည်းကောင်းမယ်. . . ဂုဏ်ထူးကတော့ နှစ်ဘာသာလောက်အထိ ထွက်နိုင်တယ်. . . အင်း. . . အနှောင့်အယှက်လည်းရှိတယ်သမီး အဲဒီစာမေးပွဲဖြေတဲ့နေ့ကစပြီး ပဲဟင်းမစားနဲ့. . . သရက်သီးမစားနဲ့ ယတြာတော့ပေးလိုက်မယ်. . ."

"ဟိုလေ. . . စာမေးပွဲပြီးသွားရင်ရော. . . အဲဒီ ပဲဟင်းစားလို့ရလားဆရာ. . ."

"အင်း. . . စာမေးပွဲပြီးသွားရင်တော့ ဘယ်လောက်ပန်းပန်းအဲ. . . ဘယ်လောက်စားစား ကိစ္စမရှိတော့ဘူး. . . ဟဲဟဲ. . ."

အေးအေးစိုးအတွက် ဟောပြီးသောအခါ သင်းလဲ့ဝါနှင့် ဝင်းစန္ဒာတို့ကို တစ်လှည့်စီဟောပေးသည်။ ကျွန်တော်ကတော့ ဗေဒင်ဆရာ၏ဟောပြောမှုများကို စိတ်ဝင်စားနေမိသည်။ သူတို့တွေပြီးသောအခါ စည်သူက အရင်မေးလေသည်။

"ဆရာ. . . ကျွန်တော်ကတော့ သူတို့လို စာမေးပွဲအတွက် မမေးချင်ဘူးဆရာ. . . ဟဲဟဲ. . . ဟိုလေ. . . အချစ်ရေးဆရာ. . . အဲဒါမေးချင်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်ဆရာသည် မိန့်မိန့်ကြီးပြုံးလေ၏။

"အင်း . . . အရွယ်ငယ်ပေမယ့် . . . အချစ်ကကြွယ်ချင်နေပြီကိုး . . . ကောင်းပါလေ့ကွယ် . . . ဆရာလည်း မင့်အရွယ်ကဒီလိုပဲ . . . ဟိုစိတ်ဒီစိတ်တွေရှိလာတာပဲ . . ဟဲဟဲ . . လူပဲကွာ . . နော . ."

ကျွန်တော် သဘောကျသွားပါသည်။ ဤဗေဒင်ဆရာသည် လူငယ်အထာကျေညက်ပါသည်။ ဆရာက စည်သူ၏မွေးနေ့သက္ကရာဇ်ကိုမေးရင်းက . . .

"ဒါနဲ့ ပြောစမ်းပါဦး . . . မင်းမှာ ကြိုက်ရမယ့်ချစ်သူတွေ တွေ့နေပြီလား . . ."

စည်သူက တစ်ချက်ပြုံးပြီး အေးအေးစိုးဘက် မျက်လုံးဝေ့လိုက်သောအခါ အေးအေးစိုးက "ကောင်စုတ်နော် ငါ ဆရာနဲ့သွားတိုင်လိုက်မှာ" ဟုပြော၏။

"ဟ . . . ငါကလည်း နင့်ကြည့်တာမဟုတ်ပါဘူး . . . ငါကြိုက်နေတာ ဘယ်သူများရှိခလဲဆိုပြီး စဉ်းစားလိုက်တာ . . ."

"နင်စဉ်းစားတာကလည်း အပေါ်ဘက်ကိုကြည့်ပြီး စဉ်းစားတာမဟုတ်ပဲ . . . ငါ့ကိုစိုက်ကြည့်ပြီးစဉ်းစားတာကိုး . . ."

စည်သူက ခေါင်းကုတ်လိုက်ပြီး ဗေဒင်ဆရာဘက်ပြန်လှည့်လိုက်သည်။

"ဒီလိုပါ ဆရာ . . အခုအချိန်မှာတော့ ကျွန်တော့်စိတ်ထဲမှာ တိတိကျကျရည်ရွယ်ထားသူတော့မရှိသေးပါဘူး။ ဒါပေမယ့် ဟိုလိုလို ဒီလိုလိုဖြစ်နေမိတာတော့ သုံးလေးယောက်လောက်ရှိပါတယ်"

"ဟေ . . တယ်ဟုတ်ပါလား . . အာဂကောင်ပေပဲ . . အင်း . . ဟုတ်ပြီ ဟုတ်ပြီ . ."

ဗေဒင်ဆရာသည် ကျောက်သင်ပုန်းပေါ်မှာ ဟိုခြစ်ဒီခြစ်လုပ်နေခိုက် ကျွန်တော်လည်း စားပွဲခုံလေးဘေးမှာ မှောက်ထားသည့်





ဗေဒင်ဆရာဖတ်လက်စာအုပ်ကလေးကို အသာလေးဆွဲလှန်ကြည့်လိုက်သည်။ အပျိုလမ်းညွှန်။ ဟာ . . ကျွန်တော်အံ့ဩသွားလေသည်။ ဗေဒင်ဆရာသည် ဘာစာအုပ်မှ သည်လောက်သည်းကြီးမည်းကြီးဖတ်နေတာပါလိမ့်ဟု သိချင်စိတ်သည်ချက်ခြင်းရှင်းသွား၏။

"မင်း . . မကြာခင်မှာရည်းစားရလိမ့်မပေါ့ကွ . . အင်း . . တိတိကျကျပြောရရင်တော့ မင်းတက္ကသိုလ်စတက်တဲ့အချိန်မှာပဲ . . မိန်းကလေးက . . အင်း . . နေဦး . . တနင်္ဂနွေသမီးကွ . ."

စည်သူကပြုံး၍ အေးအေးစိုးဘက်ကြည့်ပြန်သည်။

"ဆရာ . . ရည်းစားက တစ်ယောက်တည်းလား ဆရာ . ."

"အင်း . . မင်းလည်း ဆရာငယ်ငယ်ကလိုဖြစ်နေပြီ . . ဒီကိစ္စမျိုးဆိုတာလောဘမကြီးနဲ့ကွ . . ဖြစ်ချင်ရင် သူ့အလိုလိုဖြစ်လာတတ်တယ် . ."

"ဟဲ . . ဟဲ . ."

စည်သူ့အလှည့်ပြီးသောအခါ ဝဏ္ဏနှင့်မင်းမင်းက ကျွန်တော့်ကိုအရင်မေးခိုင်းသဖြင့် ကျွန်တော်လည်း ဝင်မေးမိလေတော့သည်။

"အင်း . . မင်းကရော ဘာမေးချင်တာလဲ . . ."

"အကုန်လုံးပါပဲ ဆရာ . ."

ဗေဒင်ဆရာ၏မျက်နှာသည် တဖြည်းဖြည်းတည်ငြိမ်သွားသော်လေသည်။ သူသည် ကျောက်သင်ပုန်းပေါ်မှာရေးခြစ်ထားသည့် ကျွန်တော့်မွေးနေ့သက္ကရာဇ်ကို မှုတည်ပြီး တဂျောက်ဂျောက်နှင့်တွက်နေလေသည်။ ခဏကြာသောအခါ တည်ငြိမ်သောအသံဖြင့် စပြောလေတော့သည်။

"မင်းကဒတော့ စာတော်တယ် . . ဒါပေမယ့် စာမေးပွဲမဖြေခင်မှာ အနှောင့်အယှက်တစ်ခုရှိတယ် . . မင်း . . စာမေးပွဲဖြေဖြေချင်မှ ဖြေဖြစ်မယ် . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပေဒင်ဆရာ၏မျက်နှာကို ဖျတ်ခနဲကြည့်လိုက်မိသည်။ သို့သော် သူကကျွန်တော့်ကိုမကြည့်။ လွှတ်ခနဲကျွန်တော်မေးမိသည်။

"ကျွန်တော် စာမေးပွဲကျမှာလား ဆရာ . ."

သူပြန်မဖြေဘဲ . . တဂျောက်ဂျောက်နှင့်တွက်နေပြန်သည်။

"အင်း . . ပြောလို့မရဘူးကွ . . ကျချင်လည်းကျသွားနိုင်တယ် . ."

ကျွန်တော်ပြုံးလိုက်မိသည်။ ကျွန်တော်ပဲဗျာ . . ကျောင်းမှာအဆင့်တစ်သာမရရင်ရှိရမယ် . . စာမေးပွဲတော့ မအောင်မရှိစေရဘူး . . .။

"ကောင်းပါပြီ ဆရာ . . စာမေးပွဲကိစ္စထားလိုက်ပါ . . တခြားကိစ္စတွေကိုပဲ ဆက်ဟောပါ . . ."

သူ ကျွန်တော့်ကိုဖျတ်ခနဲကြည့်ပြီး ခေါင်းခါသည်။

"ဒီကိစ္စ အရေးကြီးတယ်ကွ . . မင်း . . ယတြာလုပ်ကိုလုပ်မှဖြစ်မယ် . ."

"ထားလိုက်ပါ ဆရာ . . ဒီကိစ္စ . . ."

ပေဒင်ဆရာ သက်ပြင်းချလိုက်ပါသလား။ သို့သော် သူ ခေါင်းတော့တစ်ချက်ညိတ်လိုက်သည်။ ပြီးတော့ စာမေးပွဲကိစ္စမဟောတော့ဘဲ တခြားကိစ္စတွေဆက်ဟော၏။

"ကျန်းမာရေးမှာလည်း ဘာမှပြောစရာမရှိပါဘူး . . အားလုံးကောင်းတယ် . . အင်း . . အချစ်ရေးမှာတော့ . . မင်း ကံမကောင်းဘူး ကလေး . ."

ထိုအချက်သည်ကျွန်တော့်ရင်ဝကို အရှိန်ပြင်းစွာဝင်ဆောင့်လေသည်။ အချစ်ရေး၌ ကျွန်တော်ကကံမကောင်းပါလေတဲ့။ ပေဒင်ဆရာသည် ကျွန်တော့်နှလုံးသားကိုထွင်းဖောက်သိနေနိုင်ပါသလား။





"မင်းလွမ်းရလိမ့်မယ်ကွ . ."

ကျွန်တော် ပင့်သက်ရှိုက်လိုက်မိသည်။ ကျွန်တော်မလွမ်းချင်ပေ။ ပေဒင်ဆရာသည် ကျွန်တော့်ကိုတစ်ချက်ကြည့်ပြီး တုံဏှိဘာဝေ ဖြစ်သွားသည်။ သူ ဟောပြောမှုပြီးသွားလေပြီလား။ ကျောက်သင်ပုန်းပေါ်မှာ သူရေးခြစ်ထားသည့် ကျွန်တော့်ဇာတာအပေါ်တွက်ချက်ထားမှုတွေကို ကျွန်တော်တွေကြည့်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



(၈)

"နင့်အတွက်ယတြာ ငါမေးလာခဲ့တယ် မင်းဆွေလတ် .. အဲဒီ့ယတြာတွေ နင်လုပ်ဖြစ်အောင်လုပ်လိုက်ပါဟာ .. ဒါလေး .. လုပ်လိုက်ရလို့ ဘာမှနင်အပန်းမကြီးသွားပါဘူး .. ရော့ .. ဒီမှာ ငါယတြာလုပ်ရမယ့်ဟာတွေ ရေးလာတယ် .."

အေးအေးစိုးသည် ကျွန်တော့်လက်ထဲသို့ယတြာလုပ်ရမည့် စာရွက်ကလေးလာထည့်သည်။ ကျွန်တော်ရယ်လိုက်သောအခါ သူတို့က မျက်လုံးဝိုင်းသွား၏။

"ငါမလုပ်ချင်ဘူးဟာ .. ဒီယတြာလုပ်လိုက်မှ ငါစာမေးပွဲအောင်မယ်ဆိုရင် ငါယတြာမလုပ်ဘူး .. စာမေးပွဲအကျခံမယ် .. တော်ကြာ ကျောင်းသူကျောင်းသားတွေ စိတ်ထဲမှာစာမေးပွဲအတွက် ဗေဒင်တို့ယတြာတို့ကိုအားထားချင်တဲ့စိတ်ဖြစ်သွားလိမ့်မယ် .. နောက်ပြီး .. အဲဒီ့ဗေဒင်ဆရာပြောသလိုပဲ ငါ့မှာအန္တရာယ်အယှက် တစ်ခုရှိစေဦးတော့ .. ယတြာလုပ်ပြီးမှ အဲဒီ့အန္တရာယ်အယှက်ပျောက်





မယ်ဆိုရင် .. ငါ့ကြိုးစားအားထုတ်မှုတွေဟာ အလကားဖြစ်သွားမှာပေါ့ .."

ကျွန်တော့်လက်ထဲရောက်လာသည့် ယတြာချေရန်မှတ်သားထားသည့် စာရွက်ကလေးကို ပြုံးခနဲကျွန်တော်ဆွဲဆုတ်ပစ်လိုက်သည်။

"ယတြာကောင်းလို့ ငါစာမေးပွဲအောင်လာတာမျိုးတော့ ငါ ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်ဘူး ..."

မင်းမင်း၊ စည်သူနှင့် ဝဏ္ဏတို့သည် ကျွန်တော့်စကားကြောင့် နှုတ်ဆိတ်သွားသည်။ ခဏအကြာမှာတော့ စည်သူက ...

"ဒီကိစ္စက တခြားဘယ်သူမှသိတာလည်းမဟုတ်ပါဘူးကွာ .. ငါ့သဘောကတော့ .. တကယ်လို့များ သူပြောသလိုဖြစ်လာမယ်ဆိုရင် .. ဘယ်လိုလုပ်မလဲ .. နောက်ပြီးလောကကြီးမှာ တို့မသိသေးတဲ့ အကြောင်းအရာတွေဟာ အများကြီးပဲ .."

ဝဏ္ဏကလည်း ဝင်ပြောပြန်သည်။

"စည်သူပြောတာ ဟုတ်တယ်မင်းဆွေလတ် .. ငါ့သဘောကတော့ ဟုတ်ဟုတ်မဟုတ်ဟုတ် ... အဲဒီ့ယတြာတော့ မင်းအနေနဲ့ ချေဖြစ်အောင် ချေဖြစ်လိုက်စေချင်တယ် .."

ကျွန်တော်ခေါင်းကို ယမ်းလိုက်မိသည်။

"ထားလိုက်ပါကွာ .. ဒီကိစ္စအရေးမကြီးပါဘူး .."

"အရေးမကြီးဘူး ဟုတ်လား .."

"ဟုတ်တယ် .. အဲဒီ့ကိစ္စက ငါ့အတွက်အရေးမကြီးဘူး"

"မင်းကတော့ တကယ့်တယူသန်ကောင်ပဲ မင်းဆွေလတ်"

မိန်းကလေးတွေကတော့ ကျွန်တော်၏ယတြာမချေခြင်း သီအိုရီအတွက် ဗျစ်တောက် ဗျစ်တောက်လုပ်ကြလေသည်။ သို့နှင့်ပင် သူတို့အုပ်စုအိမ်ပြန်သွားကြသော် ကျွန်တော်တို့ သူငယ်ချင်းလေးယောက် လက်ဖက်ရည်ဆိုင်သွားထိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . ဒါနဲ့ မင်းမွေးနေ့ပွဲကို နီဟိန်းရောက်တော့လာသား . . မင်းမင်း . . "

"ထားလိုက်ပါကွာ . . အဲဒီကိစ္စက ငါ့အတွက်အရေးမကြီးဘူး"

ကျွန်တော်ပြောခဲ့သောစကားကိုပင် မင်းမင်းကလိုက်ပြောသဖြင့် ကျွန်တော့်တို့ရယ်လိုက်ကြသည်။

ပြီးတော့ သည်ကောင်တွေ နီဟိန်းအကြောင်းပြောနေသော်လည်း ကျွန်တော်ကတော့ နီဟိန်းကိစ္စကိုခေါင်းထဲကိုပင် မထည့်။ ယခုလောလောဆယ် ကျွန်တော့်ခေါင်းထဲရောက်နေသည့်ကိစ္စမှာ ဗေဒင်ဆရာဟောလိုက်သည့် အချစ်ရေးမှာတော့ မင်းကံမကောင်းဘူး . . မင်းလွမ်းရလိမ့်မယ်ဆိုသော စကားပဲဖြစ်သည်။

ကျွန်တော်ချစ်နေသူမှာ မိုးရတီဇော်ဖြစ်ပါသည်။ ဗေဒင်ဆရာ၏ဟောပြောချက်မှာ အချစ်ရေးကံမကောင်းမှုကြောင့် မိုးရတီဇော်ကို ကျွန်တော်လွမ်းရမည့်ကိန်းဖြစ်နေ၏။ ဗေဒင်ဆရာ၏ဟောပြောချက်မည်မျှမှန်ကန်ပါမည်နည်း။



ဖေဖော်ဝါရီလဆန်းသို့ရောက်သော် စာမေးပွဲကြီးနားကပ်လာပြီဖြစ်သဖြင့် ကျွန်တော်တို့ကျောင်းသားကျောင်းသူတွေ လှုပ်လှုပ်ရွရွဖြစ်လာ၏။ မုန့်စားဆင်းချိန်၊ ဆရာမမလာချိန်လေးတွေမှာပင် စာတွေကိုအလွတ်မပေးဘဲ ကုန်းကျက်ကြလေတော့သည်။ စာကျက်သံတို့သည် တစ်တန်းလုံးဆူညံနေသည်။

"ငါတစ်ခုစဉ်းစားမိတယ်ကွ မင်းဆွေလတ် . . တို့ယောကျ်ားလေးတွေရဲ့အသံကသြတယ် . . ဂီတစကားနဲ့ပြောရရင်တော့ ဘယ်သံ . . အသံကြီးတွေ . . မိန်းကလေးတွေရဲ့အသံကျတော့ စူးတယ် . . ဂီတစကားနဲ့ပြောရရင်တော့ ညာသံ . . အသံသေးတွေ . . အဲဒီတော့ တစ်တန်းလုံးသူတို့အသံတွေနဲ့ချည်း ဆူညံနေတာပဲ . . "

စည်သူက ကြီးကြီးကျယ်ကျယ် ဂီတစကားတွေဘာတွေထည့်ပြောတော့ အေးအေးစိုးတို့အုပ်စုက မခံနိုင်၊ ကျွန်တော်တို့အုပ်စုဘက်လှည့်ပြီး စွာကျယ်စွာကျယ်ပြောလေ၏။

"ဟဲ့ . . စာကျက်တာဟဲ့ . . အလကား စကားထိုင်ပြောနေတာမဟုတ်ဘူး . . "

"အေး . . ငါသာကျောင်းအုပ်ဆရာကြီးဖြစ်လို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲမှာ စာကျက်ရင် ဆူဆူညံညံမကျက်ရဘူးလို့အမိန့်ထုတ်လိုက်မှာ . . စာကျက်တာပဲကွာ . . သူများအနှောင့်အယှက်မဖြစ်အောင် စိတ်ထဲကကျက်လည်းရသားနဲ့ . . ပြီးတော့ စာမေးပွဲဖြေတော့လည်း ဘာမှထူးတာမဟုတ်ဘူး . . သူလိုငါလိုပဲ . . . "

"ဟဲ့ . . ထူးတယ်ဟဲ့ . . နင်တို့စောင့်ကြည့်နေ . . တို့မိန်းကလေးတွေက ဆေးတက္ကသိုလ်ဝင်ပြီးတော့ နင်တို့ယောကျ်ားလေးတွေကတော့ ရိုးရိုးဝိဇ္ဇာသိပ္ပံပဲရလိမ့်မယ် . ."

"ဟာ . . ဘယ်လိုလုပ်မလဲ စည်သူ . . တို့ကောင်တွေရဲ့တက္ကသိုလ်ကို သူတို့က သတ်မှတ်ပေးနေပြီ . ."

"ဘာမှမပူနဲ့သူငယ်ချင်းတို့ . . တို့တွေဝိဇ္ဇာသိပ္ပံပဲဝင်လည်းမပူကြနဲ့ . . သူတို့ဆရာဝန်မကြီးတွေဖြစ်မှ တို့ကောင်တွေသူတို့ကိုယူလိုက်ကြတာပေါ့ . . ဟဲ ဟဲ . ."

"အောင်မာ . . ဝေးသေး . . တို့ဆရာဝန်မကြီးတွေဖြစ်ရင်နင်တို့ကိုမယူဘူး . . . "

"ဒါဆို နင်တို့က ဘယ်သူတွေကိုယူမှာလဲ . . . "

"တို့လိုပဲ ဆရာဝန်ဖြစ်နေတဲ့သူတွေကိုယူမှာပေါ့ . . . "

"ဟာ . . ဒါဆိုရင် သူငယ်ချင်းတို့ . . တို့ကောင်တွေဒီနေ့ကစပြီး မျိုးယှ[illegible]သားဖွားဆရာဝန်ကြီးတွေဖြစ်ဖို့ ကြိုးစားကြစို့ . ."

"[illegible] သို့လဲ စည်သူရ . ."

"[illegible]မှုသက်ဆိုင်တဲ့ကိစ္စပဲ သူငယ်ချင်းတို့ . ."

ကျွန်တော်တို့ဝိုင်းရယ်လိုက်ကြသောအခါ ကောင်မလေးတွေက ရှုးရှုးရှဲရှဲဖြစ်ကုန်၏။

"နင်အတော်မိုက်ရိုင်းပါလား စည်သူ . . ငါတို့ဆရာမကိုသွားတိုင်လိုက်မှာနော် . . . "

အေးအေးစိုးသည် မဆိုစလောက်မျှ မျက်နှာကလေးနီနေ





၏။ ထိုအခါမှ စည်သူကမျက်နှာငယ်ကလေးနှင့်တောင်းပန်သည်။

"ငါတောင်းပန်ပါတယ်ဟာ . . နင်တို့က ဆရာဝန်မကြီးတွေဖြစ်ရင် တို့ကလည်း နင်တို့ထက်ပိုတော်တဲ့ အထူးကုဆရာဝန်ကြီးတွေဖြစ်အောင် . . ဥပမာပေါ့ဟာ . . သားဖွားမီးယပ်ဆရာဝန်ကြီးတွေဖြစ်အောင် ကြိုးစားမယ်လို့ပြောတာ . ."

"နင်ပြောလေ ကဲလေပဲ . ."

ထိုနေ့တစ်နေ့လုံး ကျွန်တော်တို့အုပ်စုကို အေးအေးစိုးတို့စကားမပြောကြတော့။ ကျွန်တော်တို့လည်း စကားသိပ်မပြောဖြစ်ကြတော့ပဲ စာကိုသာကုန်းကျက်မိကြသည်။ သို့သော် စာကျက်ရင်းသတိရမိလျှင် မိုးရတီဇော်ကိုတစ်ချက်လှမ်းကြည့်မိသည်။ သူမသည် အခြားမိန်းကလေးတွေလို စာကိုအသံထွက်မကျက်ဘဲ စိတ်မှကျက်နေပုံရသည်။ သူမသည် စာမေးပွဲ၌ဂုဏ်ထူးမည်မျှထွက်လေမည်နည်း။

ခြောက်ဘာသာလော။ ငါးဘာသာလော။ မရည်ရွယ်ပါပဲလျက် ကျွန်တော့်မျက်လုံးသည် နီဟိန်းဆီသို့ရောက်သွားမိလေသည်။ နီဟိန်းကလည်း စာကိုစိတ်ဖြင့်သာကျက်နေပုံရ၏။ သည်ကောင်လည်း စာမေးပွဲမှာဂုဏ်ထူးဘယ်နှစ်ခုထွက်လေမည်နည်း။ မိုးရတီဇော်လိုပဲ ခြောက်ခုလောက်ထွက်မလား။ ငါးခုလောက်ထွက်မလား။

တစ်စုံတစ်ခုအတွက် ကျွန်တော်စိုးရိမ်သွားမိလေသည်။ အကယ်၍များ စာမေးပွဲ၌ကျွန်တော်ခြေချော်လက်ချော်ဖြစ်ခဲ့သည်ရှိသော်။ သူတို့လောက်အမှတ်မကောင်းခဲ့သည်ရှိသော် ဖေဖေဆရာဟောလိုက်သော 'မင်းလွမ်းရလိမ့်မယ်ကွ' ဆိုသောစကားသည် မည်သည့်အခြေအနေကိုရည်ရွယ်၍ဟောသော စကားနည်း။ ကျွန်တော်သည် အမှန်တကယ်ပင် စာမေးပွဲ၌အနှောင့်အယှက်တစ်ခုကြုံတွေ့ရပြီး စာမေးပွဲ၌ထိခိုက်ရလိမ့်မည်လော။

ကျွန်တော်ပင့်သက်ရှိုက်လိုက်မိသည်။ ကျွန်တော့်စိတ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



တိုကိစ္စကြီးက အနှောင့်အယှက်အဖြစ်ဝင်ရောက်လျက်ရှိသည်။ နောက်နှစ်ရက်လောက်ကြာသောအခါ ကျွန်တော်ကျောင်းသို့စောစောထွက်လာခဲ့သည်။ ရာသီဥတုသည် အေးမြလတ်ဆတ်လျက်ရှိသည်။ တစ်ခါတုန်းက ခွေးပေါက်စကလေးတွေမြောင်းထဲကျနေခဲ့သော နေရာသို့ ကျွန်တော်ရောက်လာသည်။ မိုးရတီဇော်နှင့်နီဟိန်းကိုသတိရပြန်သည်။ သူတို့နှစ်ယောက်ကို ယခုတလောပို၍ ပူးပူးတွဲတွဲတွေ့ရသည်။ ယနေ့လည်း သူတို့နှစ်ယောက်ကို ရှေ့မှာတွေ့ရလိမ့်မည်လောဟု ဂရုထားကြည့်သော်လည်း မတွေ့။

သို့နှင့်ပင် ကျောင်းသို့ကျွန်တော်ရောက်ခဲ့သည်။ စာသင်ခန်းအတွင်းကျောင်းသားကျောင်းသူသိပ်မရောက်သေး။ ရှေ့ဘက်ကခုံတန်းမှာ အင်ကြင်းနှင့်စိုးစိုးဟန်တို့နှစ်ယောက်နှင့်နောက်ဘက်မှာအောင်ကျော်စိုးတစ်ယောက်သာရောက်သေးသည်။ ကျွန်တော့်နေရာကျွန်တော်ရောက်ခဲ့ပြီး နေရာမှာဝင်ထိုင်သည်။ စာမေးပွဲကြီးစစ်ဖို့ရက်ပေါင်းလေးဆယ်ကျော်လောက်ပဲလိုတော့သည်။

ထိုရက်ပေါင်းလေးဆယ်ကျော်လျှင် ကျွန်တော်တို့၏အထက်တန်းကျောင်းသားဘဝသည် ပြီးလေပြီ။ ကျွန်တော့်ကိုယ်ကျွန်တော်တော့ စာမေးပွဲကို လွတ်လွတ်ကျွတ်ကျွတ်အောင်မြင်လိမ့်မည်ဟုထင်ပါသည်။ ပျော်ပါးရွှင်မြူးရသော အထက်တန်းကျောင်းသားဘဝကို ထိုရက်ပေါင်းလေးဆယ်ကျော်လျှင် ကျွန်တော်တို့ပြန်မရနိုင်တော့ပြီ။

ဆယ်တန်းအောင်သည်နှင့် ကျွန်တော်တို့ကိုလူကြီးတွေကလည်း တလေးတစားပင်ဆက်ဆံကြပေလိမ့်မည်။ ကျွန်တော်တို့လူလားမြောက်နေသည်မှာမှန်သော်လည်း အထက်တန်းကျောင်းသားဘဝကိုအားလုံးက . . ကလေးဟုပင်သတ်မှတ်ထားကြပုံရသည်။ သည်သို့ဆိုလျှင် ရက်ပေါင်းလေးဆယ်ကျော်သည်နှင့် ကျွန်တော်တို့လူကြီးဖြစ်ကြတော့မည်လား။





ထိုအချိန်တွင် ကျွန်တော်တို့၏နှလုံးသားသည် လွတ်လပ်မှုရသင့်လေပြီ။

စာမေးပွဲဖြေဆိုပြီးသည့်နေ့၌ မိုးရတီဇော်ကို ကျွန်တော်ချစ်နေကြောင်းဖွင့်ပြောရသည်ရှိသော် သင့်တော်လိမ့်မည်ထင်ပါသည်။ နီဟိန်းနှင့်တပူးတတွဲတွဲကိစ္စကိုလည်း တစ်ချက်ခုတ်နှစ်ချက်ပြတ်ဖြစ်စေလိမ့်မည်။

ကျွန်တော့်ခုံမှာ တစ်ယောက်တည်းထိုင်နေခိုက်နောက်ဘက်ခုံမှ အောင်ကျော်စိုးကိုသတိပြုမိလိုက်သည်။ အောင်ကျော်စိုးငိုရှိုက်နေပါလား။ ကျွန်တော် ဖျတ်ခနဲသူ့ကိုလှည့်ကြည့်လိုက်၏။ အောင်ကျော်စိုးက ရှက်ကိုးရှက်ကန်းဖြင့် ကပျာကယာခေါင်းငုံ့ဖို့ ကြိုးစားသော်လည်း သူ့မျက်နှာပေါ်မှ မျက်ရည်တွေကို ကျွန်တော်အသေအချာပင်တွေ့လိုက်ရ၏။

ထို့ကြောင့် ကျွန်တော်သူ့ဘေးမှာသွားထိုင်လိုက်၏။

"ဘာဖြစ်လို့လဲ အောင်ကျော်စိုး . ."

သူ မဖြေပါ။ ခေါင်းငုံ့နေသည်။ အောင်ကျော်စိုးသည် နွမ်းပါးချို့တဲ့သော ကျောင်းသားတစ်ယောက်ဖြစ်ပါသည်။

"တို့တွေဟာ တစ်တန်းတည်းသားသူငယ်ချင်းတွေလေ . . ဘာပဲဖြစ်ဖြစ် တစ်ယောက်အခက်အခဲ . . တစ်ယောက်ဖွင့်ဟပြီးတိုင်ပင်သင့်ပါတယ် . ."

သူ သက်ပြင်းချသည်။ ပြီးတော့ ကျွန်တော့်ကို ရီဝေဝေကြည့်၏။ သူ့မျက်နှာ၌ မျက်ရည်စအချို့ကိုတွေ့သည်။

"ဘာမှမဟုတ်ပါဘူးကွာ . ."

"လုပ်မနေနဲ့ သူငယ်ချင်း . . မင်း . . ငါ့ကိုလိမ်မနေနဲ့ . . ကဲ . . ဘာဖြစ်သလဲပြော . ."

အောင်ကျော်စိုး၏မျက်လုံးမှာ မျက်ရည်တွေပြည့်လာပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးမှ ခပ်တိုးတိုးပြောလေသည်။

"ငါ့အမေ နေမကောင်းဘူးကွာ . . အဲဒါ ဆေးရုံတင်ရလိမ့်မယ် . ."

ကျွန်တော်အားလုံးနားလည်သွားလေပြီ . . အောင်ကျော်စိုးတွင် အဖေမရှိတော့ပါ။ ပြီးတော့ သည်ကောင်ကအကြီးဆုံး၊ သူ့အောက်မှာ အငယ်တွေက လေးငါးယောက်လောက်ရှိမည်ထင်ပါသည်။ သူတို့အမေက ရပ်ကွက်ထဲကဈေးမှာ ရာသီစာကလေးတွေရောင်းရသည်။

"ဘာဖြစ်တာတဲ့လဲ . . . "

"ရပ်ကွက်ထဲက ဆေးခန်းကတော့ အစာအိမ်ရောဂါလို့ ပြောတာပဲ . . ဆေးရုံအမြန်ဆုံးတင်ခိုင်းနေတယ် . . အဲမေကလည်း ဆေးရုံမတက်ချင်ဘူး . . လက်ထဲမှာလည်း ပိုက်ဆံကတစ်ပြားမှမရှိဘူး"

သူ့အခက်အခဲကို ကျွန်တော်စာနာပါသည်။ ကျွန်တော်တစ်ချက်စဉ်းစားလိုက်သည်။ အောင်ကျော်စိုးအတွက် ဘာလုပ်ပေးနိုင်သနည်း။ ခက်တာက ကျွန်တော့်မိဘတွေကလည်း သိပ်ကြွယ်ဝချမ်းသာသူတွေမဟုတ်၊ မေမေ့ထံမှ တောင်းပေးလျှင်လည်းဘာမှသိပ်ရမှာမဟုတ်။

"လောလောဆယ်တော့ မင်းအမေ ဆေးရုံကိုအမြန်ဆုံးရောက်ဖို့အရေးကြီးတယ်ကွ . . တို့သူငယ်ချင်းတွေ တိုင်ပင်ပြီးကြည့်လုပ်တာပေါ့ကွာ . . ဟုတ်လား . . ကဲ . . သိပ်တော့စိတ်ပူမနေနဲ့"

ကျွန်တော် သူ့ပခုံးကိုပုတ်ပြီး စကြိန်ကိုထွက်လာခဲ့သည်။ စကြိန်ရောက်တော့ စည်သူတို့ရောက်လာသည်နှင့်အောင်ကျော်စိုး၏အခက်အခဲကို ပြောပြပြီး တိုင်ပင်လိုက်သည်။

"ပြဿနာကတော့ အဲဒါပဲ . . အဲဒီတော့ ဒီလိုစဉ်းစားထားတယ် . . အောင်ကျော်စိုးအမေကို အမြန်ဆုံးဆေးရုံရောက်သွားဖို့





အရေးကြီးတယ်။ ဒီတော့ တို့မုန့်ဖိုးတွေစုပြီးကူညီကြရအောင်ကွာ . . ရင်းနှီးတဲ့မိန်းကလေးတွေဆီကလည်း အလှူခံရမယ်"

"ကောင်းတယ် . . ဒါပေမယ့် သိုသိုသိပ်သိပ်တော့ လုပ်ကြကွ။ နောက်ပြီးတကယ်ကူညီနိုင်မယ့် ကောင်မလေးတွေဆီကပဲ အလှူခံ"

ကျွန်တော်တို့စတင်လှုပ်ရှားသည်။ တဖြည်းဖြည်းနှင့်အခန်းထဲမှာလည်း ကျောင်းသားကျောင်းသူတွေ စုံလာသည်နှင့်အမျှ အောင်ကျော်စိုးအတွက်လည်း သူ့ပတ်ဝန်းကျင်က ကျောင်းသူတွေဆီကတစ်ဆင့်ကောက်ပေးသည်။ ကျွန်တော်က ရှေ့ဆုံးတန်းမှ မိုးရတီဇော်အနားသွားလိုက်ပြီး အဖြစ်အပျက်ကိုခပ်တိုးတိုးပြောပြီး အလှူခံလိုက်သည်။ မိုးရတီဇော်သည် ကျွန်တော့်စကားအဆုံးမှာပဲ ခပ်ပြုံးပြုံးလုပ်ပြီး ပိုက်ဆံထုတ်ပေးသည်။

"နင် . . လူမှုရေးအသင်းအဖွဲ့တစ်ခုထောင်ထားဖို့ကောင်းပြီ မင်းဆွေလတ် . ."

ကျွန်တော် သူ့မျက်နှာကိုဖျတ်ခနဲကြည့်လိုက်သည်။ ဘာအဓိပ္ပါယ်နည်း။ ချီးကျူးသောသဘောလား။ ကဲ့ရဲ့ရှုပ်ချချင်သည့်သဘောလား။ သို့သော် သူမ၏မျက်နှာမှာ ဘာအရိပ်အယောင်မျှမတွေ့ရ။ ပကတိကြည်လင်နေလေသည်။

"ဘာ . . အသင်းလဲ . ."

"ဟိုလေ . . နာရေးကူညီမှုအသင်းလို . . ဆေးရုံတက်ကူညီမှုအသင်းဆိုပြီးလေ . . . "

ကျွန်တော်ပြုံးလိုက်မိသည်။ ဟုတ်တာ မဟုတ်တာအပထား၊ ထိုအသင်းမျိုးရှိလျှင် ကောင်းလေစွဟု စိတ်ထဲမှာတောင့်တလိုက်မိ၏။ ထိုအသင်းမျိုးသာရှိပါက အောင်ကျော်စိုးလည်း အတော်ပင်စိတ်ချမ်းသာသွားပေလိမ့်မည်။ ကျွန်တော့်နေရာသို့ ပြန်ရောက်သောအခါ ကျောင်းတက်ခေါင်းလောင်းထိုးသံကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မင်းဆွေလတ် . . ရော့ . . ဒါ တို့ကောက်ထားတဲ့ ပိုက်ဆံ . ."

စည်သူတို့သည် သူတို့ကောက်ထားသည့်ငွေတွေကို စာရင်းနှင့် တကွအပ်၏။ ကျွန်တော်စုစုပေါင်းငွေကို ရေကြည့်လိုက်သည်။

"ဆိုးတော့မဆိုးဘူးကွ . . ဆေးရုံပို့ဖို့ကားခနဲ့ ဆေးဖိုးနည်းနည်းပါးပါးတော့ အဆင်ပြေသွားလိမ့်မယ်"

"မင်း . . နီဟိန်းဆီသွားကောက်လိုက်ဦး . . ငါတို့တော့မကောက်ချင်ဘူး . ."

ကျွန်တော်နီဟိန်းရှိရာကို တစ်ချက်လှမ်းကြည့်လိုက်သည်။ နီဟိန်းရောက်နေလေပြီ။ သကောင့်သားက စာအုပ်တစ်အုပ်ဖွင့်ထားပြီး စာကျက်နေ၏။ ဆရာမရောက်မလာသေးသည်မို့ ကျွန်တော် နီဟိန်းဆီကူးသွားလိုက်သည်။

"ဩော် . . မင်းဆွေလတ် . . ထိုင်ကာ . . ဘာပြောစရာရှိလို့လဲ"

အောင်ကျော်စိုး၏အဖြစ်အပျက်များကို ခပ်တိုတိုဖွင့်ပြောပြီး အလှူခံလိုက်မိ၏။

"အင်း . . မင်းကတော့ တကယ့်သူတော်ကောင်းပဲ . . ဒါတွေလုပ်တာလည်းလုပ်ပေါ့ကွာ . . မင်း . . စာရောကျက်ရဲ့လား . . ကြည့်လည်းလုပ်ဦး သူငယ်ချင်းတော်ကြာ စာမေးပွဲကျနေဦးမယ်"

ကျွန်တော် ထောင်းခနဲဒေါပွသွားသည်။

"အဲဒါက ငါ့ကိစ္စပါကွာ . . အခု အောင်ကျော်စိုးကိစ္စမှာ မင်းအလှူငွေထည့်မှာလား မထည့်ဘူးလား . ."

"ထည့်မှာပါကွာ . . ငါက မင်းအတွက်စိတ်ပူလို့ပြောနေတာပါ . . ဩော် . . မင်းကို ငါတစ်ခုပြောရဦးမယ် . . ကျောင်းစာနဲ့ပတ်သက်လို့ အခက်အခဲဖြစ်နေတဲ့ကောင်တွေရှိရင်လည်း မင်းငါ့ဆီ





ခေါ်လာခဲ့ဦး . . ငါသူတို့ကို ရှင်းပြပေးမယ်"

ကျွန်တော် သူတို့ကို ခပ်စိမ်းစိမ်းကြည့်ပစ်လိုက်သည်။

"တို့အတန်းထဲမှာ ကျောင်းစာနဲ့ပတ်သက်လို့ ညံ့တဲ့ကောင်တစ်ကောင်မှမရှိဘူး"

"ဟုတ်ပါ့မလား သူငယ်ချင်း . . မိုးရတီဇော်တောင် ဟိုတလောက ငါသင်္ချာတစ်ပုဒ်ရှင်းပြရသေးတယ် . ."

သူပြောသည့် အဓိပ္ပါယ်က မိုးရတီဇော်လို ပညာတော်သည့် ကျောင်းသူကိုတောင် စာသင်ပေးရသေးသည်ဆိုလျှင် ကျွန်တော်တို့လို ကောင်တွေဆိုလျှင်တော့ ပြောစရာမလိုတော့ဟူသော သဘော၊ ခက်တာက ယခုလ လပတ်စာမေးပွဲအတွက် ရီပို့ဒ်တွေရသောအခါ မိုးရတီဇော်က ပထမ၊ နီဟိန်းက ဒုတိယ၊ ကျွန်တော်က တတိယရပါသည်။

ကျွန်တော့်အနေနှင့်ပထမဦးဆုံးအကြိမ်ရသော တတိယဖြစ်ပြီး မိုးရတီဇော်နှင့်နီဟိန်းကို ကျွန်တော်မည်သို့မျှမကျော်ကြောင်း သက်သေပြသလိုဖြစ်သွားသည်။ ကျွန်တော် သူ့အနီးက ဆတ်ခနဲထလိုက်သောအခါ နီဟိန်းကကျွန်တော့်လက်ထဲသို့ ပိုက်ဆံတချို့လှမ်းထည့်သည်။ သူထည့်သော ပိုက်ဆံတွေအတွက် ကျွန်တော်အံ့ဩသွားပါသည်။ ပိုက်ဆံတွေအတော်များပါသည်။

ဆယ်ယောက်စာလောက်ကို သူတစ်ယောက်တည်း ထည့်သည်။

"အောင်ကျော်စိုးကိုယ်စား မင်းကိုကျေးဇူးတင်ပါတယ်ကွာ"

"ရပါတယ်ကွာ . . ဩော် . . ဟော့ကောင် မင်းဆွေလတ် . . သကြံန်မတိုင်ခင် ငါတို့ ညီအစ်ကို ကိုရင်ဝတ်ကျဦးမလို့ . . ဟိုဘုန်းကြီးကျောင်းမှာပဲ . . မင်းရော ဝတ်ဦးမလား "

ကျွန်တော်သူ့ကို ဖျတ်ခနဲကြည့်လိုက်သည်။ သူက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို တည်ငြိမ်စွာပြန်ကြည့်နေ၏။ ငယ်ငယ်က ကျွန်တော် သူတို့ညီအစ်ကိုနှစ်ယောက်နှင့်ကိုရင်ဝတ်စဉ်က အဖြစ်အပျက်တွေကိုသွားသတိရသည်။

"ငါတော့ ဝတ်ဖြစ်မယ် မထင်ဘူး . ."

အတန်းထဲသို့ ဆရာမရောက်လာလေပြီ။ ကျွန်တော် ကိုယ့်နေရာကိုယ်ပြန်လာခဲ့သည်။

"နီဟိန်းထည့်လိုက်တဲ့ ပိုက်ဆံတွေကမနည်းဘူးကွ"

စည်သူတို့လည်း အံ့သြနေကြသည်။ သို့သော် မင်းမင်းကတော့ . ."

"သူ့ဌေးပဲကွာ . . ဒီလောက်တော့ရှိမှာပေါ့ . ."

"ငါ့အထင်တော့ ဒီကောင်သူ့ကိုကောင်မလေးတွေအထင်ကြီးအောင် ထည့်လိုက်တာပဲထင်တယ် . . ဘာပဲဖြစ်ဖြစ် သတင်းပြန့်သွားရင် သူ့ကိုကောင်မလေးတွေပိုအထင်ကြီးလာလိမ့်မယ် . . အထူးသဖြင့်တော့ မိုးရတီဇော်ပေါ့ . ."

ကျွန်တော်ကတော့ မိုးရတီဇော်ကိုတောင် ဟိုတလောက ငါသချ်ာတစ်ပုဒ်ရှင်းပြရသေးတယ်ဆိုသော နီဟိန်း၏စကားကို စဉ်းစားနေမိသည်။ သည်ကောင် ကောင်မလေးကိုဘယ်နေရာမှာ စာပြပေးတာလဲ၊ ဘယ်လောက်ကြာသလဲ ကျွန်တော်ဆက်၍စဉ်းစားမိပြန်သည်။ အကယ်၍များ မိုးရတီဇော်က ကျွန်တော့်ကိုထိုသို့သချ်ာတစ်ပုဒ်လာတွက်ပြခိုင်းလျှင် နီဟိန်းကဲ့သို့တွက်ပြပေးနိုင်ပါမည်လား။ ပြီးတော့ ရှင်းပြနိုင်ပါမည်လော။

ခက်တာက မိုးရတီဇော်ကလည်း ကျွန်တော်တတိယရသည်ကို အထင်ကြီးပုံမရ။ သူက ပထမရပေတာကိုး။ ပထမရသည့်လူက တတိယရသည့်ကျွန်တော့်ကို ဘယ်လိုလုပ်အထင်ကြီးမှာလဲ။ ဟိုတလောက အေးအေးစိုးတို့မေးသဖြင့် မုန့်စားဆင်းချိန်မှာ ကျွန်တော်





သူတို့ကိုသချ်ာတစ်ပုဒ်တွက်ပြခဲ့ရသည်။ ထိုအခါ မိုးရတီဇော်ရောက်လာပြီး ကျွန်တော်တွက်ပြနေသည်ကို ဘေးကရပ်ကြည့်သည်။

တွက်ပြီး၍ အဖြေထုတ်လိုက်ပြီးသောအခါ မိုးရတီဇော် ဘာများပြောလေမည်နည်း ဟုကျွန်တော်မရဲတရဲကြည့်လိုက်သောအခါ သူမက ပြုံး၍ . . .

"တော်သားပဲ . . ."

အထင်ကြီး၍ပြောသောစကားမဟုတ်။ အများတွေတွက်ပြတော့မည်ဟုထင်ထားပြီး မှန်ထားသဖြင့် သဘောကျကျေနပ်သွားသောစကား။ ကျွန်တော့်အတွက်တော့ မိုးရတီဇော်ကို ရည်းစားစကားပြောဖို့အလွန်ပင်အရေးကြီးနေလေပြီ။ နို့မို့ဆိုလျှင် ကျွန်တော်ဆွေးသွားနိုင်ပါသည်။

နောက်ပြီး စာမေးပွဲကြီးစစ်ပြီးလျှင် သူမကိုတွေ့ရဖို့မလွယ်တော့ချေ။ မုန့်စားဆင်းချိန်ရောက်သော် ကျွန်တော်တို့ကောက်ခံရရှိခဲ့သည့်ငွေတွေကို အောင်ကျော်စိုးကိုသွားပေးလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ သူငယ်ချင်းရာ . . ငါလည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိလို့ မနက်တုန်းကတစ်ယောက်တည်း ထိုင်ငိုမိတာ"

"အေးကွာ . . ဒီကြားထဲမှာလည်း မင်းအကူအညီလိုရင်လည်း ပြောပေါ့ . ."

ကျွန်တော် သူ့အနီးမှထွက်လာတာကို မိုးရတီဇော်က လှမ်းကြည့်နေ၏။ သူမ၏မျက်နှာတွင် အပြုံးရိပ်ကလေးရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၉)

ဆယ်တန်းစာမေးပွဲကြီးစစ်လေပြီ။ မဖြေမီက စာမေးပွဲကို စိုးရိမ်နေခဲ့သော်လည်း ဖြေရသောအခါ ကျွန်တော်အားလုံးဖြေနိုင်လေသည်။ မေမေကလည်း ကျွန်တော်နောက်တစ်နေ့ဖြေရမည့် ဘာသာအတွက် အနီးကပ်ညွှန်ကြားပြသပေးသည်။

"ဂုဏ်ထူးထွက်ဖို့ကိုလည်း သားစိတ်မပူပါနဲ့ . . အဓိကတော့ မေးခွန်းအားလုံးကိုပိုင်ပိုင်နိုင်နိုင်ဖြေနိုင်ဖို့သာ စဉ်းစား . . ဂုဏ်ထူးပေးဖို့က ဆရာမတွေရဲ့အလုပ် . . မေမေကလည်း သား စာမေးပွဲရက်တွေမှာ အားလုံးကူညီပေးမယ် . . တစ်ခုပဲ မေမေပူတယ် သားကျောင်းကပြန်လာတဲ့အချိန်ဟာ နေအရမ်းပူတယ် သား . . အခန့်မသင့်ဖြစ်ပြီးနေမကောင်းမှာပဲ မေမေပူတယ် . . အဲဒီ့တော့ အိမ်ကိုပြန်ရောက်ရောက်ခြင်း ခြေထောက်ကိုရေမစိုစေနဲ့ . . ရေလည်းတန်းမချိုးနဲ့ . . တစ်နာရီလောက်မှချိုး ဟုတ်ပြီလား . ."

"စိတ်ချပါ မေမေ . ."





ဗေဒင်ဆရာဦးကောင်း ကျွန်တော့်ကိုဟောထားသည့် စာမေးပွဲ၌ ကြုံတွေ့ရမည့် အနှောင့်အယှက်ကိစ္စကို မေမေ့အားပြောမထားသဖြင့် မေမေမသိပါ။ ကျွန်တော်တို့ သူငယ်ချင်းတွေလည်း ထိုအကြောင်းကို မေ့မေ့ပျောက်ပျောက်ဖြစ်နေကြသည်။ သို့သော် စာမေးပွဲမဖြေမီတစ်ပတ်လောက်က အေးအေးစိုးကစကားစပ်မိပြီး ကျွန်တော့်ကို ယတြာကိစ္စပြောသေးသည်။

"ဟိုတနေ့က တို့သူငယ်ချင်းတွေ ဘုရားစုသွားကြသေးတယ် ဟ . . အဲဒီ့မှာ ငါလည်းဘုရားရောက်တုန်း ယတြာထပ်ချေဖြစ်သေးတယ် . . နင့်ကိုလည်း သတိတော့ရသား . . ."

ယခုဆိုလျှင် ငါးဘာသာဖြေပြီးသွားလေပြီ။ ကျွန်တော့်မှာ ဗေဒင်ဆရာဦးကောင်းဟောသလို ဘာအနှောင့်အယှက်မှမတွေ့။ မေးခွန်းတွေကိုလည်း အကုန်ဖြေနိုင်ပါသည်။ ကျွန်တော့်စိတ်ထင် ပြောရလျှင် အင်္ဂလိပ်စာ၊ သင်္ချာနှင့်ဓာတုဗေဒဘာသာရပ်များတွင် ဂုဏ်ထူးရနိုင်သည်ဟုထင်၏။ ရူပဗေဒကတော့ သိပ်မသေချာ။ မေးခွန်းတစ်ခုက လှည့်၍မေးထားသည်။

ထိုမေးခွန်းကို ကျွန်တော့်လိုပင် ကျောင်းသားကျောင်းသူ အတော်များများ ပိုင်ပိုင်နိုင်နိုင်မဖြေဆိုနိုင်။ ကိစ္စတော့မရှိပါ။ ထိုမေးခွန်းအတွက်အမှတ်ပြည့်မရနိုင်လျှင်လည်း ဂုဏ်ထူးမှတ်နားအထိတော့ ရနိုင်သည်။ မနက်ပြန်ဖြေရမည့် ဇီဝဗေဒဘာသာအတွက် ကျွန်တော်အိမ်ပြန်ရောက်ရောက်ခြင်း စာပြန်ကျက်သည်။

အရေးထဲအိမ်ပြန်ရောက်မှဝမ်းကလည်း သုံးခါတောင်သွားသည်။ သတိတရပြောစရာဆို၍ ညကထမင်းစားစဉ် သရက်သီးစိမ်းတစ်စိတ်ယူတို့လိုက်မိတာလေးပဲ ပြောစရာရှိ၏။ မေမေကျောင်းက ပြန်ရောက်ရောက်ခြင်း မေမေ့ကို ထိုကိစ္စပြောပြလိုက်သည့်အခါ မေမေတကျွန်တော့်ကိုဝမ်းပိတ်ဆေးတစ်လုံးချက်ခြင်းတိုက်သည်။ ဦး



www.burmeseclassic.com

www.burmeseclassic.com



တော့ ဓာတ်ဆားရည်တစ်ထုပ်လည်း ဖျော်ပေးသည်။

ညနေပိုင်းလောက်ရောက်တော့ ဝမ်းထပ်မသွားတော့။ ကျွန်တော်လည်း နေသာထိုင်သာရှိသွားသည်။ စာကြည့်စားပွဲထိုင်ရတာကြာတော့ ညောင်းလာသဖြင့် ခဏတဖြုတ်နားသည်။ ထိုနားနေသည့်အခိုက်မှာပင် မိုးရတီဇော်ကိုရည်းစားစာပေးဖို့သတိရသည်။ မနက်ဖြန်သည် ကျွန်တော်တို့အ. ထ. က ကျောင်းသားကျောင်းသူများ (အထူးသဖြင့် စာမေးပွဲအောင်မြင်မည့် ဟဲဟဲ . . ကျွန်တော်တို့လိုကောင်တွေ) အတွက် နောက်ဆုံးနေ့ဖြစ်သည်။

စာကြည့်စားပွဲမှာပင် ကျွန်တော်ပြန်ထိုင်ပြီး စာစရေးသည်။

မိုး/

စာမှာ မိုးဟုခေါင်းစဉ်တပ်လိုက်ပြီးမှ ထိုအခေါ်အဝေါ်အတွက် ကျွန်တော်ကျေနပ်သွားသည်။ သူမ၏နာမည်မှ မိုးသည် Rain ကိုပင်ဆိုလိုဟန်တူပါသည်။ ကျွန်တော်၏ပူလောင်နေသောနှလုံးသားကို သူမကမိုးရေးစက်ကလေးများဖြင့် ပက်ဖျန်းပြီးသောအခါ ရှဲခနဲ ရှဲခနဲအသံထွက်လာမည်လားမပြောတတ်။

ကျွန်တော်တစ်ယောက်ထဲ ပြုံးလိုက်မိပြီး စာဆက်ရေးမိသည်။

*မိုး/*

*တို့ရင်ထဲကို ဘယ်အချိန်က အချစ်တွေရောက်နေပြီလဲ မသိဘူး ..အဲဒါထက်အရေးကြီး တာက တို့နောက်မကျပါရစေနဲ့ .. တို့ရဲ့ဘဝတစ်လျှောက်လုံးကို မိုးရေဖျန်းပေးပါနော် ..မိုး ရယ် .. တို့ မိုးကိုသိပ်ချစ်တယ် ..တို့ကိုပြန်ချစ်နိုင်မလား ဟင် ..*

*တို့*

စာက တကယ့်ကိုတိုတိုလေးဖြစ်သည်။ သို့သော် ကျွန်တော့်





ဘာသာတော့ ကျွန်တော်ကျေနပ်နေမိသည်။ ကြည့်လေ။ ကျွန်တော်ပြောချင်တာအကုန်ပြောထားပြီးပြီပဲ။ စာရွက်ကလေးကို သေသေသပ်သပ်ကလေးခေါက်လိုက်ပြီး တယုတယကျွန်တော်နမ်းလိုက်မိသည်။ ပြီးတော့ စာကိုဇီဝဗေဒစာအုပ်ကြား၌ညှပ်ထားလိုက်သည်။ မနက်ဖြန်ဖြေရမည့် ဇီဝဗေဒဘာသာသည် ကျွန်တော့်အတွက်တော့ အချဉ်။ ထိုအတွက်ကြောင့်လည်း ကျွန်တော်နည်းနည်းစိတ်ပေါ့နေ၏။

ညနေစောင်းသောအခါ ဖေဖေပြန်ရောက်လာပြီး ကျွန်တော့်အခန်းထဲဝင်လာ၏။

“အခြေအနေဘယ်လိုလဲ သား . .”

“ကောင်းပါတယ် ဖေဖေ . .”

မေမေက ကျွန်တော်အစားမှားသဖြင့် ဝမ်းသုံးခါသွား၍ ဆေးတိုက်ထားကြောင်း ဖေဖေ့ကိုပြောပြနေသည်။

“ဟာ . . ဒါဆိုဆေးခန်းသွားလိုက်ဦးကွ . . တော်ကြာမနက်ဖြန်ကျမှ အဲဒီ့လိုဆက်သွားနေရင် ဒုက္ခရောက်နေဦးမယ်”

စာမေးပွဲအတွက်အနှောင့်အယှက်ဆိုသည်မှာ သည်ကိစ္စပင်ဖြစ်နေလေမည်လား ဟုကျွန်တော်တွေးလိုက်မိသည်။ ဝမ်းသွားခြင်းသည် ယခုတော့ရပ်သွားလေပြီ။ ဗိုက်ထဲမှရစ်၍နာခြင်း စသည့်လက္ခဏာမျိုးလည်းမရှိတော့။ ပြီးတော့ ဝမ်းသုံးခါသွားထားသော်လည်းမေမေကဓာတ်ဆားရည်တိုက်ထားသဖြင့် ကျွန်တော်လန်းလန်းဆန်းဆန်းလည်းရှိနေသည်။

တစ်ခုပဲပြောစရာရှိပါသည်။ နေ့စဉ်ရက်ဆက်ညဉ့်နက်ခံပြီး စာကြည့်ခဲ့သဖြင့် အိပ်ရေးတော့ပျက်နေပါသည်။ ယခုနေ စာမေးပွဲပြီးသွားလျှင် ကျွန်တော်အလုပ်ချင်ဆုံးအရာမှာ ထမင်းမစား၊ ဟင်းမစားပဲ အိပ်ရေးဝဝအိပ်ချလိုက်ဖို့ပင်ဖြစ်သည်။

ညရောက်သော် မေမေကစိတ်ပူပြီး ရပ်ကွက်ထဲကဆေးခန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသို့ ကျွန်တော့်ကိုခေါ်ကာသွားပြသည်။

"အဲဒါပါပဲ ဆရာ . . ကလေးကမနက်ဖြန်စာမေးပွဲနောက်ဆုံးဘာသာဖြေရမှာလေ . . အဲဒါဖြေရင်းနဲ့ ဝမ်းသွားမှာစိုးလို့ . ."

ဆရာဝန်သည် ကျွန်တော့်ကိုစမ်းသပ်ခုတင်ပေါ်မှာ ပက်လက်အိပ်ခိုင်းပြီး ဝမ်းဗိုက်ကိုစမ်းသပ်သည်။ ပြီးတော့ ကျွန်တော်သွားခဲ့သည့် ဝမ်းနှင့်ပတ်သက်ပြီး သူသိချင်တာတချို့ကိုမေးသည်။

"ကျွန်တော်ဆေးတစ်လုံးထိုးပေးလိုက်မယ် . . ပြီးတော့ သောက်ဆေးတွေလည်း ပေးလိုက်မယ် . . စာမေးပွဲဖြေနေရင်းနဲ့ ဗိုက်နာလာမယ်ဆိုလည်း သောက်ဖို့ဆေးထည့်ပေးလိုက်မယ်"

ဘာပဲဖြစ်ဖြစ်ဆေးခန်းလာပြမိသည့်အတွက် ကျွန်တော်စိတ်အေးသွားသည်။ အိမ်ပြန်ရောက်သော် စာကြည့်စားပွဲထိုင်ပြီး စာကြည့်ရပြန်သည်။ မေမေကလည်း ကျွန်တော့်အနားမှာလာထိုင်ပြီး အကူအညီပေးသည်။ ညဆယ်နာရီလောက်ကတည်းကစပြီး ကျွန်တော်တဝါးဝါးသမ်းမိလေသည်။ ဆယ့်တစ်နာရီခွဲသော် မျက်လုံးပင်မဖွင့်ချင်အောင်ဖြစ်လာ၏။

"အင်း . . သားအတော်အိပ်ချင်နေပြီ . . ဒီတော့ သွားအိပ်လိုက်တော့ . . မနက်ကျမှ နည်းနည်းစောစောထကျက် . ."

မေမေ့စကားဆုံးသည်နှင့် ကျွန်တော်အိပ်ရာထဲတန်းဝင်လိုက်သည်။ ခေါင်းအုံးပေါ်ခေါင်းချလိုက်သည်နှင့် တန်း၍အိပ်ပျော်သွားမိလေသည်။ နံနက်ငါးနာရီထိုးသောအခါ မေမေကကျွန်တော့်ကိုလာနှိုးသည်။ သွားတိုက်မျက်နှာသစ်ပြီးသော် စာကြည့်စားပွဲထိုင်ရပြန်သည်။ ရပြီးသားစာတွေဖြစ်လင့်ကစား ကျွန်တော်ပြန်လည်ကျက်မှတ်ရသည်။

သို့နှင့်ပင် နံနက်ခြောက်နာရီခွဲသော် မေမေကနံနက်စာစားဖို့လာခေါ်သည်။ ဖေဖေလည်း နိုးနေပြီးထမင်းပွဲမှာစောင့်နေ၏။





"လာ . . သားထိုင် ဒီနေ့နောက်ဆုံးဘာသာဆိုတော့ သားစိတ်အေးအေးဖြေနော် . . ဖေဖေ့သားကတော်ပါတယ် . . ဂုဏ်ထူးတွေလည်း အများကြီးထွက်မှာပါ"

မေမေကတော့ ကျွန်တော်ဝမ်းထပ်သွားမည်ကိုစိုးရိမ်သဖြင့် ပေါင်မုန့်ကိုမီးကင်ပြီး ထောပတ်သုတ်ပေးသည်။ ပြီးတော့ ကော်ဖီ။ ဖေဖေ့အတွက်ကတော့ ထမင်းကြော်၊ ကျွန်တော်လည်း ဗိုက်ထဲဆာသလိုလိုရှိနေသည်မို့ ပေါင်မုန့်နှစ်ချပ်၊ သုံးချပ်ယူစားပြီး ကော်ဖီသောက်လိုက်သည်။ ဖေဖေနှင့်မေမေသည် ကျွန်တော့်စိတ်အာရုံထွေပြားမှာစိုးသည့်အတွက် စကားအပိုမပြော။

နံနက်စာစားပြီးသော် ကျွန်တော်စာဆက်မကျက်တော့ဘဲ ခဏနားသည်။ စိမ်းလန်းစိုပြည်နေသော ခြံထဲကသစ်ပင်တွေကို လျှောက်ကြည့်သည်။ ယနေ့ဖြေရမည့်ဘာသာကို ကျွန်တော်ကောင်းစွာဖြေနိုင်ပါလိမ့်မည်။ ပုံမှန်အတိုင်းဖြေလျှင်ပင် နာရီဝက်ခန့်စောပြီးနိုင်ပါလိမ့်မည်။ ထားတော့ အဖြေတွေပြန်စစ်တာနှင့်ဘာနှင့်ဆိုလျှင် ဆယ့်ငါးမိနစ်လောက်တော့ စောပြီးနိုင်ပါလိမ့်မည်။

ထိုအခါ အဖြေလွှာကိုစောစောအပ်ကာ မိုးရတီဇော်ကို ကျွန်တော်သွားစောင့်နေမည်။ ပြီးတော့ လူလစ်သည်နှင့် ကျွန်တော်သူ့အတွက်ရေးထားသော ရည်းစားစာကိုပေးရမည်။ ပန်းအိုးထဲမှာပွင့်နေသော နှင်းဆီနီရဲရဲကလေးကို တယုတယကျွန်တော်လှမ်းကိုင်ကာမှ နှင်းဆီဆူးကလက်ကိုစစ်ခနဲစူးဖြစ်အောင် စူးမိလေသည်။

ကျွန်တော်ပြုံးလိုက်မိသည်။ နှင်းဆီလိုလှပသော ပန်းကလေးကို မည်သူကများ ဆူးတွေထည့်ပေးထားပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲစတင်ဖြေရမည့်အချိန်သည် ကိုးနာရီတိတိ။ ခါတိုင်းဆိုလျှင် ကျွန်တော်အိမ်မှရှစ်နာရီတိတိထွက်သည်။ ကျောင်းသို့ ဆယ့်ငါးမိနစ်ခန့်လျှောက်လိုက်ရသဖြင့် ကျောင်းကိုရောက်လျှင်စောတောင်နေသေးသည်။ ယနေ့လည်း အဆင်သင့်ပြင်ဆင်ထားပြီး ရှစ်နာရီတိတိအိမ်မှထွက်မည်အလုပ်မှာပင် ဗိုက်ကနာလာသည်။ မေမေသည် ကျွန်တော်ဗိုက်နာလာသဖြင့် အိမ်သာပြန်ဝင်သည်ကိုစိတ်အတော်ပူသွားပုံရသည်။

"ဆရာဝန်ပေးတဲ့ဆေးကို သောက်လိုက်တော့သား .. တကယ်လို့ စာမေးပွဲဖြေနေရင်းနဲ့ ဗိုက်နာလာရင်လည်း ဆရာမ‌ေ့ကို ဘာမှမကြောက်နဲ့ .. ကိုယ့်အခက်အခဲကို ရဲရဲတင်းတင်းပြောပြပြီး အကူအညီတောင်း .. ကြားလား .."

မေမေက အိမ်သာရှေ့မှာလာပြီး မှာစရာရှိတာတွေလာမှာနေသည်။ ကျွန်တော်ကတော့ စိတ်မပူပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ဖြေနိုင်ပါလိမ့်မည်။ အိမ်သာတက်ပြီးသော် မေမေကဆေးတစ်လုံးထပ်တိုက်သည်။ ပြီးတော့ ကျွန်တော့်နဖူးကိုစမ်းကြည့်၏။ ကျွန်တော့်နဖူးမှာချွေးတွေရွှဲနေသည်။





"ကျောင်းကို မေမေကိုယ်တိုင်လိုက်ပို့မယ် သား ..."

"ရတယ် မေမေ .. မေမေလည်း ကျောင်းသွားရမှာပဲ .. တော်ကြာနောက်ကျနေလိမ့်မယ် .. ကျွန်တော့်အတွက်တော့စိတ်မပူပါနဲ့ ..."

မေမေခေါင်းညိတ်သည်။ ကျွန်တော်လည်း နာရီကြည့်လိုက်မိသည်။ ရှစ်နာရီဆယ့်ငါးမိနစ်ရှိနေလေပြီ။ ယခုနေအိမ်မှထွက်ဦး ကျောင်းရောက်လျှင် ရှစ်နာရီခွဲပဲရှိဦးမည်။ စကြိုန်မှာ ကောင်မလေးတွေ စာကျက်သံဆူဆူညံညံကိုနားထောင်ရတာထက်စာလျှင်လမ်းကို အေးအေးဆေးဆေးလျှောက်သွားတာကမှ စိတ်ချမ်းသာဦးမည်။

ကျွန်တော်မေမေ့ကိုနှုတ်ဆက်ပြီး အိမ်မှထွက်ခဲ့သည်။ တဖြည်းဖြည်းနှင့်လမ်းထိပ်နားရောက်လာ၏။ ရာသီဥတုသည်အေးမြနေသည်။ ကျက်ထားသောစာတွေကို စမြုံ့ပြန်ရင်းလမ်းလျှောက်ရသည်မှာ မည်မျှအရသာရှိပါသနည်း။ လမ်းကလေးတလျှောက်တွင် လူရှင်းနေ၏။

ခရေပင်ကြီးတွေရှိရာ လမ်းကလေးသို့ရောက်လာသည်။ လမ်း၏အလယ်လောက်တွင် အဘွားကြီးတစ်ယောက်တုန်တုန်ချိချိ လျှောက်သွားနေသည်မှအပ လမ်းတလျှောက်မည်သူမျှမရှိ။ နံနက်ခင်း၏နေရောင်ခြည်သည် လမ်းပေါ်သို့ ခရေပင်တွေကြားမှ တစွန်းတစဖြာကျနေလေသည်။ ထိုအချိန်တွင်ပင် ကျွန်တော့်နောက်ဘက်မှ ကားသံကြားရသဖြင့် လမ်းဘေးသို့ နည်းနည်းဆင်းပေးပြီး နောက်လှည့်ကြည့်လိုက်သည်။ ကားအနက်ရောင်တစ်စီးသည် လမ်းအတိုင်း အရှိန်ခပ်ပြင်းပြင်းဖြင့် မောင်းလာသည်။

ချက်ခြင်းပင်ကားသည် ကျွန်တော့်ဘေးမှဖြတ်ကျော်သွားသည်။ ရှေ့ခပ်လှမ်းလှမ်းမှာ တုန်ရီချည့်နဲ့စွာ လမ်းလျှောက်နေသည့် အဘွားကြီး၏ဘေးမှကားက ရုတ်တရက်အဖြတ်တွင်မမျှော်လင့်တာ



www.burmeseclassic.com

www.burmeseclassic.com



တွေဖြစ်ကုန်တော့သည်။

"ဒုန်း . ."

အဘွားကြီးက ကားလာနေသည်ကိုမသိဘဲ ရုတ်တရက်လမ်းကိုဖြတ်အကူးတွင် ဘေးမှကပ်၍ဖြတ်သောကား၏ ဦးခေါင်းနှင့်တည့်တည့်ဝင်တိုးတော့သည်။ အရှိန်သိပ်မပြင်းသော်ငြားလည်း အဘွားကြီးသည် အတိုက်ခံလိုက်ရသောအရှိန်နှင့် ရှေ့သို့နှစ်ပတ်သုံးပတ်လဲကျသွားသည်။

လူတစ်ယောက်လုံးကို ဝင်တိုက်မိသောကားသည် ကြောင်နနဖြင့် ထိုးရပ်သွားပြီးမှ လဲနေသောအဘွားကြီးကို ကွင်းရှောင်ကာတစ်ရှိန်ထိုးမောင်းထွက်သွား၏။ ကျွန်တော်ကားနံပါတ်ကို ချက်ခြင်းမှတ်ထားလိုက်သည်။

"တောက် . ."

ကျွန်တော့်တောက်ခေါက်သံသည် အတော်ပင်ကျယ်လောင်သွားပါသည်။ မိုက်ရိုင်းလိုက်သည့်ကား။ လူမဆန်လိုက်သည့်ကား။ ခဏလေးအတွင်းမှာပင် ကျွန်တော်လည်း ခွေခွေလေးလဲနေသည့် အဘွားကြီးအနီးရောက်သွား၏။ နောက်သို့လန်၍လဲကျသောကြောင့်ထင်ပါသည်။ အဘွားကြီး၏ဦးခေါင်းမှသွေးတွေစီးထွက်လာပြီး တအင်းအင်းနှင့် ညည်းနေ၏။ အနီးပတ်ဝန်းကျင်သို့ ကျွန်တော်အကဲခတ်လိုက်သော်လည်း လမ်းတလျှောက်မည်သူမျှမရှိ။

ကျွန်တော်ဘာဆက်လုပ်ရမှန်းမသိဖြစ်သွားလေသည်။ ယခုရှစ်နာရီခွဲနေလေပြီ။ သွေးအိုင်ထဲမှာလဲနေသည့် အဘွားအို၏အနီးမှာကျွန်တော်တစ်ယောက်တည်းသာရှိသည်။ ယနေ့ဖြေဆိုရမည့် စာမေးပွဲသည် ကျွန်တော့်ဘဝအတွက်သာမက၊ အချစ်အတွက်ပါအရေးကြီးသည့်စာမေးပွဲ။

အရေးထဲလမ်းကလည်း လူပြတ်လွန်းနေသည်။ ကျွန်တော်





အဘွားအိုကိုလျစ်လျူရှုလိုက်ရကောင်းမည်လောဟု စဉ်းစားမိသည်။ သည်သို့သာဆိုလျှင် ဘာမှဆက်လုပ်နေစရာမလိုပဲ ကျောင်းသို့စိတ်အေးလက်အေးသာဆက်သွားလိုက်ဖို့ပဲရှိသည်။ ကျွန်တော့်စိတ်ထဲမှအတ္တသည်အတင်းခေါင်းထောင်ထလာ၏။ ကျွန်တော်ခြေလှမ်းတစ်လှမ်းစလှမ်းသည်။ ထိုအခါအဘွားအို၏ ညည်းညူသံကိုပို၍ကျယ်လာသလိုရှိ၏။

အဘွားအိုသည် ပြူးကြောင်ကြောင်မျက်လုံးလေးဖြင့် ကျွန်တော့်ကိုကြည့်နေသလိုရှိသည်။ အကယ်၍သာ ကျွန်တော် အဘွားအိုကိုလျစ်လျူရှုလိုက်လျှင် ဘာဖြစ်သွားနိုင်သနည်း။ သေချာတာ တစ်ခုကတော့ သွေးထွက်လွန်ပြီး သေသွားနိုင်သည်။ ဤနေရာလေးသည် လူပြတ်သဖြင့် မည်သူ၏အကူအညီကိုမျှမရနိုင်။ ဟိုရှေ့ခပ်လှမ်းလှမ်းမှာတော့ လူသွားလူသာရှိသည်။

ရုတ်တရက်ဖြစ်ပေါ်လာသော ဆုံးဖြတ်ချက်နှင့်အတူ ခွေခွေလေးလဲကျနေသည့် အဘွားအိုကိုကျွန်တော်ပွေ့ချီလိုက်သည်။ ချက်ခြင်းပင် ကျွန်တော့်အင်္ကျီအဖြူမှာသွေးတွေစွန်းပေကုန်သည်။ ကျွန်တော် ခပ်သွက်သွက်လျှောက်ဖို့ ကြိုးစားသော်လည်းမရ။ လူတစ်ယောက်၏ ခန္ဓာကိုယ်ကိုပွေ့ချီထားရသဖြင့် ခရီးမတွင်။ လမ်းမီးတိုင်တစ်တိုင် စာလောက်လျှောက်လာမိသောအခါ ကျွန်တော် ချွေးတွေ ရွှဲလာပြီး မောလာ၏။

ဘယ်နှစ်နာရီရှိနေပြီလည်း ကျွန်တော်မသိပါ။ လမ်းတလျှောက်လုံးမှာလည်း တစ်ယောက်မျှမရှိ။ အဘွားအိုကိုပွေ့ချီထားလျက် ဒယီးဒယိုင်ဖြင့်ပင် ကျွန်တော်ကြိုးစား၍ဆက်လျှောက်သည်။ အိပ်ရေးပျက်ထားသည့်ဒဏ်နှင့်ဝမ်းသွားထားသည့်ဒဏ်တို့ရောကာကျွန်တော်ဟောဟဲစိုက်နေ၏။

နောက်ဆုံးတွင် ရှေ့ကလမ်းထိပ်သို့ ကျွန်တော်ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး အဘွားအိုကိုလမ်းပေါ်မှာအသာချ၍ အကူအညီတောင်းဖို့ရှာရလေတော့သည်။ စတိုးဆိုင်ကတော့ဖွင့်နေလေပြီ။ စတိုးဆိုင်ရှိရာသို့ လျှောက်မည့်အခိုက်မှာပင် ကျွန်တော့်ဆီလျှောက်လာနေသော လူတစ်ယောက်ကိုတွေ့ရသဖြင့် ထိုလူ့ဆီသို့ခပ်သွက်သွက်ပြေးသွားပြီး အကူအညီတောင်းလိုက်သည်။

"ဟောဒီက အဘွားအိုကိုကားတစ်စီးဝင်တိုက်သွားလို့ . . တိုက်သွားတဲ့ ကားနံပါတ်က . ."

ပန်းခြံအလုပ်သမားကြီး။ ကျွန်တော်ကမမှတ်မိသော်လည်း သူက ကျွန်တော့်ကိုမမှတ်မိသဖြင့် အရာရာအဆင်ပြေသွားလေပြီ။ မောဟိုက်သဖြင့် ကျွန်တော့်ပြောပြချက်တွေကို သူကဂရုပြု၍နားထောင်နေ၏။ ပြီးမှ သူလက်ကနာရီကိုပင့်ကြည့်သည်။

"ကဲ . . ဟုတ်ပြီ သား . . အခုအရေးကြီးတာက သား စာမေးပွဲဖြေဖို့ အချိန်မီကျောင်းကိုရောက်ဖို့အရေးကြီးတယ် . . ဒီကကိစ္စကို ဦးလေးအားလုံးကြည့်လုပ်ထားလိုက်မယ်"

ကျွန်တော်လည်း ခွေခွေခေါက်ခေါက်လေး လဲနေသည့် အဘွားအိုကိုငုံ့ကြည့်လိုက်သည်။ ပြီးတော့ ကျောင်းရှိရာသို့ ခပ်သွက်သွက်ကလေးပြေးမိလေတော့သည်။ ကိုးနာရီထိုးနေလေပြီ။ ကျွန်တော့်ရင်ခုန်သံသည် တဒုန်းဒုန်းမြည်နေသည်။ ယခုအချိန်ဆိုလျှင် စာမေးပွဲ ဖြေဆိုမည့်ကျောင်းသားကျောင်းသူတွေ အခန်းထဲရောက်ကုန်လောက်လေပြီ။

ကျောင်းသို့ရောက်သောအခါ ကိုးနာရီဆယ်မိနစ်မျှရှိလေပြီ။ ကျွန်တော်အချိန်မီပါသည်။ သို့သော် ကျွန်တော့်အင်္ကျီမှာ သွေးတွေ ရွှဲနေသဖြင့် တာဝန်ကျဆရာမတွေက ထိတ်ထိတ်ပျာပျာဖြင့် ကျွန်တော့်ထံဝိုင်းလာကြသည်။ ကျွန်တော်လည်းအဖြစ်အပျက်ကို ခပ်တိုတိုပင်ရှင်းပြလိုက်မိသည်။

ထော်ဝင်မြို့ စာအုပ်တိုက်



ဆရာမများသည် တအံ့တသြနှင့်ကျွန်တော့်ကိုစာမေးပွဲခန်းသို့ လိုက်ပို့ကြသည်။ ကျောင်းသားကျောင်းသူတို့သည် သွေးတွေပေနေသော ကျွန်တော့်ကိုအကဲခတ်ကြလေသည်။ ထိုအထဲတွင် မိုးရတီဇော်ကအဆိုးဆုံးဖြစ်ပါသည်။ သူမသည် ကျွန်တော့်အတွက်စိုးရိမ်နေပုံလည်းရသည်။

"အမှန်တော့ သား ရေသွားဆေးလိုက်ဖို့ကောင်းတယ်"

တာဝန်ကျဆရာမက ကျွန်တော်တစ်ကိုယ်လုံးညစ်ပတ်ပေရေနေသဖြင့် ရေဖြင့်သန့်ရှင်းဖို့ပြောသော်လည်း ကျွန်တော့်မှာအချိန်မရ။ ယခုပင်လျှင် သူများထက်ကျွန်တော် ဆယ့်ငါးမိနစ်မျှနောက်ကျခဲ့ရလေပြီ။ ကျွန်တော့်နေရာမှာဝင်ထိုင်လိုက်ပြီး မေးခွန်းကိုလှန်ကြည့်လိုက်သည်နှင့် ကျွန်တော်ချွေးတွေပြန်လာသည်။ ယနေ့မေးခွန်းသည် လှည့်ကွက်တွေပါသော မေးခွန်းတွေပါဝင်နေလေသည်။

အဖြေတွေစဖြေဖို့ ကျွန်တော်ကြိုးစားမိလေသည်။ အရေးထဲ စောစောက ကားတိုက်ခံလိုက်ရသော အဘွားအိုကြောင့် ကျွန်တော် တုန်လှုပ်ခံစားနေရသဖြင့် စာတွေကိုကောင်းကောင်းစဉ်းစားမရ။ ကျွန်တော် ချွေးတွေပိုထွက်လာ၏။ ထို့ကြောင့် ခေါင်းအေးအေးထားပြီး စာတွေကိုပြန်စဉ်းစားသည်။ ကျက်ထားသောစာပိုဒ်အချို့ကို အစီအစဉ်အတိုင်းချရေးနိုင်သော်လည်း အချို့နေရာတွေမှာ လုံးဝစဉ်းစား၍မရတော့။

လတ်တလောဖြစ်ခဲ့ရသော အနိဋ္ဌာရုံမြင်ကွင်းနှင့်အဖြစ်အပျက်သည် ကျွန်တော့်မှတ်ဉာဏ်ကို တစ်နည်းအားဖြင့် ထိခိုက်စေခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲခန်းထဲမှ စိတ်လက်ပေါ့ပါးစွာထွက်လာသူတွေထဲမှာ ကျွန်တော်မပါပါ။ မေးခွန်းနှစ်ပုဒ်အတွက်အဖြေကို ကောင်းမွန်စွာဖြေဆိုနိုင်လိုက်သော်လည်း ကျန်သည့်မေးခွန်းတွေကိုတော့ ကျွန်တော်ပိုင်ပိုင်နိုင်နိုင်မဖြေလိုက်နိုင်သည့်အပြင် ကျွန်တော့်စိတ်ထင်တော့ အားလုံးပေါင်းအမှတ်ငါးဆယ်လောက်သာရပေလိမ့်မည်ဟု ထင်ထားမိသည်။

အဖြေလွှာကိုဆရာမလက်ထဲသို့ လေးကန်စွာထည့်လိုက်ပြီး အတန်းအပြင်သို့လေးကန်စွာကျွန်တော်ထွက်ခဲ့သည်။ ကျွန်တော့်ကို သူငယ်ချင်းတွေက ဝိုင်းအုံပြီး အဖြစ်အပျက်ကိုမေးကြသဖြင့် ကျွန်တော်လည်းခပ်တိုတိုပင် ရှင်းပြလိုက်မိသည်။ မိုးရတီဇော်လည်း ကျွန်တော့်အနားသို့ရောက်လာသည်။ သွေးတွေခြောက်နေပြီဖြစ်သော ကျွန်တော်အကျီရင်ဘတ်ကို သူမကြည့်ရင်း ကျွန်တော့်စကားကို နားထောင်နေလေသည်။

"အင်းကွာ . . မင်းကိုတော့ ငါတို့ချီးကျူးပါတယ် . . သူတကာမလုပ်နိုင်တဲ့အလုပ်ကို မင်းလုပ်ခဲ့တာပဲ . . စာမေးပွဲရော ဖြေနိုင်တယ်မဟုတ်လား . . ."





"ငါသိပ်မရဘူးကွာ . . ကျက်ပြီးသား . . ရပြီးသားတွေပေမယ့် သိပ်မဖြေနိုင်ဘူး . ."

"အောင်မှတ်တော့ရနိုင်တယ်မဟုတ်လား ဟင်"

မိုးရတီဇော်က ကျွန်တော့်အတွက်စိုးရိမ်စွာနှင့်မေးသည်။

"အင်း . . အဲဒီလောက်တော့ရမယ်ထင်တယ်"

သူမအတွက်ရေးထားသော ရည်းစားစာကို ကျွန်တော်သတိရသည်။ လူတွေကြားထဲဆိုတော့ပေး၍မဖြစ်သေး။ စာမေးပွဲသိပ်မဖြေနိုင်သဖြင့် စိတ်ထဲတွင်လေးလံနေသည်။ ပြီးတော့ ကားတိုက်ခံလိုက်ရသော အဘွားအိုး၏အခြေအနေကိုသိချင်နေ၏။ အဘွားအို့အခြေအနေမှကောင်းပါ၏လော။ ဆေးရုံသို့အချိန်မီမှ ရောက်ပါ၏လော။ လူမဆန်စွာ ကားကိုရပ်မပေးဘဲ မောင်းပြေးသော ကားဒရိုင်ဘာကို ဖမ်းမိပါ၏လော။

"ဘာပဲဖြစ်ဖြစ် မင်းအောင်မှတ်တော့ရမှာပါ . . တခြားဘာသာတွေ အမှတ်ကောင်းမယ်ဆိုရင် . . ဒီတစ်ဘာသာလောက်ကတော့မှုစရာမလိုပါဘူးကွာ . ."

"မင်းတို့ရော . . ကောင်းကောင်းဖြေနိုင်တယ် မဟုတ်လား"

"အေး . . ဖြေတော့ဖြေနိုင်ကြပါတယ်"

"မိုးရတီဇော် . ."

မိုးရတီဇော်သည် ကျွန်တော့်ကိုမော့ကြည့်သည်။

"အကုန်လုံးရတယ် မဟုတ်လား ဟင်"

"အင်း . ."

စည်သူတို့သည် တကယ်ပင်အလိုက်သိကြပါသည်၊ ကျွန်တော်မိုးရတီဇော်နှင့်လွတ်လွတ်လပ်လပ်ပြောဆို၍ရအောင် သိသိသာသာပင် ရှောင်ပေးကြသည်။

"ဟော့ကောင် . . မင်းဆွေလတ် . . တို့တွေအိမ်သာဘေး



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ဦးမယ် . . မင်းကျောင်းရှေ့က စောင့်နေ . . ”

သူတို့ထွက်သွားကြသောအခါစကြိန်မှာ ကျွန်တော်နှင့် မိုးရတီဇော်သာကျန်ခဲ့သည်။ သည့်ထက်ကောင်းသောအခွင့်အရေးကို နောင်တွင်ရနိုင်မည်မထင်သဖြင့် ကျွန်တော်လွယ်အိတ်ကိုယူကာ ရည်းစားစာထည့်ထားသော စာအုပ်လေးကိုဆွဲထုတ်လိုက်သည်။ ကြည့်စမ်း စာရွက်ခေါက်လေးထောင့်စွန်းမှာတောင် သွေးတွေစွန်းနေလေသည်။ ကျွန်တော်စာရွက်ခေါက်လေးကိုအသာဆွဲယူလိုက်၏။ ဤစာရွက်ခေါက်ကလေးသည် ကျွန်တော့်နှလုံးသားဖြစ်ပါသည်။

ယခုအချိန်၌ မိုးရတီဇော်ကို ကျွန်တော့်နှလုံးသားပေးအပ်ပါတော့မည်။

“မိုးရတီဇော် . . ”

“ဟင် . . ”

“ငါလေ . . နင့်ကိုပေးဖို့ ညကတည်းကရေးထားတာ . . ရော့”

သူမကျွန်တော့်ကိုကြည့်သည်။ လှပသော မျက်ဝန်းကလေးသည် ဝိုင်းနေ၏။ ထိုအချိန်တွင်စကြိန်ရှေ့ဘက်မှအေးအေးစိုးတို့အုပ်စုလျှောက်လာနေ၏။

“ဒါ ဘာလဲဟင် . . ”

သူမတကယ်မသိတာလား။ သို့မဟုတ်သိလျက်နှင့် မသိချင်ယောင်ဆောင်တာလား။ သို့သော် ကျွန်တော်အမှန်အတိုင်းဖြေလိုက်ပါသည်။

“ငါ့ရည်းစားစာ . . ”

သူမထံမှ ‘ဟင်’ ဟူသော အာမေဋိတ်သံကိုကြားလိုက်ရချိန်တွင် ကျွန်တော်သူမကို ကျောခိုင်းလိုက်မိပြီးဖြစ်သွားသည်။ ကျွန်တော်ခြေလှမ်းစလှမ်းသည်။ အေးအေးစိုးတို့ ကျွန်တော့်ကိုလှမ်းခေါ်သံ





ကြားရသည်။ သို့သော် ပြန်မလှည့်ကြည့်မိသလို၊ ခြေလှမ်းကိုလည်းမရပ်မိ။ ကျောင်းကြီး၏လှေကားမှ ကျွန်တော်တစ်ယောက်တည်းတိတ်ဆိတ်စွာဆင်းလာခဲ့သည်။

မွန်းတည့်နေသည် ခေါင်းပေါ်တည့်တည့်သို့ရောက်နေလေပြီ။ ကျောင်းအဝင်ရှိကုက္ကိုပင်ကြီးရှိရာသို့ ကျွန်တော်လျှောက်သွားလိုက်သည်။ ထိုခဏ၌လေးလံနေသော ကျွန်တော့်စိတ်သည် ထူးဆန်းစွာဖြင့် လွတ်လပ်ပေါ့ပါးလျက်ရှိကြောင်း သတိပြုမိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၁၀)

ကျွန်တော်ကယ်တင်ခဲ့သော အဘွားအိုအသက်ရှင်သွားကြောင်း နောက်မှသိရပါသည်။ အဖွားအိုကိုတိုက်ခဲ့သော ကားသည် နီဟိန်းတို့အိမ်မှကားဖြစ်ပြီး နီဟိန်း၏ဖခင်ကိုယ်တိုင်မောင်းခဲ့သည်ဟု သိရသည်။ သို့သော် လူမသေသဖြင့်အမှုမှာ ကျေအေးခြင်းဖြင့်သာ ပြီးဆုံးသွားလေသည်။

ကျွန်တော်ပြုမူခဲ့သောအပြုအမူအတွက် မေမေကပြုံး၍နေသော်လည်း ဖေဖေကတော့သာမုခေါ်ပါသည်။ ထို့အပြင် နောက်ဆုံးဖြေဆိုရသည့်ဘာသာ၌ စိတ်အာရုံတွေပြားသွားသဖြင့် ကောင်းစွာမဖြေဆိုလိုက်နိုင်သည်ကိုလည်း နားလည်ခွင့်လွှတ်ပါသည်။ ကျွန်တော့်လုပ်ရပ်သည် သူငယ်ချင်းတွေကြား၌ ပြောစရာကိစ္စတစ်ခုဖြစ်ခဲ့လေသည်။

အေးအေးစိုးသည် ပေဒင်ဆရာဦးကောင်း၏ပေဒင်ဟောပြောမှုမှန်ကန်ကြောင်း ဖွင့်ဟချီးကျူးသည်။ ပြီးတော့ ကျွန်တော့်ကို ယတြာမချေခဲ့သည့်အတွက် အပြစ်တင်လေသည်။ ထိုယတြာမချေ





သည့်အကြောင်းကိုပါ အေးအေးစိုးကဖောက်သည်ချသဖြင့် မိုးရတီဇော်လည်း သိသွားခဲ့သည်ဆိုပါသည်။ မိုးရတီဇော်ကို စာမေးပွဲနောက်ဆုံးနေ့မှ ယနေ့အထိ ကျွန်တော်မတွေ့ရတော့ပါ။ သူမကို ရည်းစားစာပေးဖြစ်ခဲ့သည့်အကြောင်းကို သူငယ်ချင်းတွေကိုတော့ ဖွင့်ပြောမိခဲ့ပါသည်။

"အင်း . . ငါ့စိတ်ထင်တော့ မိုးရတီဇော် မင်းကိုပြန်ချစ်လိမ့်မယ်ထင်တာပဲ . ."

စည်သူကတော့ အကောင်းမြင်သမားဖြစ်ပြီး ဝဏ္ဏကတော့ အဆိုးမြင်သမားဖြစ်ပါသည်။

'ငါကတော့ မင်းဆွေလတ်နောက်ကျသွားပြီထင်တာပဲ . . တစ်နေ့ကတောင် မိုးရတီဇော်နဲ့နီဟိန်းကိုမြို့ထဲမှာတွေ့လိုက်သေးတယ်"

မင်းမင်းကတော့ ချင့်ချင့်ချိန်ချိန်ပြော၏။

"နှစ်ယောက်တွဲသွားတိုင်းရည်းစားဖြစ်နေပြီလို့တော့ ပြောလို့မရပါဘူးကွာ . . ငါတို့ဆိုလည်း အေးအေးစိုးနဲ့လည်း နှစ်ယောက်တည်းသွားချင်တာပဲ . . ပြီးတော့ သင်းလဲ့ဝါနဲ့လည်း ဒီလိုပဲ . . ."

"ဒါပေမယ့် မိုးရတီဇော်နဲ့နီဟိန်းအတော်ကလေးရင်းနှီးနေတာကိုတော့ လက်ခံရမယ်ကွ . . မိုးရတီဇော်လည်းကွာ ဒီလိုလူမှုရေးညံ့တဲ့ကောင်ကိုအပေါင်းအသင်းလုပ်နေသေးတယ်"

"ဘာပဲပြောပြော . . အဘွားကြီးကိုတိုက်လိုက်တဲ့ကားဟာ သူ့အဖေရဲ့ကားဆိုတာပေါ်သွားတော့ ဒီကောင်နည်းနည်းရှက်သွားမှာပဲ . . မင်းဆွေလတ်က ကိုယ်ကျိုးကိုငဲ့ပြီး ကူညီခဲ့ပေမယ့် ဒီကောင့်အဖေကတော့ သရဲဘောကြောင်ပြီးထွက်ပြေးခဲ့တာကိုး . ."

ကျွန်တော်ကတော့ ဘာမှပြန်မပြောမိဘဲ သူငယ်ချင်းတွေ၏ စကားကိုသာနားထောင်ရင်း မိုးရတီဇော်ကိုလွမ်းနေမိသည်။ သူမကို



www.burmeseclassic.com

www.burmeseclassic.com



မတွေ့မမြင်ရလေမှ ပို၍တွေ့ချင်သည်။ ကျွန်တော့်ရည်းစားစာကို သူမမည်သို့သဘောထားသနည်း။ ကျွန်တော့်ကိုအထင်မကြီးသော သူမို့စာကိုဖတ်ပြီးပြီးခြင်း လျှောင်ပြုံးပြုံးလေမည်လား။

"ငါ မိုးရတီဇော်ကိုတွေ့ချင်တယ်ကွာ . . ပြီးတော့စကား လည်းပြောချင်တယ် . ."

"အင်း . . ကျောင်းကလည်း ပိတ်လိုက်ပြီဆိုတော့ တွေ့ဖို့ ကတော့ မလွယ်ဘူးကွ . . သူ့အိမ်သွားတွေ့မှပဲရမယ် . ."

မိုးရတီဇော်၏အိမ်ကိုသွားတွေ့ဖို့အရေးမှာ မလွယ်ကူသော ကိစ္စဖြစ်ပါသည်။ စာမေးပွဲကြီးပြီးစ ကာလဖြစ်သဖြင့် ကျွန်တော်တို့ သူငယ်ချင်းတွေ ငေါင်ကြောင်ကြောင်နေကြ၏။ ပြီးတော့ ပျင်းလည်း ပျင်းနေကြသည်။

"ငါတော့ မနေတတ်မထိုင်တတ်ဖြစ်နေတယ်ကွ . . စာပဲ ပြန်ကျက်ရတော့မလိုလို . . သင်္ချာတွေပဲပြန်တွက်ရတော့မလိုလိုဖြစ် နေတယ် . ."

မင်းမင်းစကားကြောင့် ကျွန်တော်တို့ရယ်လိုက်ကြပါသည်။ မိန်းကလေးတွေကတော့ တကယ့်ကိုစံပြဖြစ်၏။ စာမေးပွဲကြီးပြီးသည် နှင့် အင်္ဂလိပ်စာသင်တန်းတွေ တက်သူတက်ကြပြီး ကွန်ပျူတာသင် တန်းတွေကလည်း တက်ကုန်ကြသည်။ တချို့ကလည်း စာရင်းကိုင် ပညာတွေတက်ကုန်သည်။



ကျွန်တော့်မျက်လုံးအကြည့်တွေမမှားပါ။ မိုးရတီဇော်နှင့် နီပဟိန်း၊ ပန်းဆိုးတန်းလမ်းမှာရှိသော ကဖေးဆိုင်တစ်ဆိုင်မှာအတူ ထိုင်နေကြသည်။ ကျွန်တော့်ကို သူတို့မမြင်ကြပါ။ ကျွန်တော်က သူတို့ အလွယ်တကူမမြင်နိုင်သော ထောင့်ဘက်ကျကျစားပွဲမှာ တစ် ယောက်တည်း ထိုင်နေရာမှသူတို့ကိုလှမ်းတွေ့လိုက်ရခြင်းဖြစ်သည်။ သူတို့နှစ် ယောက်၏ဆက်ဆံရေးသည် ရင်းရင်းနှီးနှီးရှိနေပါသည်။ ချက်ခြင်းပင် ကျွန်တော့်စိတ်ထဲတွင် သည်မြင်ကွင်းကို အလိုမကျ ဖြစ်လာသဖြင့် သူတို့ကိုကျောပေးသည့်အနေအထားသို့ ပြောင်းထိုင် လိုက်သည်။

သို့သော် ထိုအခါမှပိုဆိုးတော့သည်။ ကျွန်တော့်ရှေ့မှာရှိ သော နံရံအပြည့်မှန်ကြီးကြောင့် သူတို့နှစ်ယောက်ကိုပို၍ ပီပြင်စွာ မြင်ရတော့၏။ ယနေ့နံနက်တွင် ဖေဖေကသူ့ရုံးသို့ ကျွန်တော့်ကိုခေါ် သွားပြီး အင်္ဂလိပ်စာသင်တန်းတစ်ခုတက်ဖြစ်ဖို့ စုံစမ်းပေးလေသည်။ အိမ်တွင်ထိုင်၍ပျင်းနေမည့်အတူ ကျွန်တော်ကိုယ်တိုင်က ဆိုလိုလား



www.burmeseclassic.com

www.burmeseclassic.com



လားတက်ချင်နေ၍လည်း ဖြစ်ပါသည်။ ပြီးတော့ ထိုသို့သော သင်တန်းမျိုးတစ်ခုခုတက်နေခြင်းဖြင့် မိုးရတီဇော်ကိုလည်း ရင်ထဲကခဏဖယ်ထုတ်ထား၍ရနိုင်ပါသည်။

သင်တန်းကိစ္စစုံစမ်းပြီးသောအခါ ဖေဖေကိုယ်တိုင်က ကျွန်တော့်ကိုထိုသင်တန်းသို့ သူကိုယ်တိုင်လိုက်၍ အပ်နှံပေး၏။

"ကဲ . . ရပြီသား . . မနက်ဖြန်ကစပြီး စတက်ပေတော့ . . သားသူငယ်ချင်းတွေကိုလည်း စည်းရုံးကြည့်လိုက်ဦး . . သူတို့ပါတက်မယ်ဆိုရင်တော့ သားလည်းအဖော်ရသွားတာပေါ့ . ."

"ဟုတ်ကဲ့ ဖေဖေ . ."

"ဒါဆို သားပြန်တော့ . . ဖေဖေ . . အလုပ်ပြန်သွားလုပ်လိုက်ဦးမယ် . ."

ဖေဖေနှင့်လမ်းခွဲပြီးသော် အိမ်ပြန်ရင်ပျင်းနေသဖြင့် ဤဆိုင်မှာတစ်ယောက်တည်းလာထိုင်မိခြင်းဖြစ်၏။ မိုးရတီဇော်တို့နှစ်ယောက်ရောက်နေသည်ကို ကျွန်တော်သတိမပြုမိခဲ့။ မှန်ထဲမှမြင်နေရသော သူတို့နှစ်ယောက်ကို ကျွန်တော်ကြည့်လိုက်မိပြန်သည်။ သူတို့သည် ပတ်ဝန်းကျင်ကိုမကြည့်ဘဲ စကားလက်ဆုံကျနေကြ၏။ ကျွန်တော်နှင့်သီးစွာခံစားရပါသည်။

နီဟိန်းကို ကျွန်တော်မယှဉ်သာအောင်ဖြစ်ခဲ့ရလေပြီ။ ကျောင်းသင်ခန်းစာတွေမှာ သူတို့ကိုမီနိုးနိုးမျှော်လင့်ချက်ဖြင့် ကျွန်တော်ကြိုးစားခဲ့သည်။ သို့သော် တတိယဖြင့်သာကျေနပ်ခဲ့ရသည်။ သူတို့ကိုမကျော်။ ထို့အပြင် အရေးအကြီးဆုံးအချက်မှာ စာမေးပွဲကြီး၌ ကျွန်တော်သူတို့နှစ်ယောက်လောက် အမှတ်မကောင်းတော့မည်မှာ သေချာသလောက်ရှိနေလေပြီ။ ထိုအခါ မိုးရတီဇော်ဝင်ခွင့်ရမည့် တက္ကသိုလ်သို့ ကျွန်တော်ဝင်ခွင့်မရနိုင်တော့။

ကျွန်တော်ဝမ်းနည်းလာလေသည်။ ပြီးတော့ သူတို့နှစ်





ယောက်ပြုံးကာရယ်ကာ စကားပြောနေသည့်မြင်ကွင်းကိုလည်း မကြည့်ရက်နိုင်ဖြစ်လာသည်။ ကျွန်တော်ရှုံးနိမ့်သူဖြစ်သွားလေပြီ။ မိုးရတီဇော်ကိုပေးခဲ့သော ကျွန်တော့်ရည်းစားစာလေးအတွက် မျှော်လင့်ချက်မဲ့သွားလေပြီ။ ဗေဒင်ဆရာဦးကောင်းဟောပြောခဲ့သော မင်းလွမ်းရလိမ့်မယ်ကွ ဟူသောဟောပြောချက်သည် သွေးထွက်အောင်ပင် မှန်ခဲ့လေပြီ။

ကျွန်တော်ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်။ ပြီးတော့ သူတို့နှစ်ယောက် ကျွန်တော့်ကိုမမြင်အောင်ကိုယ်ကို ခပ်ကွယ်ကွယ်ပြုပြီး ဆိုင်ထဲမှထွက်ခဲ့သည်။ ဆိုင်ပြင်ရောက်သောအခါ ကျွန်တော့်ရင်ထဲဟာနေ၏။ ဘယ်သွားလို့ဘာလုပ်ရမှန်းလည်းမသိတော့သဖြင့် ပလက်ဖောင်းပေါ်မှာ ခြေဦးတည့်ရာကိုသာလျှောက်နေမိ၏။

ပလက်ဖောင်းပေါ်မှာလမ်းသွားလမ်းလာတို့ဖြင့် စည်ကားနေသည်။ လျှပ်စစ်အသုံးအဆောင်ပစ္စည်းတွေ၊ စတိုးဆိုင်တွေကိုကျော်လာသည်။ ပူပြင်းသောနေရောင်ကြောင့် ကျွန်တော့်တစ်ကိုယ်လုံးချွေးတွေရွှဲလာ၏။ မိုးရယ် ရက်စက်လိုက်တာ။ တို့အပေါ်မှာ သံယောဇဉ်လေးနည်းနည်းတောင်မရှိဘူးလား ဟင်။ ရင်ထဲမှာစကားတွေပြောရင်း ဦးတည်ရာမဲ့ လမ်းလျှောက်သည်။ ထိုအခိုက်မှာပင် အေးအေးစိုးနှင့် ရင်ဆိုင်တိုးမိလေတော့သည်။

"ဟယ် . . မင်းဆွေလတ် . . နင်ဘယ်ကလှည့်လာတာလဲ"

"ငါ အင်္ဂလိပ်စာသင်တန်းတစ်ခုတက်မလို့လာအပ်တာဟ . . မနက်ဖြန်စတက်ရမယ် . . နင်ရော . . ဘယ်ကလာတာလဲ . ."

"ငါလည်း စာရင်းကိုင်ပညာလာတက်တာ . ."

"နင် စာရင်းကိုင်မကြီးလုပ်တော့မယ်ပေါ့"

"ငါက နင်တို့လောက်အမှတ်ကောင်းမှာမဟုတ်ဘူးဟ . . ဒါကြောင့် အခုကတည်းက လုပ်သင့်တာတွေကြိုလုပ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"နင် မိုးရတီဇော်နဲ့တွေ့သေးလား"

ကျွန်တော် မိုးရတီဇော်ကိုကြိုက်နေကြောင်း သူမသိနှင့်နေလေပြီ။ ထို့ကြောင့် သူမပြုံးလေသည်။

"မတွေ့ဘူးဟ . . ဒါပေမယ့် မိုးရတီဇော်နဲ့နီဟိန်းအရမ်းတွဲနေတယ်ဆိုတဲ့ သတင်းတွေတော့ကြားတယ် . . နင်စိတ်မလျှော့ဘူးလား . ."

မြင်းအကန်ခံရပြီးမှ ဆင်ကတက်နင်းလိုက်သလိုခံစားလိုက်ရသည်။ ကျွန်တော်သက်ပြင်းတစ်ချက်ချလိုက်မိသည်။ အေးအေးစိုးကဆက်ပြော၏။

"မိုးရတီဇော်ကလည်းဟယ် . . နီဟိန်းလိုကောင်မျိုးကိုများ အရေးလုပ်တွဲနေသေးတယ် . . ငါတို့ကတော့ အဲဒီကောင်ကိုသိပ်ကြည့်မရဘူး . ."

ကျွန်တော့်မှာပြောစရာစကားတွေ ဘာမှမရှိသဖြင့် အေးအေးစိုးပြောတာတွေကိုပင် ငြိမ်၍နားထောင်နေလိုက်မိသည်။ ခဏနေတော့ အေးအေးစိုးက ကျွန်တော့်ကိုနှုတ်ဆက်ပြီး ထွက်သွားသည်။ မကြာမီသင်္ကြန်ကျတော့မည်။ သင်္ကြန်ကျပြီး နှစ်လလောက်ကြာလျှင် ကျွန်တော်တို့ဆယ်တန်းအောင်စာရင်းအတွက် စိုးရိမ်လာပြန်သည်။ အကယ်၍ မပြောကောင်းမဆိုကောင်း စာမေးပွဲကျသွားသည်ရှိသော် အောင်မှတ်ရလိမ့်မည်ဟု မျှော်လင့်မိသော်လည်း သေချာပေါက်တော့ မမှန်းရဲ။

ဘယ်မှသွားစရာမရှိသည့်အတူ အိမ်သို့သာတန်းပြန်လာခဲ့သည်။ အိမ်ရောက်တော့ မေမေကပြန်မရောက်သေး။ ထို့ကြောင့် အဝတ်အစားပင်မလဲမိဘဲ ခုတင်ပေါ်မှာဝင်လှဲသည်။ စကားလက်ဆုံကျနေသော မိုးရတီဇော်နှင့်နီဟိန်းတို့နှစ်ယောက်ကိုမျက်စိထဲပြန်မြင်လာပြန်သည်။ ရင်ထဲတွင်တင်းကျပ်နေ၏။ အချစ်အတွက်





ကြေကွဲလွမ်းဆွတ်ရခြင်းဝေဒနာသည် ဆိုးရွားလွန်းလှပသည်။ ယခင်က အချစ်ဟူသည် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာများသာဖြစ်သည်ဟူသော အထင်သည်မှားခဲ့လေပြီ။

အိပ်ရာမှခဏနားပြီး ကျွန်တော်ထမင်းထစားသည်။ သည်အတိုင်းနေရသည်ထက် ရင်ထဲကဝေဒနာကိုသူငယ်ချင်းတို့အားဖွင့်ပြောလိုက်ခြင်းဖြင့် ပို၍သက်သာသွားနိုင်ဖွယ်ရှိသည်ဟု တွေးမိပြီး စည်သူတို့ထံထွက်ခဲ့သည်။ ပြီးတော့ သူတို့အားလုံးကိုခေါ်ပြီး လက်ဖက်ရည်ဆိုင်သွားထိုင်ကြသည်။

"ငါမနက်ဖြန်ကစပြီး အင်္ဂလိပ်စာသင်တန်းတစ်ခုတက်မလို့ကွ . . ငါ့အဖေလိုက်အပ်ပေးတယ် . . မင်းတို့ရောတက်မလား . ."

"ကောင်းသားပဲကွာ . . ငါတို့စဉ်းစားလိုက်ဦးမယ် . ."

မြို့ထဲက လက်ဖက်ရည်ဆိုင်မှာ မိုးရတီဇော်နှင့်နီဟိန်းအတူတွေ့ခဲ့သည့်ကိစ္စဆက်ပြောပြလိုက်သည်။

"အင်း . . ဒါ့ကြောင့် မင်းမျက်နှာပျက်နေတာကိုး . . အေးကွာ . . ငါ့သူငယ်ချင်းလည်း စတောင်မစရသေးဘူး . . ပေထိဆိုတာနဲ့ကွဲနေပြီ . ."

သူတို့တွေသည် ထိုကိစ္စကိုတစ်ယောက်တစ်ပေါက်ဝေဖန်ကြသည်။ ကျွန်တော်လည်း ဘာဆက်လုပ်ရမှန်းမသိသည့်အကြောင်းကို သူတို့ကိုဖွင့်ဟတိုင်ပင်မိသည်။

"အကောင်းဆုံးကတော့ မင်း . . မိုးရတီဇော်ကိုမေ့လိုက်တော့ကွာ . ."

"ဟုတ်တယ်ကွ . . တက္ကသိုလ်ရောက်ရင် မင်းရည်းစားတစ်ယောက်ရကိုရမှာပဲ . ."

"သူနဲ့မတွေ့အောင်ရှောင်နေလိုက်ကွ . . အဲဒါဆို မင်းသိပ်ခံစားရမှာမဟုတ်ဘူး . ."



www.burmeseclassic.com

www.burmeseclassic.com



မိုးရတီဇော်ကိုမေ့ဖို့ဆိုသည့်ကိစ္စသည်ဖြစ်နိုင်ပါမည်လား။ ညရောက်သော် ဘာမှလုပ်စရာမရှိသဖြင့် ဒီဗီဒီဇာတ်ကားတွေထိုင်ကြည့်သည်။ ညဉ့်နက်သော် ဆီးသွားချင်လာသဖြင့် ဆီးထသွားသည်။ ဖေဖေမေမေတို့အခန်းရှေ့အရောက်တွင် စကားခပ်တိုးတိုးပြောသံကြားသဖြင့် ပွင့်နေသောတံခါးမှအထဲသို့ကြည့်လိုက်မိသည်။ ကျွန်တော်ငယ်ငယ်က မြင်ဖူးထားသည့်မြင်ကွင်း၊ မေမေက ဖေဖေ့ကိုကန်တော့နေလေသည်။

ထိုအခါ မိုးရတီဇော်ကိုသတိရလိုက်မိပြန်သည်။



ကံတြားမှာကပင်လျှင် ကျွန်တော်သည့်ထက်ပိုခံစားရဖို့၊ သည့်ထက်ပိုလွမ်းရဖို့ဖန်လာလေသည်လားမသိ။ မိုးရတီဇော်သည် ကျွန်တော်တက်သည့် အင်္ဂလိပ်စာကျူရှင်ကိုလိုက်တက်လေသည်။ ကျွန်တော့်သူငယ်ချင်းတွေကတော့ ကွန်ပျူတာသင်တန်းကိုပိုစိတ်ဝင်စားကုန်ကြပြီး ကွန်ပျူတာသင်တန်းတွေတက်ကုန်၏။ အမှန်ကတော့ သည်ကိစ္စ၏တရားခံက အေးအေးစိုး။ သူမက မိုးရတီဇော်နှင့်တွေ့သည့်အခိုက် ကျွန်တော်အင်္ဂလိပ်စာသင်တန်းတက်မည့်အကြောင်းပြောပြလိုက်သည်။

အဲဒီမှာတင် မိုးရတီဇော်က ကျွန်တော့်သင်တန်းကိုလိုက်တက်သည်။ စည်သူတို့က ထိုကိစ္စအတွက်ကျွန်တော့်ကို အကောင်းလက်ကျဏာဆောင်သော၊အပြုသဘောဆောင်သောစကားတွေပြော၏။

“ငါ့စိတ်ထင်တော့ ဒီကိစ္စဟာ မင်းအတွက်တော့ အစာငင်္ဂါတုန်း၊ အိမ်သာတွင်းထဲကျတဲ့ ခွေးတစ်ကောင်လိုဖြစ်သွားလိမ့်မယ်”

“ဟာ . . စည်သူကလည်းကွာ . . မင်းဥပမာကြီးကလည်း ဆိုးလိုက်တာ . . ဒီလိုဥပမာပေးကွ . . ဗိုက်ဆာနေတဲ့ခွေး . . ဆေးလည်သံကြားလို့ဝမ်းသာဆိုတာလို . .”



www.burmeseclassic.com

www.burmeseclassic.com



"ဆိုးလိုက်တဲ့ဥပမာကွာ . . ဒီလိုပြောရတယ်ကွ . . အမဲရိုးပျောက်လို့ စိတ်ညစ်နေတုန်း အီးပုံတွေ . . "

"ခွေးကောင်တွေ . . "

ကျွန်တော်ဆဲလိုက်သောအခါ သူတို့ တဟားဟားရယ်ကြသည်။

"ဘာပဲဖြစ်ဖြစ် . . မင်းအတွက်တော့ အခွင့်အရေးပဲ မင်းဆွေလတ် . . "

ကျွန်တော် ခေါင်းခါလိုက်မိသည်။ မိုးရတီဇော်နှင့်ကျွန်တော် သင်တန်းတစ်ခုတည်းတက်ရရုံနဲ့ ကျွန်တော့်အတွက် အခွင့်အရေးဖြစ်ရရောလား။ အချစ်ရေး၌ ကျွန်တော်နောက်ကျသွားလေပြီ။ ယခုအချိန်၌ မိုးရတီဇော်၏နှလုံးသားထဲ၌ နီဟိန်းသာရှိပါလိမ့်မည်။ ထို့အတွက်ကြောင့် မိုးရတီဇော်ကို ကျွန်တော်ရင်မဆိုင်ချင်။ အင်္ဂလိပ်စာသင်တန်းနောက်တစ်ခုသို့ ပြောင်းတက်ချင်သည့်စိတ်ပင်ဖြစ်နေသည်။

မိုးရတီဇော်နှင့် ကျွန်တော်အတူသွားမထိုင်ပဲ သင်တန်းရှိ အခြားယောကျ်ားလေးသူငယ်ချင်းများနှင့်သာ နောက်ဘက်ခပ်ကျကျမှာထိုင်၍လည်းကောင်း၊ သင်တန်းချိန်ပြီးဆုံးသည်နှင့်သူမကိုစောင့်မနေတော့ဘဲ ကြိုတင်ရှောင်ထွက်သွား၍လည်းကောင်း၊ မိုးရတီဇော်ထိုင်နေသည့်နေရာကို တိုက်ရိုက်မမြင်ရသည့်နေရာတွင် ထိုင်၍လည်းကောင်း ကျွန်တော်နေခဲ့၏။ မိုးရတီဇော်သည် ကျွန်တော်ထိုသို့ဖြစ်နေသည်ကို ရိပ်မိပုံရပါသည်။

တစ်နေ့တွင် ဆရာမှသင်ခန်းစာရွက်တွေလိုက်ဝေပေးနေခိုက် သူမကနေရာမှထကာ ကျွန်တော့်ဆီခပ်သွက်သွက်လာလေသည်။

"မင်းဆွေလတ် . . အတန်းချိန်ပြီးရင် တန်းပြန်မသွားနဲ့ဦး





. . တို့ကိုစောင့်ပြောစရာစကားတွေရှိတယ် . . "

ကျွန်တော်အင်းမလုပ် အဲမလုပ်ဘဲနေလိုက်မိသည်။ အတန်းချိန်ပြီးခါနီးတွင် ကျွန်တော်ဘာဆက်လုပ်ရမည်လည်း ခပ်သွက်သွက်စဉ်းစားလိုက်သည်။ သူမတွင်ပြောစရာစကားတွေရှိနေသည် ဆိုသည်မှာ မည်သည့်စကားတွေဖြစ်သနည်း။ ကျွန်တော်ထင်တာကတော့ သူမတွင် နီဟိန်းရှိနေပြီဖြစ်ကြောင်း၊ ကျွန်တော်နောက်ကျသွားပြီဖြစ်ကြောင်း ကျွန်တော်နောက်ကျသွားမည်ဖြစ်သဖြင့် ကျွန်တော့်ကိုဆောရီးလုပ်လိုက်မည်။ ပြီးလျှင် ယခုကဲ့သို့ ကျွန်တော်က သူမကိုရှောင်မနေဘဲ ယခင်ကလို သူငယ်ချင်းတွေအဖြစ်သာပြန်နေခိုင်းမည်။

သည်စကားတွေကို ကျွန်တော်ကြားရမည်လား။ အတွေးတွေနှင့်ပင် ရင်ထဲမချိအောင်ခံစားရလေသည်။ ထို့ကြောင့် အတန်းချိန်ပြီးသောအခါ သူမကိုစောင့်မနေတော့ဘဲ ခပ်သွက်သွက်ပင်ရှောင်ခဲ့မိပြန်သည်။ အရာရာတွင်သတ္တိရှိသော ကျွန်တော်သည် အချစ်ရေး၌အဘယ့်ကြောင့် သရဲဘောနည်းနေရသနည်းဟု ကျွန်တော့်ကိုယ်ကျွန်တော် ပြုံးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## (၁၁)

ပလက်ဖောင်းပေါ်မှာ တစ်ယောက်တည်း လျှောက်နေစဉ် ကျွန်တော့်အနီးမှာ ကားအနက်လေးတစ်စီးက ထိုးရပ်သွားသဖြင့် ကျွန်တော်လှမ်းကြည့်လိုက်သောအခါ နီဟိန်းတို့အိမ်ကကားဖြစ်နေသည်။ နီဟိန်းသည် ကားရှေ့ခန်းတံခါးကိုဖွင့်လိုက်ပြီး အောက်သို့ဆင်းသည်။ ကားသည်ဆက်မောင်းသွား၏။ သူ ကျွန်တော့်နံဘေးလာရပ်သည်။ ကိုရင်ဝတ်ပြီးကာစဖြစ်သဖြင့် သူ့ဦးခေါင်းသည် ပြောင်ပြောင်လက်နေ၏။

"သင်တန်းသွားမလို့လား မင်းဆွေလတ် . ."

"အေး . ."

ကျွန်တော်ခပ်ပြတ်ပြတ်ပင်ဖြေလိုက်မိသည်။

"အချိန်တော့ စောပါသေးတယ် . . တို့သူငယ်ချင်းနှစ်ယောက် စကားအေးအေးဆေးဆေးမပြောရတာကြာပြီ . . လာကွာ . တစ်ခုခုစားရင်း စကားပြောကြရအောင် . ."

ကျွန်တော်သူ့စကားကြောင့် ခပ်တွေတွေဖြစ်သွားမိသည်။





သည်ကောင့်မှာလည်း မိုးရတီဇော်ကဲ့သို့ပင် ပြောစရာတွေရှိနေလေမည်လား . ငါနဲ့မိုးရတီဇော်ကြိုက်နေကြပြီကွဟု အစချီသောစကားတွေပြောလာလေမည်လား။ ကျွန်တော် သူ့မျက်နှာကိုတစ်ချက် အကဲခတ်လိုက်သော် သူကကျွန်တော့်ကိုတည်ငြိမ်စွာပြန်ကြည့်နေ၏။

"ကောင်းပြီလေ . . ဘယ်ဆိုင်ထိုင်ကြမလဲ . ."

သူက ကျွန်တော့်ပခုံးကိုဖက်၍ ဟိုဆိုင်သွားရအောင်ဟုပြောသည်။ တစ်ခါက မိုးရတီဇော်နှင့်သည်ကောင်ထိုင်ခဲ့သည့်ဆိုင်။ ကျွန်တော့်စိတ်ထဲတွင် တမျိုးဖြစ်သွား၏။ သို့သော် မငြင်းဖြစ်ပဲသူနှင့်အတူလိုက်ခဲ့သည်။ ဆိုင်ထဲရောက်တော့ သူကကောင်တာမှာ စားစရာမုန့်နှင့်နို့စတော်ဘယ်ရီဖျော်ရည်နှစ်ခွက်သွားမှာပြီး ယူလာသည်။ ပြီးတော့ ကျွန်တော့်ဘက်သို့ မုန့်နှင့်စတော်ဘယ်ရီခွက်ကိုတွန်းပို့သည်။

"အောင်စာရင်းတွေ ဘယ်တော့ထွက်မယ်ကြားလဲ"

"မသိဘူး . ."

သည်ကောင်ရယ်လေသည်။

"အေးကွာ . . စာမေးပွဲနောက်ဆုံးနေ့က ငါ့အဖေရဲ့လုပ်ရပ်ကြောင့် မင်းကိုငါတောင်းပန်ပါတယ်ကွာ . . အဖေ့ကိုလည်း မင်းလုပ်ရပ်အကြောင်း ငါပြန်ပြောပြလိုက်တယ် . . အဖေလည်း အတော်ပင်နောင်တရသွားတယ် . . မင်းကတော့ တစ်ကျောင်းလုံးမှာ သူ့ရဲ့ကောင်းဖြစ်သွားတယ်"

ကျွန်တော် သူ့ကိုဖျတ်ခနဲကြည့်လိုက်မိပြန်သည်။

"သူ့ရဲ့ကောင်းဖြစ်ဖို့တမင်ရည်ရွယ်ပြီး ဒီလိုလုပ်ခဲ့တာ မဟုတ်ဘူး . ."

"အေးပါကွာ . . ငါသိပါတယ် . . ကောင်မလေးတွေကလည်း မင်းကို အရမ်းချီးကျူးကြပြီး ငါ့ကိုတော့ အရမ်းရှုံ့ချကြတယ်"

"အမှန်ကတော့ မင်းနဲ့တော့ ဒီကိစ္စမဆိုင်ဘူးကွ . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဖေရဲ့အရှိန်ဟာ ငါ့ကိုတော့ရိုက်ခတ်တာပေါ့ကွာ . . အင်း . . မင်းကတော့ ငယ်ငယ်ကတည်းက မှန်ရာကိုလုပ်ရဲတဲ့ကောင်ပဲ . . ဘာပဲဖြစ်ဖြစ် မင်းကိုငါချီးကျူးပါတယ်ကွာ . . ဪ . . ဒါနဲ့ မင်းနဲ့မိုးရတီဇော်နဲ့ အင်္ဂလိပ်စာသင်တန်းအတူတူတက်နေတယ်ကြားတယ် . . ကောင်မလေးကလှတယ် . . မင်းကိုလည်း စိတ်ဝင်စားနေပုံရတယ်"

မြတ်စွာဘုရား ဘာတွေဖြစ်ကုန်ပြီလဲ . . သည်ကောင့်ဆီက မထင်တာတွေကြားနေရသည်။ နီဟိန်းသည် ကျွန်တော့်မျက်နှာရိပ်မျက်နှာကဲကိုကြည့်ပြီးပြုံး၏။

"ငါအခု ပတ်စပို့ဒ်လျှောက်ထားတယ်ကွ . . ပြီးရင် စင်္ကာပူမှာကျောင်းသွားတက်မယ် . . တို့ညီအစ်ကိုနှစ်ယောက်စလုံးပဲဆိုပါတော့ကွာ . . စင်္ကာပူမှာ ကျောင်းနေဖို့ကို ငါတို့အဖေကအရင်ကတည်းက စီစဉ်ထားတယ် . . ဪ . . မင်းကိုပြောရဦးမယ် . . မိုးရတီဇော်ရဲ့ အစ်ကိုတစ်ယောက်ကလည်း စင်္ကာပူမှာကျောင်းသွားတက်နေတယ်ကွ . . အဲဒါနဲ့ကွာ . . ငါလည်း အဲဒီ့ကိစ္စတွေသိရဖို့ မိုးရတီဇော်နဲ့ ရင်းရင်းနှီးနှီးပေါင်းရတော့တာပေါ့ . . သူ့အစ်ကိုဆီက တို့သိချင်တာတွေသိရဖို့ မိုးရတီဇော်က အတော်ကလေးကိုကူညီပေးတယ် . . အီးမေးလ်ပို့တာတွေ . . တယ်လီဖုန်းဆက်တာတွေက အစပေါ့ . . အဲဒီ့တော့ တို့ကိုသူများတွေကအတွဲဖြစ်နေပြီလို့တော် ထင်ကြတယ် . . အမှန်က တို့နှစ်ယောက်စလုံး တကယ့်ကိုရိုးရိုးသားသားကွ . ."

ကျွန်တော်ရင်တွေခုန်လာသည်။ သိချင်စိတ်ဖြင့် ဖျတ်ခနဲမေးမိသည်။

"မိုးရတီဇော်ရော . . စင်္ကာပူမှာ ကျောင်းသွားတက်မှာလား"

သူ တဟင်းဟင်းရယ်လေသည်။

"သူက ဒီမှာသံယောဇဉ်ရှိနေတာကိုးကွ . . စင်္ကာပူဘယ်





သွားမှာလဲ . ."

"သံယောဇဉ် ဟုတ်လား . ."

"အေးကွ . . ငါသူ့ကိုစင်္ကာပူမှာ ကျောင်းသွားတက်ဖို့ကို ကိုးတန်းနှစ်ကတည်းက စည်းရုံးဖူးတယ် . . ဒါပေမယ့် သူကဆရာဝန်မကြီးဖြစ်အောင်ကြိုးစားမယ်တဲ့ . . သူ့အဖေက ဆေးလိုင်းမဝင်ရင်တော့ သူ့အစ်ကိုလိုပဲ စင်္ကာပူမှာကျောင်းတက်ရမယ်ပြောတယ် . ."

ကျွန်တော်နားမလည်။ နီဟိန်းက ဆက်ပြော၏။

"မင်းသဘောမပေါက်ဘူးထင်တယ် . . သူဒီမှာပဲနေချင်လို့ ဆေးတက္ကသိုလ်ဝင်အောင်ကြိုးစားခဲ့တာ . . အဲဒါ ဘာကြောင့်လို့ မင်းထင်သလဲ . ."

"ဘယ်သိပါ့မလဲ . ."

ရင်ခုန်သံတွေတဖြည်းဖြည်း ပိုမြန်လာသည်။

"တို့အတန်းထဲက သူ့ရဲကောင်းယောကျ်ားလေးတစ်ယောက်အကြောင်းကို သူခဏခဏငါ့ကိုပြောတယ် . . အဲဒီ့ကောင်ရဲ့ ကိုယ်ကျင့်တရား . . ရိုးသားမှု . . ယောကျ်ားပီသမှု . . သူတစ်ပါးအပေါ်ကူညီတတ်မှု . . ဟာ . . အများကြီးပါပဲ . . ငါဖြင့်မှတ်တောင်မမှတ်မိတော့ဘူး . . အင်း . . နေဦးကွ . . မိုးတွေသည်းတဲ့နေ့တုန်းက မိုးရတီဇော်ကို မိုးစိုမှာစိုးလို့ သူ့ထီးပေးလိုက်တာတို့ . . မြောင်းထဲမှာကျနေတဲ့ ခွေးပေါက်စလေးတွေကိုကယ်တင်ပေးလိုက်တာတို့ . . အောင်ကျော်စိုးအမေဆေးရုံတက်ဖို့ ကြိုးစားပေးတာတို့ စာမေးပွဲဖြေတဲ့နေ့က အဘွားကြီးတစ်ယောက်ကားတိုက်ခံရတာ ကူညီလိုက်တာတို့"

ကျွန်တော်ပြုံးကာဖြတ်၍ ပြောလိုက်သည်။

"မင်း . . ရှေ့နေလိုက်ခ ဘယ်လောက်ရလဲ ဟေ့ကောင်"

သည်ကောင်ရယ်လေသည်။ ပြီးတော့ ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့နေလိုက်ခကတော့ အလကားပဲကွ . . ဩော် . . နောက်တစ်ခုရှိသေးတယ် . . အဲဒီ့သူရဲကောင်းတက်နေတဲ့အင်္ဂလိပ်စာကျူရှင်ကိုလည်း သူလိုက်တက်သေးတယ်"

ကျွန်တော်ကြည်နူးစွာဖြင့် ရယ်ချလိုက်မိသည်။ ပြီးမှ . .

"အဲဒီ့ကောင်ကို မိုးရတီဇော်က အထင်မှမကြီးတာ . ."

"မဆိုင်ဘူးကွ . . မိန်းကလေးတွေဟာ ကျောင်းစာတော်မှအထင်ကြီးတာ မဟုတ်ဘူး . . သူတို့ရဲ့စိတ်ဟာမှန်းရခက်ပါတယ်ကွာ . . ဒါပေမယ့် . . လပတ်စာမေးပွဲမှာ မင်းတတိယရတော့ သူပြုံးနေတာပဲ . . သူပထမရတာထက်တောင် ဝမ်းသာနေသေးတယ်"

"ဟေ့ကောင် နီဟိန်း . ."

"ဘာလဲကွ . . မင်းဆွေလတ် . ."

"မင်းမှန်မှန်ဖြေ . . မင်းရော . . ဒီလောက်လှတဲ့မိုးရတီဇော်အပေါ် စိတ်မလှုပ်ရှားဘူးလား"

"ဟား . . . ဟား . ."

"ဘာရယ်တာလဲကွ . ."

"ငါတို့က တရုတ်စပ်တယ်ကွ . ."

"ဘာဆိုင်လို့လဲ . . ."

"ငါတို့အဖေက ငါတို့ညီအစ်ကိုနှစ်ယောက်အတွက်အစောကြီးကတည်းက မိန်းမရှာထားတယ် . . ငါလက်ထပ်ရမှာက မကျင်စွိ . . ငါ့အစ်ကိုလက်ထပ်ရမှာက မကျင်စွမ်း ဟား . . ဟား . . အဲဒီ့တော့ အမှန်အတိုင်းဝန်ခံရရင် မိုးရတီဇော်အပေါ်မှာ သူငယ်ချင်းတစ်ယောက်ထက်မပိုဘူး . ."

လောကကြီးသည်ရယ်စရာကောင်းလာပြန်သည်။ ကျွန်တော်နာရီကြည့်လိုက်သည်။ နီဟိန်းက ပြုံးတုံ့တုံ့နှင့်ပြောဏ်။

"သင်တန်းချိန်တော့ မမီတော့ဘူး ထင်တယ် . . ကျောင်း





ဆင်းမှပဲ သွားစောင့်နေတော့ကွ . ."

ကျွန်တော်ခေါင်းခါပြီး မတ်တတ်ထရပ်လိုက်သည်။ ကျွန်တော့်မျက်နှာစပ်ဖြီးဖြီးဖြစ်နေလိမ့်မည် ထင်ပါသည်။

"ဒီနေ့ သင်ခန်းစာတွေအရေးကြီးတယ်ကွ . . လွတ်သွားလို့မဖြစ်ဘူး . . မင်းကို ကျေးဇူးတင်တယ်ကွာ . . မင်းမသွားခင်တို့တွေ တွေ့ကြသေးတာပေါ့ . . အခုတော့ ငါသွားလိုက်ဦးမယ်"

"ဟေ့ကောင် . . မုန့်လည်းမစား . . စတော်ဘယ်ရီလည်းမသောက်ပါလား"

"မင်းပဲ နှစ်ယောက်စာ စားလိုက်တော့ကွာ . ."

"ခွေးကောင် . ."

ကျွန်တော်ဆိုင်ထဲမှမြန်မြန်ထွက်သည်။ သင်တန်းရှိရာသို့သွားနေတာ ခြေထောက်တွေကနှေးနေသလိုထင်မိသည်။ ကျွန်တော်နာရီဝက်ခန့်နောက်ကျနေလေပြီ။ သို့နှင့်ပင် စာသင်ခန်းထဲသို့ကျွန်တော်ရောက်သွားသည်။ မိုးရတီဇော်သည် ပန်းနုရောင်အင်္ကျီလေးဝတ်ထားပြီး ရှေ့ဆုံးတန်းမှာထိုင်နေသည်။ စာသင်ချိန်ကိုစောင့်ရသည်မှာ စိတ်မရှည်စရာကောင်းလှသည်။ ကျွန်တော်လည်း စိတ်တွေလှုပ်ရှားနေသဖြင့် သင်ခန်းစာတွေထဲ အာရုံဝင်စားမရဖြစ်နေသည်။

မိုးရွာတော့မည်လားမသိ။ ကောင်းကင်တွင် မိုးတိမ်တွေမည်းနက်နေ၏။ မိုးရတီဇော်သည် ကျွန်တော်ရောက်နေမှန်းမှသိပါလေစ။ ကျွန်တော်ထိုင်နေသည့်နေရာသို့တစ်ချက်ကလေးမှလှည့်မကြည့်။ စာသင်ချိန်မြန်မြန်ကုန်ပါစေဟု ဆုတောင်းရင်းနှင့်ပင် စာသင်ချိန်ကုန်ဆုံးသွားတော့၏။ ကျောင်းသူကျောင်းသားတွေအခန်းထဲမှအလျှိုလျှိုထွက်ကုန်ကြသည်။

ကျွန်တော်ကတော့စကြံန်မှာရပ်ပြီး မိုးရတီဇော်ကိုစောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ခဏနေတော့ သူမထွက်လာသည်။

"မိုးရတီဇော် . ."

သူမသည် ကျွန်တော့်ကိုတစ်ချက်ကြည့်ပြီး ဆက်လျှောက်သွားဖို့လုပ်သဖြင့် ကျွန်တော်သူမလက်မောင်းကိုဆွဲထားလိုက်ရသည်။

"တို့ စကားပြောချင်လို့စောင့်နေတာ"

သူမ မဲ့ပြုံးကလေးပြုံးလိုက်၏။

"လာ . . လမ်းလျှောက်ရင်းစကားပြောကြရအောင်နော်"

သူမ ဘာမှမပြော။ ကျွန်တော့်ဘေးမှငြိမ်ငြိမ်ကလေးလိုက်လာသည်။ အပြင်မှာမိုးရွာနေလေပြီ။ ကျွန်တော့်မှာ ဘာထီးမှမပါလာ။ သူမက ခေါက်ထီးသေးသေးလေးထုတ်ပြီး ကျွန်တော့်ကိုပေးသဖြင့် ထီးကိုဖွင့်လိုက်သည်။

"လာလေ . ."

သူမ ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းခါသည်။ ပတ်ဝန်းကျင်မှာ မည်သူမျှမရှိတော့။

"တို့ကိုခွင့်လွှတ်ပါမိုး . . ဟိုနေ့တွေက မိုးတို့ကိုစောင့်နိုင်းပေမယ့် . . တို့စောင့်မနေမိခဲ့ဘူး . . နောက်ပြီး နီဟိန်းနဲ့မိုးတပူးပူးတတွဲတွဲဖြစ်နေတာကိုလည်း တို့အထင်လွဲမိခဲ့တယ် . ."

"တို့အဲဒီနေ့က မင်းဆွေလတ်ကို အဲဒီအကြောင်းတွေရှင်းပြမလို့ . ."

ကျွန်တော် သူမလက်ကလေးကိုလှမ်းဆွဲလိုက်ရာ ထီးအောက်ရောက်လာသည်။ ကျွန်တော်တို့နှစ်ယောက် မိုးရေတွေထဲသို့ကလေးတစ်ချောင်းတည်းနှင့်ထွက်ခဲ့၏။

"မိုးတို့နှစ်ယောက်ကြားမှာ အနှောင့်အယှက်မဖြစ်ချင်လို့ . . ပြီးတော့ နောက်ကျခဲ့ပြီထင်လို့ . ."

"ချစ်အားငယ်ရသူမယ်လုပ်နေတာပေါ့ ဟုတ်လား"





"မိုး . . ."

"ဟင် . ."

ကျွန်တော့်ကိုပြန်ကြည့်သော မျက်လုံးလေးသည် ရွှန်းလဲ့နေ၏။

"စာဖတ်ပြီးပြီမဟုတ်လား ဟင် . ."

ရှက်ပြုံးပြုံး၏။ ဘာမှမဖြေ။

"တို့သိပါရစေ . ."

ခေါင်းငုံ့သွား၏။ မိုးပေါက်တွေက ထီးပိတ်သားပေါ်သို့ အရှိန်ပြင်းပြင်းဖြင့်ကျနေ၏။ ကျွန်တော် သူမ၏အေးစက်နေသော လက်ကလေးကိုကိုင်လိုက်သည်။

"မိုး . ."

မျက်လွှာပင့်ကြည့်သည်။ ချစ်သူမျက်နှာ၏အလှဆုံးသော မျက်ဝန်း။

"မိုးကိုတို့သိပ်ချစ်တယ် . . တစ်သက်လုံးချစ်မယ်နော် . ."

နှုတ်ခမ်းထောင့်ကလေး ကွေးသည်ဆိုရုံမျှပြုံး၏။

"မိုးကို တို့သိပ်ချစ်တယ်ဆိုတာ ယုံလားဟင် . ."

ခေါင်းညိတ်၏။

"ဒါဆို မိုးကလည်း တို့ကိုသိပ်ချစ်တယ်ဆိုတာ ယုံလိုက်တော့မယ်နော် . ."

ကျွန်တော့်လက်ကို မနာအောင်ဆိတ်သည်။ ပီတိအဟုန်ဖြင့် တစ်ကိုယ်လုံးလွတ်လပ်ပေါ့ပါးလာသည်။ ကျွန်တော်တို့နှစ်ယောက်လုံး၏ ကိုယ်ပေါ်သို့မိုးရေစက်များ ကျလာသော်လည်းမမှုကြ။ မိုးကောင်းကင်သည် ခဲသားရောင်သန်းနေဆဲပင်ဖြစ်၏။

"စာမေးပွဲနောက်ဆုံးနေ့က စာမေးပွဲဖြေဖို့ခေါင်းလောင်းထိုးတဲ့အချိန်အထိ မင်းဆွေလတ်ရောက်မလာသေးဟော့ တို့စိတ်ပူလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတာ . . နောက်ပြီးရောက်မယ့်ရောက်လာတော့လည်း သွေးတွေနဲ့ဆိုတော့ လူကိုထူပူသွားတာပဲ . . အဖြစ်အပျက်အားလုံးကိုလည်း သိလိုက်ရရော စိတ်ထဲမှာတစ်မျိုးပဲ . . သနားလည်းသနားသွားတယ် . . နောက်ပြီး . ."

"ချစ်လည်း ချစ်သွားတယ်မဟုတ်လား . ."

"အောင်မယ် . . သူ့ကိုဘယ်သူကချစ်တယ်ပြောသေးလို့လဲ"

ကျွန်တော်ရယ်လိုက်မိသည်။ မိုးက ကျွန်တော့်ကိုမျက်စောင်းထိုး၏။ ချစ်သူနှစ်ယောက်သည် မိုးရေထဲမှာ ရည်ရွယ်ချက်မရှိ လျှောက်ကြ၏။



ဆယ်တန်းအောင်စာရင်းတွေထွက်သော် ကျွန်တော်တို့အုပ်စုအားလုံးအောင်ကြပါသည်။ မိုးရတီဇော်က ဂုဏ်ထူးငါးဘာသာ၊ နီဟိန်းက ဂုဏ်ထူးငါးဘာသာ။ ကျွန်တော်က လေးဘာသာ။ စည်သူ၊ ဝဏ္ဏ၊ အေးအေးစိုးတို့က တစ်ဘာသာစီ။ မင်းမင်း၊ သင်းလဲ့ဝါတို့က နှစ်ဘာသာစီ။ အောင်ကျော်စိုးလည်း ဂုဏ်ထူးတစ်ဘာသာနှင့်အောင်ပါသည်။ တက္ကသိုလ်ဝင်ခွင့်တွေလျှောက်ထားကြသောအခါ မိုးရတီဇော်တစ်ယောက်တည်းသာ ဆေးတက္ကသိုလ်ဝင်ခွင့်ရပြီး ကျွန်တော်ကတော့ မွေးမြူရေးဘက်ဆိုင်ရာဆေးတက္ကသိုလ်သို့သာ ဝင်ခွင့်ရခဲ့သည်။

မင်းမင်းနှင့်သင်းလဲ့ဝါတို့က ကွန်ပျူတာတက္ကသိုလ်သို့ဝင်သွား၏။

"အဲ့ရောကွာ . . မိုးရတီဇော်က လူ့ဆရာဝန်ဖြစ်ပြီး မင်းကတော့ တိရစ္ဆာန်ဆရာဝန်ဖြစ်သွားတော့ . . မင်းတို့ မွေးလာမယ့်ကလေးတွေကလူတစ်ပိုင်းတိရစ္ဆာန်တစ်ပိုင်းလေးတွေဖြစ်လာလိမ့်မယ်ထင်တယ် . ."

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကြီးတော်ကြီးပဲ အဲဒီလိုဖြစ် . ."

"နှမြောစရာကောင်းတာက နီဟိန်းပဲကွ . ."

နီဟိန်းစက်ဘီးရောက်သွားသည်မှာ တစ်လလောက်ပင်ရှိခဲ့တော့မည်။

"ငါတို့ကတော့ ရိုးရိုးဝိဇ္ဇာသိပ္ပံပဲဝင်လို့ ဘာမှစိတ်မပျက်ကြနဲ့ သူငယ်ချင်းတို့ . . ဟဲ ဟဲ . . ဟိုတစ်ခါငါပြောထားတာမှတ်မိတယ်မဟုတ်လား . ."

အေးအေးစိုးကလည်း သူ့ကျောကိုထုလေသည်။ အေးအေးစိုးနှင့်စည်သူလည်း ရည်းစားဖြစ်သွားကြလေပြီ။ ကျွန်တော်တို့အားလုံးသည် နောက်လိုက်ပြောင်လိုက်ပျော်ရွှင်လိုက်နှင့်ပင် တစ်နှစ်တစ်တန်း အောင်ခဲ့ကြသည်။



(၁၂)

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် နောက်ဆုံးနှစ်အရောက်မှာပင် မိုးရတီဇော်နှင့်ကျွန်တော် လက်ထပ်လိုက်ကြသည်။ ကျွန်တော်တို့နှစ်ယောက်၏ချစ်သူဘဝကို သိပ်မကြာမီပင် မိဘတွေသိသွားကြသည်။ မိုးရတီဇော်ကတော့ ကျွန်တော့်ထက်ပို၍ပင် သတ္တိရှိသည်ဟုပင်ပြောရပါလိမ့်မည်။ ကျွန်တော်နှင့်ချစ်ကြိုက်နေကြောင်းကို မိုးရတီဇော်က ရက်သတ္တတစ်ပတ်အပြည့်တွင် သူမ၏မိခင်အားဖွင့်ပြောလိုက်သည်။

ကျွန်တော်ကတော့ ဖေဖေနှင့်မေမေကို တစ်လကျော်လောက်ကြာမှ ဖွင့်ပြောမိပါသည်။

"ဖေဖေမေမေတို့အနေနဲ့ ဒီကိစ္စကိုဘာမှအပြစ်ပြောစရာမရှိပါဘူး သား . . ကလေးမလေးဟာလည်း သားနဲ့ရင်းနှီးပြီးသားသူငယ်ချင်း ... သူ့မိဘတွေကလည်း ဘာမှမပြောကြဘူးဆိုတော့ ဖေဖေတို့လည်း သဘောတူပါတယ် . . တစ်ခုပဲ ဖေဖေပြောချင်တယ် . . အရွယ်မတိုင်ခင်တော့ အိမ်ထောင်ပြုဖို့မစဉ်းစားနဲ့ဦး . . အေး

www.burmeseclassic.com



. . သင့်တင့်တဲ့အရွယ်ရောက်ရင် ဖေဖေတို့ကိုယ်တိုင်အားလုံးစီမံပေးမယ် . . ”

ထို့နောက်ပိုင်းကာလများတွင် မိုးရတီဇော်ကို ကျွန်တော်က အိမ်ခေါ်လာပြီး ဖေဖေမေမေတို့နှင့်ပေးတွေ့မိသလို မိုးရတီဇော်က လည်း ကျွန်တော့်ကိုသူမ၏အိမ်ခေါ်သွားပြီး သူမ၏မိဘတွေနှင့်ပေးတွေ့ပါသည်။ ကျွန်တော်တို့နှစ်ယောက်၏ချစ်သူဘဝသည် ကြည်နူးချမ်းမြေ့မှုများဖြင့် အတိုင်းသားကဲ့သို့ ချစ်သူတို့ဘာသာဘာဝ စိတ်ကောက်မှုများ၊ အလိုမပြည့်မှုများလည်း ရှိခဲ့ပါသည်။

ထိုသို့သောအခြေအနေများကြားမှ ဖေဖေနှင့်မေမေက ကျွန်တော်တို့နှစ်ယောက်ကို လူကြီးချင်းစေ့စပ်ဆွေးနွေးပြီး လက်ထပ်ပေးခဲ့ခြင်းဖြစ်သည်။

“မောင့်အတွက်တော့ အတိုင်းထက်အလွန်ပျော်တယ် မိုး . . တစ်ယောက်တစ်ကွဲစီ တက္ကသိုလ်တက်နေကြရတာဆိုတော့ စိတ်ထဲမှာတစ်မျိုးပဲ . . ”

“တော်ပါ . . မိုးအပေါ်စိတ်မချဖြစ်ပြီး သဝန်တိုနေတာမဟုတ်လား . . ”

“သဝန်တိုတာတော့ မဟုတ်ပါဘူး မိုးရဲ့ . . ဘယ်လိုပြောရမလဲဆိုတော့ စိတ်မချတာပါ . . ဆေးတက္ကသိုလ်မှာက ဆရာဝန်လောင်းတွေများတယ် မဟုတ်လား . . နောက်ပြီး သူတို့တွေက ဆရာဝန်တွေလေ . . မောင်တို့ကျတော့ . . ဟဲ ဟဲ . . ”

သူမက ချစ်စဖွယ်မျက်စောင်းထိုးလေသည်။

“ကဲပါ . . အပိုတွေလျှောက်ပြောမနေနဲ့ . . အခုတော့ ကျေနပ်ပြီမဟုတ်လား . . ”

“အင်း . . တကယ်က မောင်လည်းမိုးလိုပဲ ဆေးတက္ကသိုလ်အတူတူတက်ခွင့်ရရင်ကောင်းမယ်နော် . . အဲဒါဆိုရင် ဘွဲ့လွန်သင်





တန်းတွေ မောင်တို့နှစ်ယောက်အတူတူဆက်တက် . . ဘယ်လောက်ပျော်ဖို့ကောင်းမလဲ . . ”

“မောင်က . . အဲဒီလို မိုးနဲ့အတူတူဆေးတက္ကသိုလ်တက်ခွင့်ရရင် ဘယ်လိုဘွဲ့လွန်သင်တန်းမျိုးတွေတက်ချင်လို့လဲ . . ”

“ဟဲ . . ဟဲ စည်သူတို့ပြောသလို သားဖွားမီးယပ်ပဲပေါ့ . . ”

“ဒြော် . . အတော့်ကို သားဖွားချင်နေတယ်ပေါ့ . . ”

“ဟဲ . . ဟဲ . . ”

မိုးက ကျွန်တော့်ပခုံးကိုဖြန်းခနဲလှမ်းရိုက်၏။ မင်္ဂလာဧည့်ခံပွဲ၌ ကျွန်တော်တို့နှစ်ယောက်စလုံးပင်ပန်းခဲ့ကြပါသည်။ မိုးသည်ကြွေရုပ်ကလေးတစ်ရုပ်နှယ်ချောမောလှပပါသည်။ ကျွန်တော်တို့နှစ်ယောက်၏ မင်္ဂလာဧည့်ခံပွဲသို့ နှစ်ဖက်သောမိဘမိတ်သင်္ဂဟများ၊ သူငယ်ချင်းအပေါင်းအသင်းများစုံလင်စွာ ကြွရောက်ချီးမြှင့်ကြပါသည်။ ဟိုကောင်တွေကတော့ သူတို့အတွက်လူပျိုညအထိမ်းအမှတ်လုပ်ပေးစေချင်ကြသည်။ သို့သော် ကျွန်တော်က ပင်ပန်းနေပြီဖြစ်၍တစ်ကြောင်း၊ နောက်ပြီး မင်္ဂလာဦးညဖြစ်၍တစ်ကြောင်း (ဟဲဟဲ) ဘယ့်နှယ့်ဗျာ မင်္ဂလာဦးညမှာ အဲဒီလူပျိုညအထိမ်းအမှတ်သောက်ကြ၊ စားကြတာက သေသေချာချာတွေးကြည့်တော့ ဘာမှအဓိပ္ပါယ်မရှိပါ။ ထို့ကြောင့် သည်ကောင်တွေကိုပိုက်ဆံသာထုတ်ပေးပြီး မြန်မြန်ပြန်ခိုင်းလိုက်ရသည်။

လောလောဆယ်တော့ ကျွန်တော်တို့ဘွဲ့လွန်မရသေးခင်အထိတော့ ကျွန်တော်တို့နှစ်ယောက်သီးသန့်အိမ်ခွဲမနေသေးပဲ ကျွန်တော့်အိမ်မှာသာနေကြပါမည်။ မိုးကတော့ မည်သို့နေသည်မသိ၊ ကျွန်တော်ကတော့ ရင်ခုန်လှုပ်ရှားနေမိလေသည်။ လက်ဖွဲ့ပစ္စည်းတွေထဲမှာ နီဟိန်းလက်ဖွဲ့လိုက်သော လက်ဖွဲ့ကိုလည်းတွေ့ရပါသည်။ ကျွန်တော်တို့လက်ထပ်မည့်သတင်းကို သူ့အိမ်မှတစ်ဆင့် သူသိသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး စက်ာပူမှပေးသော လက်ဖွဲ့ဟုဆိုပါသည်။

လှပသော နာရီလေးတစ်လုံးဖြစ်သည်။

"ကဲ . . ညဉ့်နက်ပြီ မိုးရယ် အိပ်ကြစို့ . . ."

"အို . . ဘယ်လိုဖြစ်နေတာလဲ . . ဒီမှာလက်ဖွဲ့တွေကြည့်လို့ မပြီးသေးဘူး . ."

"ဟာ . . မနက်မှကြည့်ပါ မိုးရယ် . ."

မိုးသည် ကျွန်တော့်ကိုမျက်စောင်းထိုးပြီး နာရီလှမ်းကြည့်သည်။ ညဆယ့်တစ်နာရီထိုးတော့မည်။ ထိုအခါမှ သူမလက်ထဲက လက်ဖွဲ့ပစ္စည်းတွေကိုအောက်ချသည်။ ပြီးတော့ ကျွန်တော့်လက်ကို လှမ်းဆွဲ၍ . . .

"ကဲ . . ထ . ."

"ဟင် . . ဒီဒွီ လာ . . ဘုရားမရှိခိုးပဲ အိပ်မလို့လား . ."

"ဟဲ ဟဲ . . မနက်မှရှိခိုးပါ မိုးရယ် . ."

"မရဘူးထ . ."

သူမဆွဲခေါ်ရာသို့ ကျွန်တော့်မှာ ကန့်လန့်ကန့်လန့်ပါလာရသည်။ ကျွန်တော်တို့နှစ်ယောက်ဘုရားခန်းထဲမှာ ယှဉ်တွဲ၍ထိုင်မိသည်။ ကျွန်တော်တို့အတူ ဘုရားရှိခိုးကြပါသည်။ ကျွန်တော်ကတော့ ဘုရားရှိခိုးတာ ဘာမှသိပ်မကြာသော်လည်း မိုးကတော့ အတော်ကြာပါသည်။ ဘုရားရှိခိုးပြီးသော် ဧည့်ခန်းထဲမှာရှိသော ဖေဖေမေမေတို့ကို သွားကန်တော့ကြပြန်သည်။

"မိုး . . မိဘတွေကိုရော သွားကန်တော့မလို့လား ဟင်"

"အို . . ညကြီးမိုးချုပ်ဘယ်လိုလုပ်သွားကန်တော့မလဲ။မောင့်ဖေဖေနဲ့မေမေကတော့ တစ်အိမ်တည်းဆိုတော့ ကန်တော့ရမှာ ပေါ့"

ကျွန်တော်တို့နှစ်ယောက် အိပ်ခန်းထဲပြန်ရောက်ခဲ့ကြသည်။ ကျွန်တော်ခုတင်ပေါ်မှာထိုင်လိုက်သောအခါ မိုးကကျွန်တော့်ရှေ့မှာ





ကျုံ့ကျုံ့လေးထိုင်ပြီး ကျွန်တော်မည်သို့မျှမထင်မှတ်ထားသော အလုပ်ကိုလုပ်လေတော့သည်။ ကျွန်တော်ငယ်စဉ်ကတည်းက တောင့်တမိခဲ့သောမြင်ကွင်း။ မိုးသည် လက်အုပ်ကလေးချီပြီး ကျွန်တော့်ကို ကန်တော့နေခြင်းပင်ဖြစ်ပါသည်။

ကန်တော့ပြီးသောအခါ မှတ်သားဖွယ်ရာကောင်းသော စကားအချို့ကိုဆက်ပြော၏။

"ကိုရင်ဝတ်တုန်းက ကန်တော့တာနဲ့မတူဘူးနော် မောင် . . အခုကန်တော့တာက မိုးရဲ့လင်သောကျွား . . အိမ်ဦးနတ်ကို ရိုသေတဲ့အနေနဲ့ကန်တော့တာ . . ချစ်သူ သူရဲကောင်းလို့ လေးစားလို့ ကန်တော့တာ . . ."

ရင်ထဲသို့ အေးစိမ့်စွာစီးဝင်သွားသော စကား။ ပခုံးပေါ်ဖရိုဖရဲကျနေသော မိုး၏ဆံစလေးတွေကိုကြည်နူးစွာဖြင့် ကျွန်တော်ကြည့်နေမိသည်။ ထိုအခိုက်မှာပင် မိုးကလည်း ကျွန်တော့်ကိုရွှန်းမြစွာပြန်ကြည့်၏။ အခန်းသည် ပကတိတိတ်ဆိတ်ငြိမ်သက်သွားလေသည်။

အစဉ်လေးစားလျက်

ကျော်ငြိမ်းဦး